# မြန်မာ့အလင်း

အတွဲ (၅၄)
အမှတ် (၂၆)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်    ၂၀၁၄ ခုနှစ်၊ အောက်တိုဘာ ၂၆ ရက်၊ တနင်္ဂနွေနေ့။


## နိုင်ငံတော်သမ္မတဦးသိန်းစိန် ဩစတြီးယားအမျိုးသားနေ့သဝဏ်လွှာများပေးပို့

**နေပြည်တော် အောက်တိုဘာ ၂၆**

၂၀၁၄ ခုနှစ် အောက်တိုဘာ ၂၆ ရက်တွင် ကျရောက်သော ဩစတြီးယားသမ္မတနိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဩစတြီးယားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဟိန်နဇ် ဖစ်ရှာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

*စာမျက်နှာ ၃ ကော်လံ ၅* ❁

# ခရီးသွားလုပ်ငန်းကြောင့် မြန်မာ့ဂျီဒီပီနှုန်းတိုးတက်နိုင်

**ရန်ကုန် အောက်တိုဘာ ၂၅**

မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်မှုသည် ၂၀၁၅ ခုနှစ် မတ် ၃၁ ရက်တွင် ကုန်ဆုံးမည့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဂျီဒီပီတိုးတက်မှုနှုန်း ၇ ဒသမ ၈ ရာခိုင်နှုန်း အထိရှိလာနိုင်ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်(အေဒီဘီ) က ထုတ်ပြန်သောသတင်း၌ ဖော်ပြသည်။

စီးပွားရေးတိုးတက်မှုဖြစ်ပေါ်စေရန် အဓိကကဏ္ဍများ အနက် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ခရီးသွား လုပ်ငန်းတို့တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တိုးလာခြင်းအပြင် ဆက်သွယ်ရေးကဏ္ဍနှင့် လျှပ်စစ်ကဏ္ဍများတွင်လည်း အလားအလာကောင်းများ ရှိနေသည်။

မြန်မာနိုင်ငံ၏ ငွေကြေးဈေးကွက်အတွင်း နိုင်ငံခြား

**သတင်း-ဝေယံဦး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

ဘဏ်များ ဝင်ရောက်လုပ်ကိုင်ရန် ခွင့်ပြုခြင်းသည် တိုးတက်မှုကိုဖြစ်ပေါ်စေမည့် ပြိုင်ဆိုင်မှုတစ်ရပ်အဖြစ် ရောက်ရှိလာနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ ဆက်သွယ်ရေး

*စာမျက်နှာ ၈ ကော်လံ ၁* ✪



## တယ်လီနောဆင်းကတ် တစ်သန်း ရန်ကုန်တွင်စရောင်းပြီ

**သတင်း-ဉာဏမိုးမြင့်၊ ဓာတ်ပုံ-မေဦးမိုး**

**ရန်ကုန် အောက်တိုဘာ ၂၅**

ဆက်သွယ်ရေး အော်ပရေတာ လိုင်စင်ရယူထားသော တယ်လီနောမြန်မာမှ ငွေကျပ် ၁၅၀၀ တန် ဆင်းကတ်များကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်အတွင်း အောက်တိုဘာ ၂၆ ရက် နံနက် ၇ နာရီမှ စတင်ဖြန့်ဖြူးရောင်းချပေးမည်ဖြစ်ကြောင်း မိုဘိုင်းလ်ဖုန်း အရောင်းဆိုင်များမှ သိရှိရသည်။

စက်တင်ဘာ ၂၇ ရက်တွင် မန္တလေးမြို့၌ စတင်ရောင်းချပေးခဲ့ပြီး နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်လည်း ဆက်လက်ရောင်းချပေးနေရာမှ တစ်လခန့်အကြာ အောက်တိုဘာ ၂၆ ရက်တွင် ရန်ကုန်၌ စတင်ဖြန့်ဖြူးရောင်းချပေးခြင်းဖြစ်သည်။

"ရန်ကုန်အတွက် ဆင်းကတ်တစ်သန်း ရောင်းချပေးဖို့လျာထားတယ်။ တာဝါတိုင်ဆက်သွယ်မှု လိုအပ်ချက်တွေကြောင့် ကွန်ရက်တည်ငြိမ်ဖို့အတွက် အချိန်ယူလုပ်ဆောင်ထားပါတယ်။ ဝယ်ယူသူတွေအနေနဲ့ ဆိုင်တွေမှာ ငွေ ၁၅၀၀ ထက်မပိုတဲ့နှုန်းနဲ့ ဝယ်ယူနိုင်ပါတယ်" ဟု တယ်လီနောမြန်မာ၏ အမှုဆောင်အရာရှိချုပ် ပစ်တာက မြန်မာ့အလင်းသို့ ပြောကြားသည်။

မန္တလေးနှင့် နေပြည်တော်တို့တွင် မှတ်ပုံတင်တစ်ခုလျှင် သုံးခုနှင့် နှစ်ခုစသည်ဖြင့် ရောင်းချခဲ့သော်လည်း ရန်ကုန်တွင်မူ မှောင်ခိုဈေးကွက်ကို ကာကွယ်ရန် မှတ်ပုံတင်တစ်ခုလျှင် ဆင်းကတ်တစ်ကတ်သာ ရောင်းချပေးမည်ဖြစ်ကြောင်း၊ ဆင်းကတ်ဝယ်ယူပါက ငွေဖြည့်ကတ်ကိုပါ တွဲဖက် ဝယ်ယူရမည်ဖြစ်ကြောင်း၊ ဆင်းကတ်ပျက်စီးပါက ငွေကျပ် ၁၅၀၀ ဖြင့် နေ့မကူးမီ ပြန်လည်ထုတ်ယူနိုင်သော်လည်း မိမိပိုင်ဆိုင်ကြောင်း ဝယ်ယူသည့်အခါ တိကျစွာဖြည့်စွက်ထားမှသာ ပြန်လည်ရရှိမည်ဖြစ်ကြောင်း တာဝန်ရှိသူများထံမှ သိရသည်။

မြန်မာ့ဆက်သွယ်ရေး ဆင်းကတ်များ၊ အမ်အီးစီ

*စာမျက်နှာ ၉ ကော်လံ ၁* ❒

**ယနေ့ မာတိကာ**


အီရတ်ကာ့ဒ်တပ်ဖွဲ့ဝင်များကို လာမည့် ရက်သတ္တပတ်တွင် ကိုဘာနီသို့ စေလွှတ်မည် — စာ ၄

အိမ်ဖြူတော်ခြံစည်းရိုး ကျော်တက်သူ စိတ်ရောဂါရှင် ဖြစ်ဖွယ်ရှိ — စာ ၅

အသတ်အကြောင်း (ဆောင်းပါး) — စာ ၆

နိုင်ငံတကာအဆင့်မီ လေကြောင်းလိုင်းဖြစ်ရန် မြန်မာ့ လေကြောင်းမှ ပြင်ဆင် ပြောင်းလဲမှုများပြုလုပ် — စာ ၁၁

ကျန်းမာရေးအကျိုးပြုသည့် ပြင်ဦးလွင်ဒေသထွက် စတော်ဘယ်ရီသီး — စာ ၁၂

ပေါ်လ်ပေါ့ဘာကို ထပ်မံစာချုပ် — စာ ၁၃

ကလောမြို့နယ်၌ တရားမဝင် ဘိန်းစိုက်ခင်း ၃၈ ကေကျော် ပူးပေါင်းဖျက်ဆီး — စာ ၁၅




ရန်ကုန်-ပဲခူး-မန္တလေး ပြည်ထောင်စုလမ်းမကြီး ရေတာရှည်-ပျဉ်းမနား-ရမည်းသင်းလမ်းအပိုင်းတွင် အေးရှားဝေါ်လ်ကုမ္ပဏီက စက်ကြီးများဖြင့် လေးလမ်းသွားလမ်းချဲ့လုပ်ငန်းဆောင်ရွက်နေစဉ်။

# ရန်ကုန်-ပဲခူး-မန္တလေး ပြည်ထောင်စုလမ်းမကြီး လေးလမ်းသွားအဆင့်မြှင့်တင် ရေတာရှည်-ပျဉ်းမနား-ရမည်းသင်းအပိုင်း အေးရှားဝေါ်လ်က တာဝန်ယူဆောင်ရွက်

**သတင်းနှင့်ဓာတ်ပုံ-ခရမ်းစိုးမြင့်**

**နေပြည်တော် အောက်တိုဘာ ၂၅**

ရန်ကုန်- ထောက်ကြံ့- ပဲခူး-တောင်ငူ-ပျဉ်းမနား-ပျော်ဘွယ်-မိတ္ထီလာ-မန္တလေး ပြည်ထောင်စုကားလမ်းမကြီးသည် ရန်ကုန်မှ မန္တလေးအထိ ၄၃၅ မိုင်ရှည်လျားသည့် မြန်မာနိုင်ငံရှိ အရှေ့အနောက်-တောင်မြောက်လမ်းမကြီး ၈၁ လမ်းအနက်မှ တောင်နှင့် မြောက်သွယ်တန်းဖောက်လုပ်ထားသော လမ်းမကြီးတစ်လမ်းဖြစ်ပြီး အာရှလမ်းမကြီးအဖွဲ့ဝင်အမှတ် AH-1 ဖြစ်သည့် ထိုအဝေးပြေး လမ်းမကြီးကို ယခုအခါ ပြည်ထောင်စုအစိုးရဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ပြည်တွင်း ဆောက်လုပ်ရေးကုမ္ပဏီ ခုနစ်ခုကို လက်ရှိ နှစ်လမ်းသွားမှ လေးလမ်းသွားအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ရန် ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှစ၍ BOT စနစ်ဖြင့် လုပ်ငန်းများအပ်နှံဆောင်ရွက်လျက်ရှိသည်။

မူလနှစ်လမ်းသွားမှ လေးလမ်းသွားအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ရန် လုပ်ငန်းများအပ်နှံတာဝန်ပေးထားသောကုမ္ပဏီများမှာ မက်(စ်)မြန်မာကုမ္ပဏီက ရန်ကုန်-ထောက်ကြံ့မှ ပဲခူးအထိ ၃၂ မိုင် ၆ ဖာလုံ၊ ရွှေသံလွင်ကုမ္ပဏီက ပဲခူးမှ ညောင်လေးပင် ၄၈ မိုင်၊ ဟိုက်စတားကုမ္ပဏီက ညောင်လေးပင်မှ ဇေယျဝတီ ၄၈ မိုင်၊ ကမ္ဘောဇလမ်းကြောင်းရှာဖွေရေး စက်မှုလုပ်ငန်းများကုမ္ပဏီက ဇေယျဝတီမှ ရေတာရှည်အထိ ၄၈ မိုင်၊ အေးရှားဝေါ်လ်ကုမ္ပဏီက

*စာမျက်နှာ ၈ ကော်လံ ၃* ❄

**ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိ**

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ဆေးယဉ်ပါးမှုများ သတိပြုစရာ

လူတို့သည် နာမကျန်းဖြစ်သည့်အခါ ဆေးဝါးတို့ကို လိမ်းဆေး၊ ထိုးဆေး၊ သောက်ဆေး အစရှိသဖြင့် ဆေးတစ်မျိုးမျိုးကို မိမိတို့၏ရောဂါအပေါ်မူတည်၍ အဆင်ပြေညီညွတ်စွာ သုံးစွဲတတ်ကြရပါသည်။ မြန်မာစကားတွင် ''တန်ဆေး၊ လွန်ဘေး'' ဟူသော စကားရှိပါသည်။ ရောဂါတစ်စုံတစ်ရာအတွက် မည်မျှပင်ကောင်းသည့် ဆေးဝါးဖြစ်စေကာမူ အတိုင်းအဆလွန်ကဲလျှင် ဘေးဖြစ်တတ်ကြောင်း အသိပေးထားခြင်း ဖြစ်ပါသည်။

ရောဂါတစ်ခုအတွက် လိုအပ်ချက်အရ ဆေးထိုး၊ ဆေးသောက်လုပ်ခြင်းဖြင့် ရောဂါမှသက်သာပျောက်ကင်းနိုင်သကဲ့သို့ မလိုအပ်ဘဲ ဆေးထိုး၊ ဆေးသောက်လုပ်ခြင်းသည်လည်း ဘေးထွက်ဆိုးကျိုးများကြောင့် ဘေးအန္တရာယ်တစ်ခုခုဖြစ်လာနိုင်သည်ကို သတိပြုသင့်ပါသည်။ ဆေးဝါးတစ်မျိုးမျိုးကို ပုံမှန်သုံးစွဲလာသည့်အလျောက် ဆေးယဉ်ပါးမှုပြဿနာများ ဖြစ်ပွားလျက်ရှိပါသည်။ ဆေးယဉ်ပါးမှုဆိုသည်မှာ ရောဂါတစ်ခုခုအတွက် ဆေးဝါးများသုံးစွဲရာတွင် ဆရာဝန်ညွှန်ကြားချက်မရှိဘဲ စနစ်တကျသုံးစွဲခြင်းမရှိခြင်းကြောင့် ဆေးအာနိသင်ထိရောက်မှုမရှိတော့ခြင်းဖြစ်ပါသည်။ တစ်နည်းဆိုလျှင် ဆေးမတိုးတော့ခြင်း ဖြစ်ပါသည်။ ဤသို့ ဆေးယဉ်ပါးမှုဖြစ်လာလျှင် ဆေးမတိုးတော့၍ နာတာရှည်ရောဂါအဖြစ်ခံစားပြီး နောက်ဆုံး အသက်အန္တရာယ် ဆုံးရှုံးသည်အထိ ဖြစ်နိုင်ပါသည်။

ကမ္ဘာပေါ်တွင် ဆေးယဉ်ပါးမှုအဖြစ်အများဆုံးရောဂါမှာ တီဘီရောဂါဖြစ်ကြောင်း ပညာရှင်တို့က လေ့လာတွေ့ရှိထားပါသည်။ တီဘီရောဂါဝေဒနာရှင်အချို့သည် သုံးစွဲရမည့်တီဘီဆေးဝါးများကို စနစ်တကျ ဆရာဝန်ညွှန်ကြားသည့်အတိုင်း ဆောင်ရွက်နိုင်ခြင်းမရှိသည့်အတွက် ဆေးယဉ်ပါးမှုနှင့် ရင်ဆိုင်ကြရပါသည်။ ကျွန်ုပ်တို့နိုင်ငံတွင်လည်း တီဘီဆေးယဉ်ပါးသူ ၉၀၀၀ ခန့်ရှိကြောင်း ကျန်းမာရေးသတင်းများအရ သိရသည်။

ဆေးဝါးများနှင့်ပတ်သက်ပြီး ကြောင်းကျိုးညီညွတ်စွာ အသုံးပြုခြင်းဖြစ်စေရန် အလွန်အရေးကြီးကြောင်း၊ ဆေးယဉ်ပါးမှုကြောင့် ငွေကုန်ကြေးကျများခြင်းနှင့် ဘေးထွက်ဆိုးကျိုးများ ခံစားရခြင်းတို့ ကြုံတွေ့ကြရမည်ဖြစ်ပါကြောင်း၊ ဆေးယဉ်ပါးမှုအန္တရာယ်မှကာကွယ်နိုင်ရန် ဆေးဝါးညွှန်းသူများ၊ ဆေးဝါးရောင်းချသူများ လိုက်နာရမည့်စည်းကမ်းများကိုသိရှိစေပြီး လိုက်နာမှုရှိ၊ မရှိ ပြန်လည်ဆန်းစစ်ပြီး လိုအပ်ပါက အရေးယူခြင်းတို့ကို ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဝင်းမြင့်က ဆေးဝါးထုတ်လုပ်၊ ဝယ်ယူ၊ ရောင်းချ၊ ဖြန့်ဖြူးခြင်း အခြေအနေများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲတွင် ပြောကြားခဲ့ပါသည်။

သို့ပါ၍ ဆေးယဉ်ပါးမှုကြောင့် ဘေးထွက်ဆိုးကျိုးများ မခံစားကြရစေရန် ဆေးဝါးထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများ၊ လက်လီဆေးအရောင်းဆိုင်များ၊ စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်သင့်သလို ပြည်သူများအနေဖြင့်လည်း ဆေးဝါးများသုံးစွဲရာတွင် စနစ်တကျ သုံးစွဲသင့်ပါကြောင်း။ ။

## ပြည်တွင်းသတင်း

# မြောင်းမြမြို့နယ် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းရှိ ဒေသခံကျောင်းသား ကျောင်းသူများအား မိုးပွင့် အဆင့်(၆) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ၂၅**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် တာဝန်ရှိသူတို့နှင့်အတူ အောက်တိုဘာ ၂၀ ရက် နံနက် ၁၁ နာရီခွဲက ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့ရှိ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းတွင် မြောင်းမြမြို့နယ် ဦးစီးဌာနမှူးရုံးမှ ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေး ကတ်ပြားများကို မိုးပွင့်အဆင့်(၆) စီမံချက်ဖြင့် ကွင်းဆင်း ထုတ်ပေးဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို သတ်မှတ်နှုန်းထားအတိုင်း လွယ်ကူလျင်မြန်စွာ ရရှိရေးအတွက် မိုးပွင့် စီမံချက်များဖြင့် စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ နိုင်ငံသားစိစစ်ရေး ကတ်ပြားသည် နိုင်ငံသားတစ်ဦးအတွက် နိုင်ငံသားအခွင့်အရေး အပြည့်အဝရရှိရန် အထောက်အထားတစ်ခု ဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းစဉ်သည် ဥပဒေလုပ်ထုံးလုပ်နည်း၊ မျိုးရိုးစဉ်ဆက်၊ မှတ်တမ်းမှတ်ရာများအပေါ် အခြေခံဆောင်ရွက်ရသဖြင့် ကွင်းဆင်းဆောင်ရွက်ရာတွင် လုပ်ငန်းဆိုင်ရာ အခက် အခဲများရှိနိုင်ပါကြောင်း၊ သို့သော်လည်း ပြည်သူများ၏လိုအပ်ချက်ကို ထိရောက်စွာ ဖြည့်ဆည်းပေးနိုင်ရေးအတွက် ယခုကဲ့သို့ ဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်ပါကြောင်း၊ ယခုကျောင်းသား ကျောင်းသူများကို ဆောင်ရွက်ပေးရခြင်းမှာလည်း ပညာရေးဆိုင်ရာကဏ္ဍတွင် လိုအပ်ချက်ကို အထောက်အပံ့ဖြစ်စေလို၍ ဖြစ်ပါကြောင်း၊ ရရှိသည့်နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပျက်စီး ပျောက်ဆုံးမှုမရှိစေရေး စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းကြရန် လိုအပ်ကြောင်း ရှင်းလင်းပြော ကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပြုလုပ်ပြီးဖြစ်သော နိုင်ငံသားစိစစ်ရေးကတ်ပြားများအား သက်ဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းသားဟောင်းများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့တို့မှ လက်ဝယ်သို့ တိုက်ရိုက်ထုတ်ပေးနေမှုကို ကြည့်ရှုအားပေးကာ ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး မိသားစုက လှူဒါန်းသည့် ကွန်ပျူတာတစ်စုံနှင့် Sky Net ရုပ်သံဖမ်းစက် တစ်စုံအား ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်လှူဒါန်းပြီး ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ပြည်သူဗဟိုပြု ရဲလုပ်ငန်းစဉ် ဆင့်ပွားသင်တန်းဆင်း

**ရန်ကုန် အောက်တိုဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ(၂)၌ ပြည်သူလူထု ပူးပေါင်းပါဝင်သော ရဲလုပ်ငန်းစနစ် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရေးအတွက် နယ်မြေအတွင်း ကွပ်ကဲအုပ်ချုပ်ရသူ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ရဲစခန်းမှူးများအား ဖွင့်လှစ်ပို့ချပေးခဲ့သည့် ပြည်သူဗဟိုပြုရဲလုပ်ငန်းစနစ် ဆင့်ပွားသင်တန်း (ပထမအကြိမ်) သင်တန်းဆင်းပွဲ အခမ်းအနားကို အောက်တိုဘာ ၂၃ ရက် ညနေ ၄ နာရီခွဲက ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဝင်းနိုင်နှင့် Mr. David Hamilton တို့က သင်တန်းဆင်း အမှာစကားပြောကြားခဲ့ကြသည်။

ဆက်လက်၍ သင်တန်းဆင်း အရာရှိများကို တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးနှင့် ဒုတိယတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးတို့က သင်တန်းဆင်း လက်မှတ်များနှင့် Mr. David Hamilton က နှစ်နိုင်ငံအလံ ရင်ထိုးတံဆိပ်နှင့် အမှတ်တရလက်ဆောင်ပစ္စည်းများကို ပေးအပ်ခဲ့ကြသည်။

အဆိုပါ ဆင့်ပွားသင်တန်းများ ဆက်လက် ဖွင့်လှစ်ဆောင်ရွက်မည် ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




# မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေး မြေသားလမ်းဖောက်လုပ်နေမှုအား ကွင်းဆင်းစစ်ဆေး

**မင်းဘူး အောက်တိုဘာ ၂၅**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ဖောက်လုပ်သည့် စကု-အိုင်းမ မြေ သားလမ်း (၁၀/၀)မိုင်အား ၇၉ ဒသမ ၄၅ သန်းဖြင့် နန်းမြင့်သူကုမ္ပဏီက တာဝန်ယူဖောက်လုပ်လျက်ရှိသည်။

အဆိုပါ မြေသားလမ်းဖောက်လုပ်နေမှုကို အောက်တိုဘာ ၂၄ ရက် နံနက် ၁၀ နာရီက တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်တင်၊ မင်းဘူးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်လွင်၊ မြို့နယ်အထောက်အကူပြု ကော်မတီတို့က ကွင်းဆင်းစစ်ဆေးခဲ့ရာ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ဘုန်းလင်း၊ လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ)က လမ်းဖောက်လုပ်နေမှုနှင့် ပတ်သက်သော အချက်အလက်များကို ရှင်းလင်းပြသခဲ့သည်။

အဆိုပါ စကု-အိုင်းမ မြေသားလမ်းပေါ်တွင် ကျောက်ချောလမ်းပါ ခင်းမည်ဖြစ်ပြီး စကုမြို့နှင့် အိုင်းမ ကျေးရွာကြားတွင်တည်ရှိသည့် ကျေးရွာငယ်များမှ ပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး ၊ ပညာရေးနှင့် ကုန်စည်စီးဆင်းမှုများအတွက် အဆင်ပြေချောမွေ့သွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**



# မြန်မာနိုင်ငံသားများ ဘဏ်နှင့် ချိတ်ဆက်၍ အာမခံငွေဖြင့် ပဲမျိုးစုံရောင်းဝယ်မှုစနစ်သစ်အား ဆောင်ရွက်မည့်လုပ်ငန်းစဉ် ဖွင့်ပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၅**

ကုန်သွယ်မှုနှင့် စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေးအထူးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ကုန်စည်ဒိုင်၌ ကျင်းပသည့် မြန်မာနိုင်ငံသားများဘဏ်(ဘုရင့်နောင်ဘဏ်ခွဲ)ဖွင့်လှစ်သည့်အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ မြန်မာနိုင်ငံသားများဘဏ်(ဘုရင့်နောင်ဘဏ်ခွဲ)ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များဖြစ်ကြသည့် ဘဏ္ဍာရေးဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးသန်းမြင့်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး**(အောက်ယာပုံ)** ပြည်ထောင်စုဝန်ကြီးက ဘဏ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခြင်းနှင့် အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးပြီး ဘဏ်ခွဲအတွင်းသို့ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်ပြီး မြန်မာနိုင်ငံသားများဘဏ်နှင့်ချိတ်ဆက်၍ အာမခံငွေဖြင့် ပဲမျိုးစုံရောင်းဝယ်မှုစနစ်သစ်ကို ဆောင်ရွက်မည့်လုပ်ငန်းစဉ် ဖွင့်လှစ်ခြင်းအခမ်းအနားနှင့် မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၏ နိုင်ငံတစ်ဝန်းလုံးရှိ ကုန်စည်ဒိုင်များပါဝင်သည့် ဆွေးနွေးပွဲကျင်းပရာ၌ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံသားများဘဏ်သည် အများပိုင်ဘဏ်တစ်ခုဖြစ်ပြီး အစုရှယ်ယာအများစုကို အများပြည်သူများက ထည့်ဝင်ထား၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကလည်း အစုရှယ်ယာများပိုင်ဆိုင်ထားကြောင်း၊ ကုန်စည်ဒိုင်များတွင် ပဲမျိုးစုံအရောင်းအဝယ်ပြုလုပ်ကြရာ၌ လိမ်လည်မှု၊ အလွဲသုံးစားမှုများ မကြာခဏဖြစ်ပေါ်နေကြောင်း၊ ဖြစ်ပေါ်နေသည့် ငွေကြေးပမာဏ များလွန်းခြင်းကြောင့် ကုန်သည်လုပ်ငန်းရှင်များအပြင် ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်သည့် တောင်သူများအထိ ဆုံးရှုံးနစ်နာမှုများရှိနေကြောင်း၊ လေရောင်းလေဝယ်ဈေးကစားမှုများကို ထိန်းသိမ်းနိုင်ရန်အတွက် ပဲမျိုးစုံအရောင်းအဝယ်ပြုလုပ်ရာတွင် ရောင်းသူနှင့်ဝယ်သူ နှစ်ဖက်စလုံးက ကုန်ပစ္စည်းတန်ဖိုး၏ ၁၀ ရာခိုင်နှုန်းကို စပေါ်ငွေအဖြစ် ယခုဖွင့်လှစ်ပေးသည့် မြန်မာနိုင်ငံသားများဘဏ်ခွဲ၌ အပ်နှံ၍ အရောင်းအဝယ်ပြုလုပ်စေခြင်းဖြင့် မသမာမှုများကို အထိက်အလျောက် ထိန်းသိမ်းပေးသွားနိုင်မည် ဖြစ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် ထိစပ်နေသည့် နယ်စပ်ဒေသများတွင် ငြိမ်းချမ်းရေးလုပ်ငန်းများကို ဆောင်ရွက်နေပြီး ကုန်သွယ်မှုလုပ်ငန်းများကိုလည်း တိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်တွင်းရှိ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် စားသုံးသူများကို အကာအကွယ်ပေးနိုင်ရေးတို့အတွက် Mobile Team များကို ဖွဲ့စည်း၍ တရားမဝင်ကုန်သွယ်မှုများ လျော့နည်းအောင် ထိန်းသိမ်းဆောင်ရွက်လျက်ရှိနေကြောင်း၊ ပဲမျိုးစုံ ပြည်ပတင်ပို့ခြင်းမှ နှစ်စဉ် အမေရိကန်ဒေါ်လာ တစ်ဘီလီယံဝန်းကျင်သာ ရရှိနေသည့်အတွက် တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် တိုးမြှင့်ထုတ်လုပ်တင်ပို့ရောင်းချပြီး ပြည်ပဝင်ငွေပိုမိုရရှိအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မြန်မာ့ပဲမျိုးစုံ ပြည်ပတင်ပို့ခြင်းလုပ်ငန်းများကို ခေတ်မီကုန်သွယ်မှုစနစ်များနှင့်အညီ တိုးတက်ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်၊ ကုန်သွယ်မှုမြှင့်တင်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတိုးအောင်မြင့်၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းဥက္ကဋ္ဌ၊ ဘုရင့်နောင်ကုန်စည်ဒိုင်ဥက္ကဋ္ဌတို့က မြန်မာ့ပဲမျိုးစုံပြည်တွင်းရောင်းဝယ်မှုလုပ်ငန်းများ မှန်ကန်မှုရှိစေရေး၊ ပြည်ပတင်ပို့မှုလုပ်ငန်းများတိုးမြှင့်ဆောင်ရွက်နိုင်ရေးတို့အတွက် ရှင်းလင်းဆွေးနွေးကြရာ ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီး/ပြည်နယ်များမှ ကုန်စည်ဒိုင်တာဝန်ရှိသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးမှုအပေါ် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြကြောင်း သိရသည်။ **(မြန်မာ့အလင်း)**



## ပြည်တွင်းသတင်း

### ❀ ရှေ့ဖုံးမှ

အလားတူ ၂၀၁၄ ခုနှစ် အောက်တိုဘာ ၂၆ ရက်တွင် ကျရောက်သော ဩစတြီးယားသမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဩစတြီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဗားနား ဖေးမန်းန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဩစတြီးယားအမျိုးသားနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် အောက်တိုဘာ ၂၆**

၂၀၁၄ ခုနှစ် အောက်တိုဘာ ၂၆ ရက်တွင်ကျရောက်သော ဩစတြီးယားသမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဩစတြီးယားသမ္မတနိုင်ငံ ဥရောပ၊ ပေါင်းစည်းရေးနှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆေဘာတ်စတီယန် ကတ်ဇ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

### ❖ ကျောဖုံးမှ

ဖြည့်ဆည်းပေးလိုခြင်းတို့ကြောင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ထို့အပြင် ဆရာတော်ကြီးက နိုဝင်ဘာလ ဒုတိယပတ်အတွင်း ဗုဒ္ဓမြတ်စွာ ဖွားမြင်တော်မူရာ နီပေါနိုင်ငံ လုမ္ဗိနီဥယျာဉ် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် အမေရိကန်ဒေါ်လာတစ်သိန်း မတည်လှူဒါန်းပြီး ဆောင်ရွက်နေမှုများကိုလည်း မိန့်ကြားသည်။

အပြည်ပြည်ဆိုင်ရာ ဝိပဿနာတက္ကသိုလ်ကြီးကို ဆက်လက်တည်ဆောက်လျက်ရှိရာ ယခုအခါ ဉာဏ်တော်အမြင့် ၅၄ ပေရှိ ရွှေစည်းခုံစေတီတော်၊ ရေဂါလန် ငါးသောင်းဆံ့ အုတ်ရေကန် နှစ်ကန်၊ ဆရာတော်ကြီး သီတင်းသုံးတော်မူမည့် ကျောင်းတော်၊ လက်ထောက်ဆရာတော် ကျောင်းတော်၊ ဧည့်ခံကြိုဆိုရေးအဆောင်နှင့် လျှပ်စစ်မီးစက်အဆောင်တို့ကို ဆောက်လုပ်ပြီးစီးနေပြီဖြစ်ပြီး ယောဂီ ၃၀၀ ဆံ့ ဓမ္မဗိမာန်တော်၊ အမျိုးသားယောဂီ ၁၀၀ အတွက် အခန်းပေါင်း ၁၀၀၊ ထမင်းစားဆောင်၊ မီးဖိုဆောင်နှင့် အမျိုးသမီးယောဂီ ၁၀၀ အတွက် အခန်းပေါင်း ၁၀၀၊ ထမင်းစားဆောင်နှင့် မီးဖိုဆောင်တို့ကို ဆက်လက်တည်ဆောက်လျက်ရှိရာ ၆၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သည်။

### ❊ ကျောဖုံးမှ

နိုင်ငံတကာပြည်တွင်း ကျွမ်းကျင်ပညာရှင်များပါဝင်သည့် အဖွဲ့ခွဲသုံးဖွဲ့ ခွဲ၍ ဆောင်ရွက်မည်ဖြစ်ရာ အဖွဲ့(၁) တွင် ဖျာပုံ၊ မကွေး၊ မုံရွာ၊ စစ်ကိုင်း၊ မြစ်ကြီးနား၊ စစ်တွေ၊ အဖွဲ့(၂)တွင် ပင်လောင်း၊ ကလော၊ တောင်ကြီး၊ နောင်တရား၊ ဖယ်ခုံ၊ ရပ်စောက်၊ ပင်းတယ၊ ရွာငံ၊ ပဲခူး၊ ပြည်နှင့် အဖွဲ့(၃) မှာ ဘားအံ၊ ဘုရားသုံးဆူ၊ ကော့သောင်း၊ ထားဝယ်၊ ကျွန်းစု၊ မြိတ်၊ သရက်ချောင်း၊ မော်လမြိုင် စသည်တို့ဖြစ်သည်။

မြို့ပြရေပေးရေး စီမံကိန်းဆောင်ရွက်မည့်အဖွဲ့များသည် အောက်တိုဘာ ၃၀ ရက်မှစ၍ ဒီဇင်ဘာလ နောက်ဆုံးပတ်အထိ မြို့တစ်မြို့လျှင် ရက်သတ္တတစ်ပတ်ခန့်နေထိုင်ပြီး မြို့ရေပေးရေးပုံစံဒီဇိုင်းများ၊ တွက်ချက်မှုများ၊ ရေသန့်စင်မှုစနစ်များ၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ထိခိုက်နိုင်မှုများ၊ ရေရရှိနိုင်မည့်အခြေအနေများကို အသေးစိတ်တွက်ချက်တိုင်းတာပြီး ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှစ၍ စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။ မြို့ရေပေးရေးအတွက် မြစ်ရေ၊ ချောင်းရေ၊ ကန်ရေတို့ကိုသန့်စင်၍ ရေပေးဝေခြင်းနည်းလမ်း၊ အဝီစိတွင်းမှ မြို့ရေပေးဝေသည့်နည်းလမ်းနှင့် စိမ့်စမ်းရေမှ မြို့ရေပေးဝေရေးနည်းလမ်း စသည့်နည်းလမ်းများဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

“ရေပေးရေးစီမံကိန်းတွေအနေနဲ့ WHO Standard နဲ့ ကိုက်ညီမယ့် ရေမျိုးကို ပေးဝေမှာဖြစ်ပါတယ်။ ဒီစီမံကိန်းက ချေးငွေနဲ့ဆောင်ရွက်တဲ့ကိစ္စဖြစ်တဲ့အတွက် ချေးငွေပြန်လည်ပေးဆပ်နိုင်ဖို့ ရေပေးခြင်းက အခွန်ငွေပြန်လည်ရရှိနိုင်မယ့် မြို့ပြရေပေးဝေရေးကို ဆောင်ရွက်ဖို့ နှစ်ဦးနှစ်ဖက် သဘောတူခဲ့ခြင်းဖြစ်ပါတယ်။ မြို့ရေပေးရေးလုပ်ငန်းဟာ လမ်း၊ တံတားများတည်ဆောက်သလို စီမံကိန်းအစိတ်အပိုင်း တစ်ခုတည်းနဲ့ ပြီးပြတ်အောင် ဆောင်ရွက်လို့မရခြင်း၊ ကုန်ကျစရိတ်များတဲ့အတွက်ကြောင့် သက်ဆိုင်ရာမြို့များအနေနဲ့ ၎င်းတို့ ဘတ်ဂျက်ကနေ ဆောင်ရွက်နိုင်ဖို့အခက်အခဲရှိပါတယ်။ ဒါကြောင့် ဂျပန်နိုင်ငံရဲ့ အတိုးနှုန်းသက်သာတဲ့ နှစ်ရှည်ချေး ငွေနဲ့ မြို့ပြရေရရှိရေးကို ဆောင်ရွက်ရခြင်းဖြစ်ပါတယ်” ဟု ၎င်းက ဆိုသည်။

ချေးငွေပမာဏ ဂျပန်ယန်း ၁၇ ဘီလီယံအနက်မှ ဂျပန်ယန်း၂၇၂၃ ဒသမ ၃၃၃ သန်းကို မြို့ပြရေပေးဝေရေးအတွက် အသုံးပြုသွားမည်ဖြစ်ပြီး အတိုးနှုန်း ၀ ဒသမ ၀၁ ရာခိုင်နှုန်းဖြင့် ဆိုင်းငံ့ကာလ ၁၀ နှစ်အပါအဝင် နှစ် ၄၀ အတွင်း ပြန်လည်ပေးဆပ်သွားရမည်ဖြစ်သည်။

ယခင်က မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လမ်း၊ တံတားနှင့် လျှပ်စစ်မီးလင်းရေးလုပ်ငန်းများကိုသာ အဓိကဦးစားပေးဆောင်ရွက်ခဲ့သော်လည်း ယခုအခါ မြို့ပြရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်လာသည့်အတွက် ယခင်မြို့ပြလူဦးရေ၏ ၃၀ မှ ၅၀ ရာခိုင်နှုန်းခန့်ရေသုံးစွဲနိုင်မှုမှ စီမံကိန်းပြီးသည့်အခါ ဘေးကင်းစိတ်ချရသော သောက်သုံးရေကို ပိုမိုရရှိမည်ဖြစ်သည်။ မြို့ပြပြည်သူများ၏ရေနှင့်ပတ်သက်သည့် ကျန်းမာရေးအဆင့်မြင့်မားလာပြီး သောက်သုံးရေအတွက် ကုန်ကျစရိတ်သက်သာစွာဖြင့် သုံးစွဲသွားနိုင်မည်ဖြစ်သည်။

ရေခွန်၊ ရေခများကို သင့်တင့်မျှတသော အဖိုးအခဖြင့် ကောက်ခံ၍ အဖွဲ့ရန်ပုံငွေသို့ ပြန်လည်ပေးသွင်းပြီး မြို့ပြရေရရှိရေးအတွက် စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

“စီမံကိန်းကာလကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အထိ နှစ်နှစ်လျာထားဆောင်ရွက်သွားမှာပါ ” ဟုလည်း ဦးကျော်သူအောင်က ထည့်သွင်းပြောကြားသည်။ ယခု စီမံကိန်းပြီးသည့်အခါ အခြားဒေသဖွံ့ဖြိုးရေးစီမံကိန်းများ ထပ်မံကမ်းလှမ်းမှုများရှိခဲ့လျှင် မိုးနည်းရပ်ဝန်းဖြစ်သည့် အပူပိုင်းဒေသများကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် (ODA Loan) အနေဖြင့် ဂျပန်ယန်းငွေမှာ ၁၇ ဘီလီယံကို မြန်မာနိုင်ငံဆင်းရဲနွမ်းပါးမှု လျှော့ချရေး၊ ဒေသတွင်းဖွံ့ဖြိုးမှုစီမံကိန်း အဆင့်(၁) (MY-PI) အနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဖြစ်သည့် လမ်း၊ တံတားတည်ဆောက်ရေး၊ လျှပ်စစ်ဓာတ်အားရရှိရေးနှင့် မြို့ပြရေပေးဝေရေးစသည့် ကဏ္ဍသုံးရပ်ကို အကောင်အထည်ဖော်ရန် ကမ်းလှမ်းခဲ့သည်။ အဆိုပါကဏ္ဍသုံးရပ်အနက် လမ်း၊ တံတားအတွက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူဆောင်ရွက်ပြီး လျှပ်စစ်ဓာတ်အားရရှိရေးအတွက် မြန်မာ့လျှပ်စစ်လုပ်ငန်းမှ တာဝန်ယူဆောင်ရွက်ကာ မြို့ပြရေရရှိရေးအတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည်။


## CLAIMS DAY NOTICE
**M.V CSC TAI HAI** VOY:NO(7)

Consignees of cargo carried by **M.V CSC TAI HAI** VOY: NO. (7) are here by notified that the vessel will arrive on about **28-10-14** and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**



အက်ရှင်ဇာတ်ကားကြီး




Junction Cineplex တွင် 24-10-2014 မှ စတင်ပြသမည့် ဇာတ်ကားများ

| Junction Square ( Ph - 01 527055, 09 2544 24544) | | |
|---|---|---|
| Reclaim | Sun to Thu | 10 AM , 1 PM , 4 PM , 7 PM |
| | Fri & Sat | 10 AM , 1 PM , 4 PM , 7 PM , 9 : 30 PM |
| စုန်းပြူး | Sun to Thu | 10 AM , 1 PM , 4 PM , 7 PM |
| | Fri & Sat | 10 AM , 1 PM , 4 PM , 7 PM , 9 : 30 PM |
| Annabelle (Dell Digital Cinema) | Sun to Thu | 10 AM , 12 : 30 PM , 3 : 30 PM , 6 : 30 PM |
| | Fri & Sat | 10 AM , 12 : 30 PM , 3 : 30 PM , 6 : 30 PM , 9 : 30 PM |
| Junction Nay Pyi Taw ( Ph - 067 421 615) | | |
| အောင်မြင်ကျော်ကြား စူးရှထက်မြက် | Mon to Thu | 11 AM , 2 PM , 6 : 30 PM |
| | Fri to Sun | 10 : 30 AM , 1 : 30 PM , 4 : 30 PM , 7 : 30 PM |

## နိုင်ငံတကာသတင်း

# အိန္ဒိယဝန်ကြီးချုပ် လာမည့်လတွင် ဖီဂျီသို့ သွားရောက်ဖွယ်ရှိ

**နယူးဒေလီ အောက်တိုဘာ ၂၅**

အိန္ဒိယဝန်ကြီးချုပ် နရိန္ဒြာမိုဒီသည် လာမည့်လ မြန်မာ၊ ဩစတြေးလျ ခရီးစဉ်အတွင်း ဖီဂျီသို့သွားရောက်ဖွယ်ရှိကြောင်း ဒေသမီဒီယာများက ဖော်ပြခဲ့သည်။

မိုဒီသည် ဩစတြေးလျနိုင်ငံ ဘရစ်ဘိန်းတွင် ပြုလုပ်မည့် G-20 ထိပ်သီးအစည်းအဝေးတက်ရောက်ပြီး ကင်ဘာရာမှ ဖီဂျီမြို့တော် ဆာဗားသို့ နိုဝင်ဘာ ၁၆ ရက်တွင် တစ်ရက်ကြာ ခရီးသွားရောက်မည်ဖြစ်ကြောင်း အမည်မဖော်လိုသူ၏ ပြောကြားချက်ကို ကိုးကားဖော်ပြခဲ့ခြင်းဖြစ်သည်။

နရိန္ဒြာမိုဒီသည် ပစိဖိတ်ကျွန်းစုသို့ အလည်အပတ်သွားရောက်မည်ဆိုပါက ၁၉၈၁ ခုနှစ်က အိန္ဒိယ၏ ပထမဆုံး အမျိုးသမီးဝန်ကြီးချုပ် သွားရောက်ပြီးကတည်းက ဆယ်စုနှစ်သုံးစုအတွင်း ဖီဂျီသို့ ပထမဆုံး သွားရောက်သည့် အိန္ဒိယဝန်ကြီးချုပ် ဖြစ်လာမည်ဖြစ်သည်။

ဖီဂျီလူဦးရေ ၉၀၀၀၀၀ ၏ ၄၀ ရာခိုင်နှုန်းခန့်သည် အိန္ဒိယလူမျိုးများ ဖြစ်ကြသည်။

**(ဆင်ဟွာ)**




# တိုက်ခိုက်မှုကြောင့် အီဂျစ်တပ်ဖွဲ့ဝင်များ သေဆုံးပြီးနောက် ဆိုင်းနိုင်းဒေသတွင် သုံးလကြာ အရေးပေါ်ကြေညာ

**ဆိုင်းနိုင်း အောက်တိုဘာ ၂၅**

တိုက်ခိုက်မှု နှစ်ရပ်အတွင်း အနည်းဆုံး တပ်ဖွဲ့ဝင် ၃၁ ဦး သေဆုံးခဲ့ပြီးနောက် အီဂျစ်အစိုးရက ဆိုင်းနိုင်းကျွန်းဆွယ်အစိတ်အပိုင်းဒေသအချို့ကို အရေးပေါ်အခြေအနေ သုံးလ ကြေညာလိုက်သည်။

သံသယရှိ ဂျီးဟတ်များ၏ တိုက်ခိုက်မှုများအတွင်း သေဆုံးခဲ့သော အီဂျစ်တပ်ဖွဲ့ဝင်များအတွက် ပြုလုပ်သည့် ဝမ်းနည်းကြောင်းအထိမ်းအမှတ် အခမ်းအနား၌ အီဂျစ်သမ္မတ အယ်လ်စီစီက အဆိုပါအရေးပေါ်အခြေအနေကို ကြေညာခဲ့ခြင်းဖြစ်သည်။

ဂါဇာကမ်းမြောင်သို့ ဝင်ရောက်သည့် အီဂျစ်ဖာတာနယ်စပ်ဂိတ်ကိုလည်း ပိတ်ထားလိုက်ပြီဖြစ်ကြောင်း နိုင်ငံပိုင်ရုပ်မြင်သံကြားက ကြေညာခဲ့သည်။

ဆိုင်းနိုင်းမြောက်ပိုင်း ဂျီးဟတ်တို့အား ထိုးစစ်ဆင်တိုက်ခိုက်နေသော အီဂျစ် တပ်ဖွဲ့ဝင်များသည် ဆယ်စုနှစ်များအတွင်း ကြီးမားသောဆုံးရှုံးမှုတစ်ရပ်ဖြစ်သည်ဟု ဆိုသည်။

ဆိုင်းနိုင်းကျွန်းဆွယ်ဒေသသည် ၂၀၁၃ ခုနှစ် အီဂျစ်သမ္မတ မူဘာရက်အား ဖြုတ်ချခဲ့ပြီးနောက် ဥပဒေမဲ့ တိုက်ခိုက်မှုများတိုးလာခဲ့သည်။ အီဂျစ်တပ်ဖွဲ့ဝင် ၂၈ ဦးသည် သောကြာနေ့က ဆိုင်းနိုင်းကျွန်းဆွယ်လုံခြုံရေးဂိတ်တစ်ခု၌ အသေခံဗုံးခွဲတိုက်ခိုက်ခံရမှုကြောင့် သေဆုံးခဲ့ရသည်။ အခြားတပ်ဖွဲ့ဝင်သုံးဦးသည်လည်း အဲလ်အာရစ်မြို့အနီး စစ်ဆေးရေးဂိတ်၌ သီးခြားစီတိုက်ခိုက်မှုအတွင်း သေဆုံးခဲ့ရသည်။

အဆိုပါ အရေးပေါ်အခြေအနေ ကြေညာခဲ့သော ဒေသများမှာ ဆိုင်းနိုင်းအလယ်ပိုင်းနှင့် မြောက်ပိုင်းဒေသများ ပါဝင်သည်။ သမ္မတ၏ ကြေညာချက်ထွက်ပေါ်ခဲ့ပြီးနောက် စနေနေ့မှ စတင်ကာအရေးပေါ်အခြေအနေ ကြေညာထားသည်။

**(ဘီဘီစီ)**

# ယခင်ကမ္ဘာ့မီတာ ၈၀၀ အပြေးချန်ပီယံကွယ်လွန်

**ဝါရှင်တန် အောက်တိုဘာ ၂၅**

ယခင်ကမ္ဘာ့မီတာ ၈၀၀ အပြေးချန်ပီယံ အမ်ဘူလဲ့နိမူလော့ဒ်ဇီသည် အသက် ၃၄ နှစ် အရွယ်တွင် ကားတိုက်မှုဖြင့် သောကြာနေ့က သေဆုံးခဲ့ကြောင်း တောင်အာဖရိက သမ္မတ ဂျာတော့ဘ်ဇူးမားက ကြေညာချက်တစ်ခုတွင် ဖော်ပြပြောဆိုခဲ့သည်။

မိမိတို့နိုင်ငံသည် သူရဲကောင်းအစစ်အမှန်တစ်ယောက်ဖြစ်ရုံမက စည်းကမ်းလိုက်နာပြီး ပါရမီရှိသည့် အားကစားသမားတစ်ယောက်ကို ဆုံးရှုံးခဲ့ရကြောင်း၊ ထို့ပြင် မူလော့ဒ်ဇီသည် တောင်အာဖရိကအလံကို ကမ္ဘာ့နိုင်ငံများ ရှေ့မှောက်တွင် ဂုဏ်ယူဝင့်ကြွားစွာ လွှင့်ထူနိုင်ပြီး နိုင်ငံဂုဏ်ကို ဆောင်နိုင်ခဲ့သောကြောင့် ၎င်းကွယ်လွန်မှုသည် တောင်အာဖရိကနိုင်ငံအတွက် ဆုံးရှုံးမှုတစ်ခုပင်ဖြစ်ကြောင်း ဇူးမားက ပြောခဲ့သည်။

**(ဆင်ဟွာ)**

# အီဘိုလာကူးစက်ခံရသည့် သူနာပြုနှစ်ဦး ရောဂါကင်းစင်ကြောင်း ကြေညာခဲ့

**နယူးယောက် အောက်တိုဘာ ၂၅**

အမေရိကန်ပြည်ထောင်စုရှိ အီဘိုလာ ဗိုင်းရပ်စ်ကူးစက်ခံရသူ သူနာပြုနှစ်ဦး ရောဂါကင်းစင်သွားပြီဖြစ်ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့သည်။

သူနာပြုတစ်ဦးဖြစ်သည့် ဖမ်သည် ဆေးရုံမှဆင်းခွင့်ရပြီးနောက် သမ္မတ အိုဘားမားနှင့် အိမ်ဖြူတော်၌တွေ့ဆုံခဲ့သည်။

နယူးယောက်နှင့် နယူးဂျာစီအုပ်ချုပ်ရေးမှူးများက အနောက်အာဖရိက အီဘိုလာဝေဒနာရှင်များနှင့် ဆက်သွယ်မှုရှိသူများအတွက် ၂၁ ရက်ကြာ ရောဂါထိန်းချုပ်ရေးကာလ သတ်မှတ်လုပ်ဆောင်ခဲ့သည်။ အဆိုပါ လုပ်ဆောင်ချက်သည် ဂီနီမှ အီဘိုလာကူးစက်ခံရသည့် ဒေါက်တာ စပင်ဆာ နယူးယောက်သို့ပြန်လည်ရောက်ရှိပြီး နောက်တစ်နေ့တွင် လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

အခြားသူနာပြု အမ်ဘာဗင်ဆန်သည်လည်း ဗိုင်းရပ်စ်ကင်းစင်ကြောင်း ကြေညာခဲ့သော်လည်း ဆေးကုသမှုခံယူနေဆဲဖြစ်သည်။

**(ဘီဘီစီ)**

# အီရတ်ကာ့ဒ်တပ်ဖွဲ့ဝင်များကို လာမည့်ရက်သတ္တပတ်တွင် ကိုဘာနီသို့စေလွှတ်မည်

**ကိုဘာနီ အောက်တိုဘာ ၂၅**

အီရတ်နိုင်ငံ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်အပြည့်အဝမရသော ကာ့ဒ်ဒေသသည် အိုင်အက်စ်တက်ခ်ဖရီစစ်သွေးကြွများကို ဆန့်ကျင်တိုက်ခိုက်နေသော ကာ့ဒ်တိုက်ခိုက်ရေး သမားများကို ကူညီရန် တပ်သားသစ်များကို ဆီးရီးယားမြို့တော် ကိုဘာနီသို့လာမည့် အပတ်တွင် စေလွှတ်ရန် ဆုံးဖြတ်ချက်ချခဲ့သည်။

ယခု စေလွှတ်မည့် တပ်ဖွဲ့များသည် ထောက်ပံ့ရေးတပ်ဖွဲ့များဖြစ်ပြီး တိုက်ခိုက်ရေးသမား ၂၀၀ ထက်မပိုကြောင်း အေအက်ဖ်ပီက သောကြာနေ့တွင် ဖော်ပြခဲ့သည်။

တပ်ဖွဲ့ဝင်သစ်များကို မြို့တော် ကိုဘာနီသို့စေလွှတ်မည့် အသေးစိတ်အစီအစဉ်ကို ဖော်ပြရန် ကာ့ဒ်တာဝန်ရှိသူများက ငြင်းဆိုထားသည်။

သို့သော်လည်း အစီရင်ခံချက်များအရ ကာ့ဒ်တပ်ဖွဲ့ဝင်များသည် တူရကီကိုဖြတ်ပြီး မဟာဗျူဟာကျသည့် နယ်စပ်မြို့လေးဖြစ်သော ကိုဘာနီသို့ ဝင်ရောက်မည်ဟု သိရသည်။ ကာ့ဒ်တိုက်ခိုက်ရေးသမားများဟုခေါ်သော ပက်ရှ်မာဂတပ်ဖွဲ့ဝင်များသည် စက်သေနတ်များ၊ မော်တာများနှင့် ဒုံးကျည်များကို သယ်ဆောင်သွားကြသည်။

အဆိုပါ ဆုံးဖြတ်ချက်သည် ဆီးရီးယားနိုင်ငံရှိ စစ်မြေပြင်၏ ကံကြမ္မာကို ပြောင်းလဲကောင်း ပြောင်းလဲနိုင်မည်ဖြစ်သည်။

တစ်ချိန်တည်းမှာပင် ကိုဘာနီရှိ ဆီးရီးယားကာ့ဒ်တိုက်ခိုက်ရေးသမားများသည် အိုင်အက်စ်စစ်သွေးကြွများကို ဆန့်ကျင်တိုက်ခိုက်ရန် လွတ်လပ်သော ဆီးရီးယားတပ်ဖွဲ့ဟု ခေါ်သည့် (အက်ဖ်အက်စ်အေ)ကို ခွင့်ပြုရန် တူရကီ၏သဘောတူညီမှုကို ငြင်းဆန်ခဲ့သည်။

ဆီးရီးယားကာ့ဒ်တိုက်ခိုက်ရေးသမားများသည် လွတ်လပ်သော ဆီးရီးယားတပ်မှ တပ်ဖွဲ့ဝင် ၁၃၀၀ ကို လက်ခံခဲ့ပြီး ၎င်းတို့သည် စစ်ဆင်ရေးလမ်းကြောင်းများကို ဆွေးနွေးခဲ့ကြကြောင်း တူရကီသမ္မတ ရီဆက်ပ်တေရစ်ပ်အာဒိုဂန်က အစောပိုင်းက ပြောကြားခဲ့သည်။

အိုင်အက်စ်အကြမ်းဖက်သမားအနည်းဆုံး ၁၂၀ ကို ယခုသီတင်းပတ်အစောပိုင်းတွင် ဆီးရီးယားနယ်စပ်အား ဖြတ်ကျော်ဝင်ရောက်လာခြင်းကို မျက်ကွယ်ပြုပြီး ကူညီသည့်ကိစ္စဖြင့် ကာ့ဒ်ဒီမိုကရက်တစ်ယူနီယံပါတီ (ပီဝိုင်ဒီ)က အန်ကာရာကို စွပ်စွဲခဲ့သည်။

ကိုဘာနီမြို့နှင့် ပတ်ဝန်းကျင် ဒေသများသည် စက်တင်ဘာလလယ်လောက်ကတည်းက တိုက်ခိုက်မှုကို ခံနေရသည်။ အိုင်အက်စ်စစ်သွေးကြွများသည် ကိုဘာနီမြို့ အနီးအနားရှိ ကာ့ဒ်ရွာငယ်ဒါဝင်ကျောကို သိမ်းပိုက်ခဲ့သည်။



**(ပရက်စ်တီဗွီ)**

# တူနီးရှားမြို့တော်အနီး ပြန်ပေးဆွဲ စစ်သွေးကြွများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှင်းလင်းသုတ်သင်



**တူနီးရှား အောက်တိုဘာ ၂၅**

တူနီးရှားမြို့တော်အနီး တောင်ပိုင်းဒေသ နေအိမ်တစ်အိမ်မှ လူအချို့ကို ပြန်ပေးဆွဲသွားသော တက်ဖရီအစွန်းရောက်ခြောက်ဦးအား တူနီးရှားလုံခြုံရေးတပ်ဖွဲ့ဝင်များက သုတ်သင်လိုက်သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အကြမ်းဖက်သမားများ၏ စေ့စပ်ဆွေးနွေးမှု မအောင်မြင်သည့်အဆုံး သောကြာနေ့က ကွတ်အဲလီဆင်ခြေဖုံးရှိ အဆိုပါနေအိမ်သို့ ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့သည်။

အဆိုပါ တိုက်ခိုက်မှုအတွင်း အမျိုးသမီးငါးဦးနှင့် အမျိုးသားတစ်ဦးသေဆုံးခဲ့ပြီး အခြားနှစ်ဦးအား ဖမ်းဆီးလိုက်သည်။ တူနီးရှားလုံခြုံရေးတပ်ဖွဲ့များက အဆိုပါ စစ်ဆင်ရေးတွင် စစ်သွေးကြွများက ကလေးနှစ်ဦးအား လူသားတံတိုင်းအဖြစ် အသုံးချစဉ် ကယ်တင်လိုက်နိုင်သည်ဟုဆိုသည်။

အဆိုပါ စစ်သွေးကြွများသည် တနင်္ဂနွေနေ့တွင် ကျင်းပမည့် ပါလီမန်ရွေးကောက်ပွဲ၌ အနှောင့်အယှက်များ ပြုလုပ်ရန် စီစဉ်နေကြောင်း သတင်းများတွင် ဖော်ပြလျက်ရှိသည်။

“ဒီတိုက်ခိုက်ပွဲမှာ အမေလုပ်သူကသမီးဖြစ်တဲ့သူကို စစ်သွေးကြွတွေအတွက် လူသားတံတိုင်းအဖြစ် အသုံးချခဲ့တာပါ။ ဒီဖြစ်ရပ်က တကယ့်အံ့ဖွယ်ဖြစ်ရပ်ပါပဲ”ဟု ပြည်ထဲရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မိုဟာမက်အလီ အာရိုအီက ပရက်စ်တီဗွီသို့ ပြောသည်။

တူနီးရှားနိုင်ငံတွင် အဓိကရွေးကောက်ပွဲများ မတိုင်မီ လုံခြုံရေးတပ်ဖွဲ့ဝင်များ တပ်လှန့်ဖြန့်ကြက်ချထားသည်။

**(ပရက်စ်တီဗွီ)**

ပြည်တွင်းသတင်း

# ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက တည်ထောင်သည့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းကျောင်းဖွင့်

**ကော့မှူး အောက်တိုဘာ ၂၅**

ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက တည်ထောင်သည့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းကျောင်း (Hospitality and Catering Training Academy) ဖွင့်ပွဲကို အောက်တိုဘာ ၂၅ ရက် နံနက် ၉ နာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ် မကျီးကန်ကျေးရွာရှိ အဆိုပါသင်တန်းကျောင်းခန်းမ၌ ကျင်းပရာ ဦးတင်ဦး၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၊ သင်တန်းကျောင်း နာယက မစ္စတာ ချာနင်ဒိုနာဗာနခ်၊ ဗြိတိသျှသံရုံးမှ ဒုတိယအတွင်းဝန် မစ္စတာ ဂျိုးဆက်ဂိုင်းဖစ်ချာ၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး မစ္စတာ ရောဘတ်ချွား၊ သင်တန်းကျောင်းစီမံကိန်း တာဝန်ခံ ဦးဇွဲနန္ဒ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်ရွှေနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒေါ်အောင်ဆန်းစုကြည်က အမှာစကားပြောကြားပြီး သင်တန်းကျောင်း နာယက မစ္စတာ ချာနင်ဒိုနာဗာနခ်နှင့် သင်တန်းကျောင်း တာဝန်ခံ ဦးဇွဲနန္ဒတို့က သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည်နှင့် မစ္စတာ ချာနင်ဒိုနာဗာနခ်တို့က သင်တန်းကျောင်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြသည်။ **(ယာပုံ)**

**ကျော်သူရ**



# လယ်ဝေးမြို့အတွင်း မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၅**

အောက်တိုဘာ ၂၃ရက် မွန်းလွဲ ၂နာရီခွဲက လယ်ဝေးမြို့နယ် သရက်ကုန်း ကျေးရွာနေ ဝင်းမောင်(၃၉နှစ်) နှင့်ဇနီး ခင်အုန်းမြင့်(၃၀နှစ်)တို့၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နေအိမ်ခေါင်းရင်း တိုင်ခြေရင်း၌



မြှုပ်ထားသော ကော်ဘူးဝိုင်းအတွင်း ပလတ်စတစ်အိတ်များဖြင့် ထုတ်လျက် WY စာတန်းပါစိတ်ကြွရူး သွပ်ဆေးပြားဟုယူဆရသော ဆေးပြား ၂၃၇၁ ပြား၊ အလေးချိန် ၂၃၁ ဒသမ ၁ ဂရမ်၊ တန်ဖိုးငွေကျပ် ၇၁၁၃၀၀၀နှင့် နေအိမ်အခန်းအတွင်းမှ ငွေစက္ကူရောရာငွေကျပ် ၆၇၄၉၅၀ တို့ကို သိမ်းဆည်းရမိသဖြင့် ဝင်းမောင်နှင့်ဇနီး ခင်အုန်းမြင့်တို့ကို သာဝတ္တိနယ်မြေရဲစခန်းက အမှုဖွင့်ထားရှိပြီး ဝင်းမောင်မှာထွက်ပြေးတိမ်းရှောင်လျက်ရှိကြောင်း သိရသည်။

အလားတူ အောက်တိုဘာ ၂၃ ရက် မွန်းလွဲ ၂နာရီခွဲက လယ်ဝေးမြို့နယ် သရက်ကုန်းကျေးရွာနေ ကျော်ဆွေ(ခ) ကျော်ရွှေ(ခ)ဒူးရှည် (၄၉နှစ်) ၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ နေအိမ်ခေါင်းမိုးအကြားတွင် ကြွပ်ကြွပ်အိတ်ဖြင့်ထည့်လျက် အပြာရောင် ကပ်ခွာအိတ်အတွင်းမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားဟုယူဆရသော ပန်းရောင်ဆေးပြား ၉၅ပြား၊ အလေးချိန် ၉ ဒသမ ၅၀ ရမ်၊ တန်ဖိုးငွေကျပ် ၂၈၅၀၀၀ နှင့် နေအိမ်မီးဖိုချောင်အမိုးကြားမှ လိမ္မော်ရောင် ပလတ်စတစ်အိတ်အတွင်းထည့်လျက် ဘိန်းဖြူဟုယူဆရသော အဖြူမှုန့်အနည်းငယ်ပါ ပိုက်တစ်ချောင်းနှင့် ဆက်စပ်ပစ္စည်းများ၊ အဖြူရောင်ပလတ်စတစ်အိတ်ဖြင့် ထုပ်လျက်ဆေးခြောက်ဟုယူဆရသော အလေးချိန် ၄ ဒသမ ၄၅ဂရမ်ရှိ အရွက်ခြောက် တစ်ထုပ် ငွေစက္ကူရောရာ ငွေကျပ် ၁၁၀၀၀၀ တို့ကို သိမ်းဆည်းရမိသဖြင့် ကျော်ဆွေ (ခ) ကျော်ရွှေ (ခ) ဒူးရှည်အား သာဝတ္တိနယ်မြေရဲစခန်းကအမှုဖွင့် အရေးယူထားကြောင်းသိရသည်။

**(သတင်းစဉ်)**

# မကွေးပြည်သူ့ဆေးရုံကြီးတွင် အမေရိကန်နိုင်ငံသူ ခရီးသွားဧည့်သည် ဆေးကုသမှုခံယူလျက်ရှိပြီး အခြေအနေကောင်းမွန်

**မကွေး အောက်တိုဘာ ၂၅**

ကမ္ဘာလှည့်ခရီးသည်များ တင်ဆောင်လာသည့် Orient Pandaw ရေယာဉ်သည် မန္တလေးမြို့မှ မကွေးမြို့သို့ ထွက်ခွာလာရာ မကွေးမြို့သို့ အောက်တိုဘာ ၂၃ ရက် ညနေ ၃ နာရီခွဲက ရောက်ရှိခဲ့သည်။

အဆိုပါ သင်္ဘောပေါ်တွင် အမေရိကန်နိုင်ငံသား ၃၅ဦး၊ ကနေဒါနိုင်ငံသားလေးဦး၊ ဂျာမနီနိုင်ငံသားလေးဦး၊ ဗြိတိန်နိုင်ငံသားသုံးဦး လိုက်ပါခဲ့ပြီး ညနေ ၄နာရီတွင် မကွေးမြို့ မြသလွန်စေတီတော်နှင့် မကွေးမြို့ပေါ်သို့ လှည့်လည်သွားလာခဲ့သည်။

ယင်းကမ္ဘာ့လှည့်ခရီးသည်အဖွဲ့တွင် ပါဝင်သူ အမေရိကန်နိုင်ငံသူ Mrs.Bolte Elfriede (PP No.495-355414) အသက်(၈၅နှစ်) သည် မြသလွန်စေတီတော်ပေါ်သို့ ခြေကျင်တက်၍ ကြည့်ရှုခဲ့ပြီး စေတီတော်မှအပြန် ညနေ ၆ နာရီခွဲတွင် ယင်းစီးနင်းလာသည့် သင်္ဘောပေါ်သို့အရောက်တွင် မူးလဲသွားခဲ့သည်။ ၎င်းအား တာဝန်ရှိသူများက မကွေးမြို့ တိုင်းပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့သည်။ အမေရိကန်နိုင်ငံသူသည် ဆေးရုံသို့ ရောက်ရှိချိန်တွင် သွေးပေါင်ချိန် 180/110ဖြင့်သတိလစ်မေ့မျောနေခဲ့ပြီး မကွေးတိုင်းပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများက စမ်းသပ်စစ်ဆေးခဲ့ရာ နှလုံးသွေးကြောကျဉ်းရောဂါတွေ့ရှိခဲ့ပြီး အထူးကြပ်မတ်ကုသဆောင်အတွင်း ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများက ဂရုတစိုက်ကုသပေးခဲ့ရာ ည ၁နာရီက ပြန်လည်သတိရပြီး သွေးခုန်နှုန်းပုံမှန်ရှိခဲ့ပြီး လူနာမှာ စကားပြောဆိုလာနိုင်ကြောင်းသိရသည်။

အောက်တိုဘာ ၂၄ ရက် နံနက်ပိုင်းက အဆိုပါခရီးသွားဧည့်သည်၏ ကျန်းမာရေးအခြေအနေကို မကွေးတိုင်းပြည်သူ့ဆေးရုံမှ တာဝန်ကျဆရာဝန်များနှင့် သူနာပြုများက ဂရုတစိုက် ပြုစုစောင့်ရှောက်ပေးလျက်ရှိပြီး လူနာ၏ ကျန်းမာရေးအခြေအနေ တိုးတက်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

**ခင်မာလာ(မကွေး)**

နိုင်ငံတကာသတင်း

# အိမ်ဖြူတော်ခြံစည်းရိုးကျော်တက်သူ စိတ်ရောဂါရှင်ဖြစ်ဖွယ်ရှိ

**ဘာသာပြန် - ဂျေတီ**

အောက်တိုဘာ ၂၂ ရက် ညနေပိုင်းက အိမ်ဖြူတော်ခြံစည်းရိုး ကျော်တက်ခြင်းကြောင့် ဖမ်းဆီးခံရသူ ဒိုမီနစ် အဒီဆန်ညာသည် ၎င်းကို သမ္မတအိမ်တော်အတွင်းသို့ မဝင်ရောက်နိုင်အောင် ဟန့်တားရာတွင် အသုံးပြုသော အမေရိကန်လျှို့ဝှက်ထောက်လှမ်းရေးအဖွဲ့၏ ခွေးတစ်ကောင်ကို အနာတရဖြစ်စေမှု အပါအဝင် ပြစ်မှုနှစ်မှုဖြင့် တရားရုံးတွင် တရားစွဲဆိုခြင်းခံရကြောင်း သိရသည်။

အောက်ရုံးတရားသူကြီး ဒီဘိုရာ ရိုဘင်ဆန်က မေရီလင်းပြည်နယ် ဘဲအဲယားမြို့သား အဒီဆန်ညာကို စိတ်ပိုင်းဆိုင်ရာ စစ်ဆေးမှုခံယူရန် အမိန့်ထုတ်ပြန်ခဲ့သည်။

အဒီဆန်ညာသည် လုံခြုံရေးတင်းကျပ်ထားသော အိမ်ဖြူတော်ခြံဝင်းထဲသို့ တရားမဝင် ဝင်ရောက်မှုဖြင့်လည်း တရားစွဲဆိုခြင်းခံရသည်။ အဆိုပါ အမှုနှစ်ခုစလုံးမှာ ထောင်ဒဏ်တစ်နှစ် ချမှတ်ခံရနိုင်သည့် သာမန်ပြစ်မှုများဖြစ်သည်ဟု သိရသည်။

ဤဖြစ်ရပ်သည် ဗားကိုင်ဆောင်သူ အသက် ၄၂ နှစ်အရွယ် အမေရိကန်စစ်ပြန်တစ်ဦးက အိမ်ဖြူတော်ခြံစည်းရိုးကို ကျော်ဖြတ်ပြီး အိမ်ဖြူတော်ခြံဝင်းအတွင်းသို့ ဝင်ရောက်ခဲ့သည့်ဖြစ်စဉ် ဖြစ်ပွားခဲ့ပြီးနောက် တစ်လခန့်အကြာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ယင်းဖြစ်ရပ်ကြောင့် အစောင့်ထူထပ်စွာချထားရာ အိမ်ဖြူတော်လုံခြုံရေးနှင့် ပတ်သက်၍ အငြင်းပွားမှုများဖြစ်ပေါ်ပြီး လျှို့ဝှက်ထောက်လှမ်းရေးအဖွဲ့ ညွှန်ကြားရေးမှူး ဂျူလီယာပီအာဆန်နှုတ်ထွက်ခဲ့ရသည်။

ဤနောက်ဆုံး ဖြစ်ရပ်အပေါ် လျှို့ဝှက်ထောက်လှမ်းရေးအဖွဲ့၏ တုံ့ပြန်ဖြေရှင်းမှုမှာ ပြီးခဲ့သည့်လက တုံ့ပြန်ဖြေရှင်းမှုထက် ပိုမိုကောင်းမွန်သည်ဟု အိမ်ဖြူတော် ပြောခွင့်ရပုဂ္ဂိုလ် ဂျို့ရှ်အားနစ်တ်က ပြောကြားသည်။

ထို့အပြင် အဒီဆန်ညာသည် ယခင်က အောက်တရားရုံးတစ်ခုတွင် စွဲချက်တင်ခံခဲ့ရသော သာမန်ပြစ်မှုနှစ်မှုတို့ဖြင့် ထပ်မံတရားစွဲဆိုခံရဖွယ်ရှိသည်။ ယင်းအချိန်တုန်းကလည်း စိတ်စစ်ဆေးမှုခံယူရန် အမိန့်ထုတ်ခံခဲ့ရကြောင်း သိရသည်။

**(ရိုက်တာ)**

# ကလောမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၅၅၀ ဖမ်းဆီးရမိ



**နေပြည်တော် အောက်တိုဘာ ၂၅**

အောက်တိုဘာ ၂၁ ရက်က မူးယစ်တပ်ဖွဲ့စု (၂၅) တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်း အဖွဲ့သည် ကလောမြို့အဝင် အောင်ပန်း-ကလော ကားလမ်းတွင် အောင်ပန်းမှကလောသို့ မောင်းနှင်လာသည့် ရှမ်းရောခရီးသည်တင် ယာဉ်ကို ရပ်တန့်ရှာဖွေရာ ယာဉ်ခေါင်မိုးပေါ်တွင် လိုက်ပါစီးနင်းသူ သိန်းထွေး၏ **(ဝဲပုံ)** ခရီးဆောင်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၅၀ သိမ်းဆည်းရမိသဖြင့် သိန်းထွေး(၃၈ နှစ်)ကို မူးယစ်ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း သိရသည်။ **(သတင်းစဉ်)**









ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# အသတ်အကြောင်း

မောင်ခင်မင် (ဓနုဖြူ)

"မေးစရာရှိပါသေးတယ် ဆရာကြီး"

"မေးလေ သမီးရဲ့"

"သမီးတို့ ကလေးတွေကို စာလုံးပေါင်းသင်တဲ့အခါ ဘယ်လိုပေါင်းပြီး ဆိုရမယ်ဆိုတာဆရာကြီးရှင်းပြလို့ သမီးတို့နားလည်ပါပြီ။ တော်တော်လည်း စုံသွားပါပြီ။ မေးဖို့ကျန်သေးတာက 'ကကြီးရေး က သတ်ကတ်၊ ကကြီးရေ င သတ်ကင်' ဆိုတဲ့ စာလုံးပေါင်းတွေမှာ အဲဒီ ကသတ်၊ ငသတ်ဆိုတဲ့ အဓိပ္ပာယ်ကို သိချင်တာပါ ဆရာကြီး"

"ဩော်. . . ဟုတ်သားပဲ၊ အသတ်အကြောင်းပြောဖို့ ကျန်နေသေးတာကိုး။ ဆရာရှင်းမပြခင် သမီးတို့ကိုမေးရဦးမယ်။ ခုနပြောတဲ့ ကသတ်၊ ငသတ်အပြင် ' ဒီ့ပြင် ဘာအသတ်တွေ ရှိသေးသလဲကွဲ့။ ပြောပြကြစမ်းပါ"

"စသတ်၊ ညသတ်တွေလည်းရှိပါတယ် ဆရာကြီး"

"ညသတ်မှာ ညကြီးသတ်နဲ့ ဉ ကလေးသတ်လို့ ရှိပါတယ်"

"ပြီးတော့ တသတ်နဲ့ နသတ်ပါ ဆရာကြီး"

"ပြီးတော့ပသတ်နဲ့ မသတ်ပါ ဆရာကြီး၊ ဩော် . . . ယသတ်လည်း ရှိပါတယ်"

" ဟုတ်ပြီ၊ ဟုတ်ပြီ သမီးတို့ပြောတဲ့ အသတ်တွေရေကြည့်ရင် အားလုံး ဆယ်မျိုးရှိတယ်ကွဲ့။ ပါဠိမဟုတ်ဘဲ မြန်မာစကားလုံး သက်သက်ကို သတ်တဲ့ အသတ်တွေပေါ့"

"ဟုတ်ကဲ့ပါ"

"ကဲ. . . မေးရဦးမယ် ။ ကသတ်ဆိုတာဘာအဓိပ္ပာယ်ပါလိမ့်"

" ကသတ်ဆိုတာ ကကိုအပေါ်က သတ်ထားတာဆိုတာပဲ ကြားဖူးပါတယ်။ အဓိပ္ပါယ် သေသေချာချာ မသိပါဘူး"

"အသတ်အကြောင်းမပြောခင် သမီးတို့ ကွဲကွဲပြားပြား သိထားဖို့လိုတဲ့ အကြောင်းတစ်ခုကို ပြောပြမယ်နော်"

"ပြောပြပါဆရာကြီး"

"သမီးတို့ ခုရေးနေတဲ့စာလုံးတွေကို အသံထွက်နိုင်ဖို့ ဗျည်းနဲ့ သရ ပေါင်းပြီး အသံထွက်ရတာကွဲ့"

"ဘယ်လိုပါလဲ ဆရာကြီး"

"ဆိုပါစို့ကွယ်။ 'ကာ' ဆိုတဲ့ အသံထွက်ဖို့ 'က'ဆိုတဲ့ ဗျည်းနဲ့'အာ'ဆိုတဲ့ သရပေါင်းဆိုလိုက်မှ 'ကာ' ဆိုတဲ့ အသံထွက်တယ်ကွဲ့"

" သရမပါဘဲ ဗျည်းသက်သက်ဆိုရင် အသံက တစ်ဝက်ပဲထွက်လို့ ဗျည်းကို အသံထွက်လို့မရဘူးလို့ ပြောကြတာပေါ့။ အသံတစ်ဝက်ဆိုတာက 'က' လို့ အပြည့်မဆိုသေးဘဲ ပါးစပ်ထဲမှာ တစ်ဝက်တစ်ပျက်လောက်ပဲ တာစူပြီး ရပ်ထားတဲ့ အနေအထားမျိုးပေါ့။ (ကျွန်တော်က 'က' ဟု ဆိုမည့်ဟန် ပါးစပ်ကို ဟပြောလိုက်သည်။) အဲဒီလောက်ပဲပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"အဲဒီ'က'ဗျည်းသံ တစ်ဝက်တစ်ပျက်နဲ့ အာဆိုတဲ့ သရသံနဲ့ပေါင်းပြီး ဆိုလိုက်တော့ ဘယ်လိုအသံထွက်လာသလဲ သမီး"

"အဲ. . .'က. . . အာ'၊ 'ကအာ'၊ 'ကာ'လို့ ထွက်ပါတယ် ဆရာကြီး"

"ဟုတ်တယ်။ အဲဒီသဘောပဲ၊ ညဗျည်းနဲ့ အူသရပေါင်းရင် 'ညူ' လို့ အသံထွက်တယ်၊ 'ဝ' ဗျည်းနဲ့ 'အေ' သရပေါင်းရင် 'ဝေ' လို့ အသံထွက်တာ ပေါ့ကွယ်"

"နားလည်ပါပြီ ဆရာကြီး"

"ခုပြောကြတဲ့ 'ကာ၊ ညူ၊ ဝေ' ဆိုတဲ့စာလုံးတွေမှာ က၊ ည၊ ဝ ဆိုတဲ့ ဗျည်းတွေနဲ့ ပေါင်းတဲ့သရတွေက ဘယ်ဟာတွေလဲကွဲ့"

"ဟုတ်ကဲ့။ ရေးချ၊ နှစ်ချောင်းငင်၊ သဝေထိုး ဆိုတဲ့ စာလုံးတွေပါ"

"ဟုတ်ပြီ ။အဲဒီရေးချဟာ အာသရ၊ နှစ်ချောင်းငင်ဟာ အူသရ၊ သဝေထိုးဟာ အေသရနဲ့ အတူတူပဲနော်။ ပုံစံပြောင်းပြီးရေးထားတာတွေဆိုတာ ဆရာပြောပြီးပြီနော်"

"သမီးမှတ်မိပါတယ် ဆရာကြီး"

"ကဲ. . . အရေးကြီးတာလာပြီ။ 'က' ဆိုတဲ့အသံထွက်ဖို့ ဘယ်ဗျည်းနဲ့၊ ဘယ်သရနဲ့ ပေါင်းရသလဲ သမီးတို့"

"က ဗျည်းနဲ့ အ သရနဲ့ ပေါင်းရပါတယ် ဆရာကြီး"

"ဟုတ်တယ်။ က တစ်ဝက်သံနဲ့ အ သရနဲ့ပေါင်းပြီး 'က အ' 'က အ'လို့ ဆိုရင် 'က' ဖြစ်သွားတယ်နော်"

"ဟုတ်ပါတယ်"

"ဒီလိုဆိုရင် အဲဒီ 'က' ဆိုတဲ့ အသံအတွက် ဗျည်းသံကိုဘယ်စာလုံးနဲ့ ဖော်ပြသလဲ"

" 'က' နဲ့ ဖော်ပြပါတယ် ဆရာကြီး"

"အ သရကိုရော ဘယ်စာလုံးနဲ့ဖော်ပြသလဲ"

"ဟာ. . . အ သရကို ဖော်ပြတဲ့စာလုံးမပါဘူးနော် ဆရာကြီး"

"အေး. . . ကျန်တဲ့သရတွေကို ဖော်ပြတဲ့စာလုံးတွေ အားလုံးရှိတယ်။ စောစောက ပြောပြီးပြီလေ။ 'ကာ' မှာ အာ သရကို 'ရေးချ'နဲ့ ဖော်ပြတယ်။ 'ညူ' မှာ အူ သရကို 'နှစ်ချောင်းငင်' နဲ့ ဖော်ပြတယ်။ 'ဝေ' မှာ 'အေ' သရကို 'သဝေထိုး' နဲ့ ဖော်ပြတယ်မဟုတ်လား"

"ဟုတ်ကဲ့ပါ"

"ကဲ -အခု 'က' မှာကျတော့ 'အ' သရကို ဘာနဲ့ဖော်ပြသလဲ"

"အ သရကိုဖော်ပြတဲ့ စာလုံးမပါပါဘူး ဆရာကြီး။ က ဗျည်းကို ဖော်ပြတဲ့ 'က' ပဲ ပါပါတယ်။ 'အ' သရအတွက် စာလုံးသတ်သတ် မပါပါဘူး"

"ဟုတ်ပြီ။ ဘယ်ဗျည်းနဲ့ပဲတွဲတွဲ အ သရကို ဖော်ပြတဲ့ စာလုံးသီးခြား မပါဘူးနော်။ အသံထွက်ရင်တော့ ဗျည်းနဲ့တွဲနေတဲ့ အဲဒီ အ သရပါတယ်လို့ သဘောထားပြီး အသံထွက်ရတယ်။ 'ည' ဆိုရင် ညဗျည်းမှာ အသရ တွဲပြီးသားလို့ နားလည်ရတယ်။ ပ ဗျည်းဆိုလည်း ဒီလိုပဲ။ ဘယ်ဗျည်းမဆို အ သရတွဲနေတယ်လို့ သဘောထားရတယ်"

"စိတ်ဝင်စားစရာပဲနော် ဆရာကြီး"

"ဒီတော့ အဲဒီ အ သရပါတယ်လို့ပြောပေမယ့် တကယ်မြင်ရသလား"

"မမြင်ရပါဘူး ဆရာကြီး"

"ဒါကြောင့် ဗျည်းမှာတွဲတဲ့ 'အသရ'ကို ကိုယ်ပျောက်နေလို့ 'ကိုယ်ပျောက်သရ' လို့ခေါ်နိုင်တယ်ကွဲ့။ ရှေးက ပညာရှင်တွေကတော့ 'အတွင်းငုပ်သရ' လို့ ခေါ်တယ်။ ဗျည်းအတွင်းမှာ ငုပ်နေတယ်ဆိုတဲ့ အဓိပ္ပာယ်ပေါ့"

"ဟုတ်ကဲ့ပါ"

"အဲဒီတော့ 'က' လို့ရေးရင် နောက်က အ သရပါသလား၊ မပါဘူးလား ဆိုတာ ကွဲကွဲပြားပြား သိနိုင်ပါ့မလား"

"မသိနိုင်ပါဘူး ဆရာကြီး"

"အ သရမပါဘဲ က ဗျည်းသက်သက်ကိုလည်း 'က' လို့ရေးတယ်။ နောက်က 'အ သရ' တွဲတဲ့ 'က' ကိုလည်း 'က' လို့ပဲ ရေးတယ်။ ဒီတော့ အ သရမပါကြောင်း ကွဲကွဲပြားပြားပြချင်ရင် ဘယ်လိုလုပ်ရတယ်ထင်သလဲ"

"မသိပါဘူး ဆရာကြီး"

"အဲဒီ 'က'ဆိုတဲ့ စာလုံးအပေါ်က ရှေ့ထိုးလို အကောက်ကလေးတင်လိုက်တာပေါ့ကွယ်။ ဒီလိုလေ။ (ကျွန်တော်က'က်'ဟုရေးပြလိုက်သည်။)

"အဲဒီအကောက်ကလေးက အသတ်မဟုတ်လား ဆရာကြီး"

"ဟုတ်တယ်၊ ဟုတ်တယ်။ အဲဒီ'က'ဗျည်းမှာ အ သရ မပါဘူး၊ အ သရသံကို သတ်လိုက်ပြီဆိုတဲ့ အဓိပ္ပာယ်နဲ့ အသတ်လို့ခေါ်တာပဲကွဲ့"

"ဒီလိုဆိုရင် အသတ်ဆိုတာ ဗျည်းမှာ တွဲနေတဲ့ 'အသရ' ကို သတ်လိုက်တဲ့ အမှတ်အသားမို့ အသတ်လို့ခေါ်တာပေါ့နော်ဆရာကြီး"

"ဟုတ်ပါ့ဗျာ။ ကဲ- ဒါကို ဘယ်လိုအသံထွက်မလဲ"('ကတ'ဟု ရေးပြလိုက်သည်။)

" 'ကတ' လို့ ထွက်မှာပေါ့ ဆရာကြီး"

"ကဲ-နောက်က တကို သတ်လိုက်ပြီး 'ကတ်' လို့ရေးရင်ကော"

"ကတ်လို့အသံထွက်ပါတယ် ဆရာကြီး"

"ဟုတ်တာပေါ့။ နောက်က 'တ်' မှာ'အ' သရမရှိတော့ဘူးဆိုတော့ 'တ' ဗျည်းသံတစ်ဝက်ပဲ ထွက်တော့တာပေါ့။ အဲဒီ တစ်ဝက်သံကို ရှေ့က 'က' နဲ့ ပေါင်းလိုက်တော့ 'ကတ်' လို့ ထွက်သွားတာပေါ့ကွယ်။ အင်္ဂလိပ်လို ရေးရင် ' cut ' နဲ့ နီးစပ်တာပေါ့။ မြန်မာစကားက အဆုံးဗျည်းသံမထွက်တော့ နောက်က 't' သံကို ပီပီသသဆိုစရာ မလိုဘူးလေ"

အဲဒီ 't' သံထည့်မဆိုရင် 'ကတာ'လို့ပဲ ထွက်တာပေါ့။ ဒါ သမီးတို့ နားလည်လွယ်အောင် ရှင်းပြတာပါ"

"နားလည်ပါတယ် ဆရာကြီး"

" ဒီလိုဆိုရင် 'အသတ်' ဆိုတာဘာလဲ။ သမီးတို့နားလည်သွားပြီ။ ဗျည်းမှာရှိနေတဲ့ 'အ သရသံ' ကို သေအောင်သတ်လိုက်တဲ့အမှတ်အသားမို့ 'အသတ်'လို့ ခေါ်တယ်ဆိုတာကိုပေါ့ကွယ်။ ဒီတော့ ကလေးတွေကို 'သဝေထိုး ကကြီး ရေးချ ကသတ် ကောက်' လို့ စာလုံးပေါင်းသင်ပေးရင် နောက်ဆုံးက 'က သတ်' ဆိုတာ 'က' ထဲမှာ ကိုယ်ပျောက်နေတဲ့၊ ဒါမှမဟုတ်ရင်လည်း ငုပ်နေတဲ့ အ သရသံ သေသွားအောင်၊ အသံမထွက်တော့အောင် 'အသတ်' ဆိုတဲ့ အကောက်ကလေးနဲ့သတ်ထားတာလို့ နားလည်ရမှာပေါ့ကွယ်"

## ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးလုပ်ငန်း မြို့နယ်အဆင့် အသိပေးရှင်းလင်း

**မြိုင် အောက်တိုဘာ ၂၅**

မြန်မာနိုင်ငံ ကျန်းမာရေးမှူး အသင်းနှင့် ယူနီဆက် (UNICEF) အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် ပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး လုပ်ငန်း မြို့နယ်အဆင့် အသိပေးရှင်းလင်းပွဲကို အောက်တိုဘာ ၂၂ ရက် နံနက် ၁၀ နာရီက မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့ မြို့နယ်ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါရှင်းလင်းပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူးကိုယ်စား၊ ဒုတိယဦးစီးမှူး ဦးရဲသူကျော်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးမှူးကိုယ်စား သွားဘက်ဆိုင်ရာ ဆရာဝန် ဒေါက်တာရဲလင်းသန်းက မြို့နယ်ကျန်းမာရေး ဝန်ထမ်းများကလည်း ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေးလုပ်ငန်း (CLTS)တွင် ပါဝင်ဆောင်ရွက်ရေး လုပ်ငန်းများ ရှင်းလင်းခြင်း၊ မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်း ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် ဦးသန်းမြင့်က အသင်း၏အကြောင်းနှင့် ဆောင်ရွက်နေသော စီမံချက်များအကြောင်း ရှင်းလင်းပြောကြားခြင်း၊ မြိုင်မြို့နယ် စီမံချက်အဖွဲ့ ခေါင်းဆောင် ဦးလှအောင်က စီမံချက်လုပ်ငန်းများဖြစ်သည့် ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေးလုပ်ငန်း (CLTS) အတွက် မြိုင်မြို့နယ်တွင် ရွာပေါင်း ၄၉ ရွာတို့မှ လူဦးရေ ၄၆၉၀၅ ဦးတို့အား ပတ်ဝန်းကျင်သန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဟောပြောပညာပေးခြင်းနှင့် လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်မှုကို ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၅ ရက်မှ ၂၀၁၅ ခုနှစ် ဇွန် ၁၅ ရက်အထိ ခြောက်လကြာ ဆောင်ရွက်သွားမည်ဖြစ်ပြီး လူတို့၏ပတ်ဝန်းကျင် သန့်ရှင်းရေးတွင် အဓိကဖြစ်သည့် ယင်လုံအိမ်သာများအကြောင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးရှင်းလင်း ပြောကြားသည်။

ထို့နောက် စီမံကိန်းညှိနှိုင်းရေးမှူး ဦးအောင်ခင်က စီမံချက်နှင့် ပတ်သက်၍ ဆောင်ရွက်ကြမည့် အဖွဲ့များနှင့် မြို့နယ်/ကျေးရွာအုပ်စုများမှ ကျေးရွာပြည်သူများ ကိုယ်တိုင်ပါဝင် ဆောင်ရွက်ရေးအဖွဲ့တို့ကို စီမံချက်လုပ်ငန်းများ ညှိနှိုင်းဆောင်ရွက်ပေးပြီး တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့တို့က ပြန်လည်ဆွေးနွေးတင်ပြကြရာ တင်ပြမှုကို ညှိနှိုင်းရေးမှူးက ပြန်လည် ဖြေကြားခဲ့ကြောင်း သိရသည်။ **(၁၃၅)**



## နမ့်ခမ်းတွင် ကျေးလက်ပြည်သူ့စာကြည့်တိုက်ဖွင့်

**မူဆယ် အောက်တိုဘာ ၂၄**

ရှမ်းပြည်နယ် မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ် စယ်ဟိုင်း(မန့်ကန့်)ကျေးရွာပြည်သူ့စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို အောက်တိုဘာ ၂၃ ရက် နံနက် ၁၀ နာရီက ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းတင်ဦး၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ် သက်ထွန်းဦး၊ မူဆယ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအယ်လ်စိုးထန်တူး၊ နမ့်ခမ်းမြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးဇော်မိုးဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါစာကြည့်တိုက်ကို မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းမှ မတည်ငွေကျပ် ၁၀ သိန်း၊ ကျေးရွာပြည်သူများ ထည့်ဝင်လှူဒါန်းငွေကျပ် သိန်း ၄၀ ဖြင့် ဆောက်လုပ်ပြီးစီးခဲ့ခြင်းဖြစ်သည်။

အဆိုပါကျေးရွာစာကြည့်တိုက်သည် ၂၄ နာရီ လျှပ်စစ်မီးရရှိပြီး သုတ/ရသစာအုပ်မျိုးစုံ ၁၃၀၀ အုပ်ကျော်ထားရှိသည့်အပြင် Public Digital Library Service (PDLS) တပ်ဆင်ပေးခြင်း၊ ပြည်သူများ လွယ်လင့်တကူကြည့်ရှုအပန်းဖြေနိုင်ရန်အတွက် Media ပစ္စည်းဖြစ်သော Sky Net တပ်ဆင်ပေးထားကြောင်း သိရသည်။ **(အပေါ်ပုံ)**

**အယ်လ်စိုး(iprd)**

အခွန်တာဝန်ကျေပွန်သူ

ကျေးဇူးတင်ကြ တို့ပြည်သူက

# စစ်ဘေးရှောင် လီဆူတိုင်းရင်းသားမိသားစုဝင်များအား ရှမ်းပြည်နယ်အစိုးရအဖွဲ့က ဆန်၊ ဆီ၊ ဆား၊ ကုလားပဲများထောက်ပံ့

**လားရှိုး အောက်တိုဘာ ၂၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့နယ် အီနိုင်းကျေးရွာအုပ်စု ဆင်ကြိုင်ကျေးရွာ စစ်ဘေးရှောင် အိမ်ထောင်စုဝင်များအား ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့သော ဆန်၊ ဆီ၊ ဆား၊ ကုလားပဲများ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၅ ရက် နံနက် ၈ နာရီခွဲက အီနိုင်းကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။



စစ်ဘေးရှောင် လီဆူတိုင်းရင်းသားမိသားစုအိမ်ထောင်စု ၅၀၊ အမျိုးသား ၁၅၃ ဦး၊ အမျိုးသမီး ၁၆၁ ဦး စုစုပေါင်း ၃၁၄ဦးတို့အား တစ်ဦးလျှင် ဆန်ရှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ဆားတစ်ပိဿာ၊ ကုလားပဲ နှစ်ပိဿာဖြင့် စုစုပေါင်းဆန် ၁၀၄ အိတ်၊ ၁၆ ပြည်၊ ဆီ ၁၅၇ ပိဿာ၊ ဆား ၃၁၄ ပိဿာ၊ ကုလားပဲ ၆၂၈ ပိဿာတို့ကို လီဆူတိုင်းရင်းသားရေးရာဝန်ကြီး ဦးယောဝိ၊ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးစိန်အုပ်၊ လားရှိုးခရိုင်အုပ်ချုပ်ရေးမှူး ဦးမြတ်မိုးတို့က ပေးအပ်ခဲ့ကြသည်။

စစ်ဘေး ရှောင်မိသားစုများကို ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ ထောက်ပံ့သော စားသုံးကုန်ပစ္စည်းများမှာ စုစုပေါင်းတန်ဖိုးငွေကျပ် ၃၂၉၇၀၀၀ ဖြစ်ကြောင်း သိရသည်။

**ဟန်ဌေး(iprd)**

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

# ဂြိုဟ်ပြေနံ့ပြေဘုရားရောက် မြွေကြီးသုံးကောင် လာရောက်ကြည့်ရှုသူ အလွန်များပြား

**ပြင်ဦးလွင် အောက်တိုဘာ ၂၅**

ပြင်ဦးလွင်မြို့ မန္တလေး-လားရှိုးလမ်း မိုင်တိုင်အမှတ် (၂၈ မှ ၃၀) အတွင်းရှိ သုံးတောင်ကျေးရွာတွင် လွန်ခဲ့သောရက်ပိုင်းက ရောက်ရှိလာသော မြွေကြီးသုံးကောင်ကို စိတ်ဝင်တစားဖြင့် လာရောက်ကြည့်ရှုကြသော ပရိသတ်များ အလွန်များပြားကြောင်း သိရသည်။

မြွေကြီးသုံးကောင်ကို လာရောက်ကြည့်ရှုကြသော ဧည့်ပရိသတ်များသည် တည်ဆောက်ဆဲဂြိုဟ်ပြေနံ့ပြေဘုရားသို့လည်း အလှူငွေများ ထည့်ဝင်လှူဒါန်းကြရာ အောက်တိုဘာ ၁၉ ရက်မှ ၂၄ ရက်အထိ ခြောက်ရက်တာအတွင်း အလှူငွေကျပ် သိန်းတစ်ရာကျော် ရရှိပြီဖြစ်ကြောင်း သိရသည်။

သုံးတောင်ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့နှင့် ဘုရားဂေါပကအဖွဲ့မှ ဦးစီး၍ နေ့စဉ် ဘုရားဖူးမြော်ရင်း မြွေကြီးသုံးကောင်ကို လာရောက်ကြည့်ရှုကြသော အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးဧည့်သည်များကို နံနက်ပိုင်းတွင် ထမင်းကျွေးခြင်း၊ ညနေပိုင်းနှင့် ညပိုင်းတွင် စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးလျက်ရှိပြီး လာရောက်ကြည့်ရှုသူ ဧည့်ပရိသတ်များပြားသောကြောင့် ဘုရားကုန်းတော်ပေါ်တွင် စားသောက်ဆိုင်တန်းများ၊ လူသုံးကုန်ပစ္စည်းအမျိုးမျိုး ရောင်းချသောဆိုင်တန်းများ၊ အဝတ်အထည်ရောင်းချသော ဈေးဆိုင်တန်းများဖြင့် စည်ကားလျက်ရှိနေကြောင်း သိရသည်။

ကျေးရွာ ဘုရားဂေါပကများ အနေဖြင့် လာရောက်ကြသော ဧည့်ပရိသတ်များ အဆင်ပြေချောမွေ့စေရန်အတွက် ဘုရားအဝင်လမ်းခင်းခြင်း၊ မော်တော်ကား၊ မော်တော်ဆိုင်ကယ်များကို စနစ်တကျနေရာ သတ်မှတ်ပေးထားခြင်းနှင့် တည်ဆောက်ဆဲဘုရားနှင့် မြွေကြီးသုံးကောင်၏ ဖြစ်စဉ် ဗီဒီယိုမှတ်တမ်းများကို အများမြင်သာအောင် ပြသထားသည်။ **သက်နိုင်(ပြင်ဦးလွင်)**



❖ *ကျောဖုံးမှ*

ဖြည့်ဆည်းပေးလိုခြင်းတို့ကြောင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ဆရာတော်ကြီးက နိုဝင်ဘာလ ဒုတိယပတ်အတွင်း ဗုဒ္ဓမြတ်စွာ ဖွားတော်မူရာ နီပေါနိုင်ငံ လုမ္ဗိနီဥယျာဉ် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် အမေရိကန်ဒေါ်လာတစ်သိန်း မတည်လှူဒါန်းပြီး ဆောင်ရွက်နေမှုများကိုလည်း မိန့်ကြားသည်။

အပြည်ပြည်ဆိုင်ရာ ဝိပဿနာ တက္ကသိုလ်ကြီးကို ဆက်လက်တည်ဆောက်လျက်ရှိရာ ယခုအခါ ဉာဏ်တော်အမြင့် ၅၄ ပေရှိ ရွှေစည်းခုံစေတီတော်၊ ရေဂါလန်ငါးသောင်းဆံ့ အုတ်ရေကန် နှစ်ကန်၊ ဆရာတော်ကြီး သီတင်းသုံးတော်မူမည့် ကျောင်းတော်၊ လက်ထောက်ဆရာတော်ကျောင်းတော်၊ ဧည့်ခံကြိုဆိုရေးအဆောင်နှင့် လျှပ်စစ်မီးစက်အဆောင်တို့ကို ဆောက်လုပ်ပြီးစီးနေပြီဖြစ်ပြီး ယောဂီ ၃၀၀ ဆံ့ ဓမ္မဗိမာန်တော်၊ အမျိုးသားယောဂီ ၁၀၀ အတွက် အခန်းပေါင်းတစ်ရာ၊ ထမင်းစားဆောင်နှင့် မီးဖိုချောင်၊ အမျိုးသမီးယောဂီ ၁၀၀ အတွက် အခန်းပေါင်းတစ်ရာ၊ ထမင်းစားဆောင်နှင့် မီးဖိုချောင်တို့ ဆက်လက်တည်ဆောက်လျက်ရှိရာ ၆၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သည်။

# ပုလဲသွယ်စံကွက်ရိတ်သိမ်းပွဲကျင်းပ

**ပြည် အောက်တိုဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးမြင့်လွင်၊ ပြည်ခရိုင်ဦးစီးမှူးနှင့် ခရိုင်၊ မြေ၊ မျိုး၊ ပိုး ဦးစီးအရာရှိများ၊ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ စိုက်ပျိုးကြီးကြပ်မှုကော်မတီဝင်များသည် အောက်တိုဘာ ၂၄ ရက်က ပြည်မြို့နယ် သစ်ချီတင်အုပ်စု ရှမ်းကုန်းကျေးရွာ ကွင်းအမှတ် (၃၇၇ B) ကွင်းရှိ တောင်သူဦးကျော်သိန်း၏ မိုးစပါး ပုလဲသွယ်အုပ်စုအဆင့် ၁၀ ဧက စံပြကွက်ဧရိယာအတွင်း ၆၆ ပေပတ်လည် စံကွက်ရိတ်သိမ်းခဲ့ရာ တစ်ဧကအထွက် အစို ၁၉၅ တင်းနှုန်း၊ အခြောက် ၁၇၈ တင်းနှုန်းထွက်ရှိပြီး တက်ရောက်လာသော တောင်သူများကို ပုလဲသွယ်စပါး စိုက်ပျိုးနည်းပညာများနှင့် ပုလဲသွယ်စပါးစိုက်ပျိုးခြင်းဖြင့် တောင်သူများ ဝင်ငွေတိုးတက်ရရှိလာနိုင်ကြောင်း၊ မျိုးသန့်ပွားများခြင်း၊ မျိုးထုတ်ခြင်းလုပ်ငန်းများဖြင့် တောင်သူများ အကျိုးအမြတ်ရရှိနိုင်ခြင်းတို့ကို ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။

**(၁၀၅)**

# ယာဉ်တိုက်မှုအများဆုံးဖြစ်ပွားခြင်းသည် မဆင်မခြင် မောင်းနှင်ခြင်းကြောင့်ဖြစ်

**ရန်ကုန် အောက်တိုဘာ ၂၅**

၂၀၁၄ ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအထိ ကိုးလတာကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးတစ်ခုလုံး ယာဉ်မတော်တဆမှု ၂၂၆၃ မှုဖြစ်ပွားခဲ့ရာ အမျိုးသား ၃၅၆ ဦး၊ အမျိုးသမီး ၆၉ ဦး စုစုပေါင်း ၄၂၅ ဦး သေဆုံးခဲ့ကြောင်း၊ ဒဏ်ရာရရှိသူအနေဖြင့် အမျိုးသား ၂၂၆၇ ဦးနှင့် အမျိုးသမီး ၉၉၇ ဦး စုစုပေါင်း ၃၂၆၄ ရှိကြောင်း၊ လူသားအရင်းအမြစ်များ ဆုံးရှုံးနေရသည့်အတွက် ဝမ်းနည်းဖွယ်ဖြစ်ရသကဲ့သို့ နှမြောဖို့လည်းကောင်းကြောင်း အမှတ်(၂) ယာဉ် ထိန်းရဲတပ်ဖွဲ့ခွဲ(ရန်ကုန်) တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီးလင်းထွန်းက ပြောကြား သည်။

“ဒဏ်ရာရရှိသူတွေထဲမှာ ထာဝရမသန်စွမ်းဘဝ ရောက်သွားရသူများလည်း ရှိပါတယ်။ အသက် ၂၁ နှစ်မှ အသက် ၄၀ အတွင်း သေဆုံးမှုနဲ့ ဒဏ်ရာရမှုတွေ အများဆုံးဖြစ်ပါတယ်” ဟု ၎င်းက ဆက်လက်ပြောပြသည်။

ယာဉ်မတော်တဆမှုများဖြစ်စေသည့် အကြောင်းအရင်းများထဲမှာ လူကြောင့်ဖြစ်သည့် ယာဉ်မတော်တဆမှုက ၉၉ ရာခိုင်နှုန်းရှိပြီး ယာဉ်၏ အစိတ်အပိုင်းများကြောင့်ဖြစ်သည့် ယာဉ်မတော်တဆမှု၊ ရာသီဥတုကြောင့်ဖြစ်သည့် မတော်တဆမှုနှင့်လမ်းကြောင့်ဖြစ်သည့် မတော်တဆမှုများက မရှိသလောက်နည်းကြောင်း။

အများဆုံးဖြစ်ပွားခြင်းမှာ ယာဉ်ကိုမဆင်မခြင်မောင်းနှင်ခြင်းကြောင့်ဖြစ်ပြီး ယာဉ်မတော်တဆဖြစ်ပွားမှု၏ ၅၀ ရာခိုင်နှုန်းရှိပြီး ဒုတိယအများဆုံးဖြစ်ပွားမှုမှာ ယာဉ်မောင်းကျွမ်းကျင်မှုမရှိခြင်း၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းနားမလည်ခြင်း၊ လမ်းသွားလမ်းလာ ပေါ့ဆခြင်းကြောင့် ဖြစ်ကြောင်း။

မူးယစ်မောင်းနှင်ခြင်းနဲ့ အခြားသော ပေါ့ဆမှုကတော့ ရာနှုန်းအနည်းငယ်သာတွေ့ရကြောင်း၊ မဆင်မခြင်မောင်းနှင်ခြင်း၊ လမ်းသွားလမ်းလာ ပေါ့ဆမှုတွေဟာ ယာဉ်စည်းကမ်း လမ်းစည်းကမ်းကို လိုက်နာမှုအားနည်းတာ၊ အချို့လုံးဝနားမလည်တာကြောင့်ဖြစ်ကြောင်း အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ (ရန်ကုန်) မှ သိရသည်။

ဒုတိယရဲမှူးကြီးလင်းထွန်းက “ နောက်တစ်ချက်ကတော့ ယာဉ်မောင်းလိုင်စင်မရှိဘဲ မောင်းနှင်မှုဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအထိ ကိုးလကာလအတွင်းမှာ ယာဉ်မောင်းလိုင်စင်မရှိဘဲ မောင်းနှင်မှု ၄၁၇ မှုရှိပါတယ်။ ရာနှုန်းအားဖြင့် ၂၀ ရာခိုင်နှုန်းရှိပါတယ်။ ယာဉ်မောင်းသူအားလုံးဟာ ယာဉ်မောင်းလိုင်စင်ရှိရပါမယ်။ ယာဉ်မောင်းလိုင်စင်ရှိခြင်းဟာ ယာဉ်မောင်းကျွမ်းကျင်မှုရှိခြင်းနဲ့ ဆက်စပ်နေပါတယ်။ မော်တော်ယာဉ်တွေကို အများစုဝယ်ယူလာနိုင်တဲ့ အခြေအနေမှာ ယာဉ်မောင်းလိုင်စင်မရှိ၊ ကျွမ်းကျင်မှုမရှိသေးဘဲ အလွယ်တကူ မောင်းနှင်တဲ့အတွက် ယာဉ်မတော်တဆမှုတွေဖြစ်ပွားစေတယ်လို့ထင်ပါတယ်” ဟု ပြောသည်။

“နောက်တစ်ချက်ကတော့ ယာဉ်ချင်းတိုက်မှုက အများဆုံးဖြစ်ပြီး ယာဉ်က လူကိုတိုက်မှုက ဒုတိယအများဆုံးဖြစ်ပါတယ်။ ယာဉ်ဆိုတဲ့နေရာမှာ မော်တော်ယာဉ်နဲ့ ဆိုင်ကယ်တွေအားလုံးပါဝင်ပါတယ်။ ဖြစ်ပွားတဲ့ ယာဉ်တွေမှာလည်း ကိုယ်ပိုင်ယာဉ် ၉၇၉ မှု၊ မော်တော်ဆိုင်ကယ် ၄၀၂ မှု အများဆုံးဖြစ်ပွားပါတယ်။ ဒီနှစ်မျိုးစလုံးဟာ မှတ်ပုံတင်ယာဉ်စီးရေထဲမှာ အများဆုံးဖြစ်တဲ့အတွက် မတော်တဆမှု အများဆုံးလို့ ဆိုနိုင်ပါတယ်။

ဒါ့အပြင် လစဉ်ဖြစ်ပွားမှုတွေမှာ တက္ကစီယာဉ်နဲ့ ခရီးသည်တင်ယာဉ်တွေကလည်း မှတ်ပုံတင်အရေအတွက်နဲ့ကြည့်မယ်ဆိုရင် ဖြစ်ပွားမှုများတဲ့ အထဲပါရှိပါတယ်။ မှတ်ပုံတင်ယာဉ် ငါးသိန်းရှစ်သောင်းနဲ့ အချိုးချရင်တော့ တင်သွင်းမှုအများဆုံးဖြစ်တဲ့ ကိုယ်ပိုင်ယာဉ်နဲ့ ဆိုင်ကယ်တွေက များတယ်ဆိုပေမယ့် အမျိုးအစားတစ်ခုချင်းအလိုက် ဖြစ်ပွားမှုနဲ့ တွက်မယ်ဆိုရင်တော့ ကိုယ်ပိုင်ယာဉ်တွေ၊ တက္ကစီတွေ၊ ခရီးသည်တင်ယာဉ်တွေ၊ ဆိုင်ကယ်တွေ အားလုံး ယာဉ်မတော်တဆမှုတွေမြင့်တက်နေပါတယ် လို့ သုံးသပ်နိုင်ပါတယ်” ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်စည်းကမ်း လမ်းစည်းကမ်းထိန်းသိမ်းဆောင်ရွက်မှုအနေဖြင့် ယာဉ်ထိန်းရဲတပ်ဖွဲ့အပြင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအပါအဝင် ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီအစီအစဉ်ဖြင့် ဖွဲ့စည်းပေးထားသည့် ပူးပေါင်းအဖွဲ့များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့အစီအစဉ်ဖြင့် ဖွဲ့စည်းထားသော ပူးပေါင်းအဖွဲ့များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ တပ်ဖွဲ့စု၊ မြို့နယ်အလိုက် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များက ယာဉ်စည်းကမ်းဖောက်ဖျက်ကျူးလွန်မှုများကို အရေးယူလျက်ရှိကြောင်း သိရသည်။ ထို့အပြင် လမ်းဆုံမီးပွိုင့်(၂၂) နေရာတွင် စီစီတီဗွီကင်မရာများတပ်ဆင်ထားပြီး စည်းကမ်းဖောက်ဖျက်မှုများကို မှတ်တမ်းတင်အရေးယူလျက်ရှိကြောင်း သိရသည်။



ရန်ကုန်မြို့ အလုံမြို့နယ်၌ အရှိန်မထိန်းနိုင်သော ယာဉ်တစ်စီး ယာဉ်တိုက်မှုဖြစ်ပြီး နောက်တွေ့ရစဉ်။ ဓာတ်ပုံ-မှတ်တမ်း (မြန်မာ့အလင်း)

နေ့စဉ်အရေးယူမှုအဖြစ် ချလန်ဖြတ် ဖမ်းဆီးအရေးယူခြင်း၊ ဓာတ်ပုံရိုက်မှတ်သားဖမ်းဆီးအရေးယူခြင်း၊ စတစ်ကာကပ်မှတ်သားဖမ်းဆီး အရေးယူခြင်း၊ စီစီတီဗွီကင်မရာဖြင့် မှတ်တမ်းတင်အရေးယူခြင်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ Face book နှင့် gmail မှတစ်ဆင့် အရေးယူခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်းလည်း သိရသည်။

“နေ့စဉ်ယာဉ်စည်းကမ်း စစ်ဆေးအရေးယူမှုအနေဖြင့် မြို့နယ်တပ်ဖွဲ့စုများအလိုက် ယာဉ်အန္တရာယ်ကင်းရှင်းရေးအဖွဲ့များမှ မှတ်သားအရေးယူခြင်း၊ ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီမှ ဖွဲ့စည်းထားသောပူးပေါင်းအဖွဲ့(၁၀)ဖွဲ့မှ တစ်နေ့လျှင် လေးဖွဲ့ဖြင့် စစ်ဆေးအရေးယူခြင်း၊ မြို့နယ်တပ်ဖွဲ့စုမှ ထုတ်နုတ်ထားသော ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ ၁၀ ဖွဲ့ဖြင့် အရေးယူခြင်း၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများသို့ မှတ်သားဖမ်းဆီးစာအုပ်များဖြန့်ဝေပြီး မှတ်သားအရေးယူခြင်း၊ စည်းကမ်းထိန်းသိမ်းရေးတာဝန်ကျတပ်ဖွဲ့ဝင်များက ချလံဖြတ်ဖမ်းဆီးခြင်း၊ မှတ်သားဖမ်းဆီးခြင်း၊ ဓာတ်ပုံရိုက်မှတ်တမ်းတင်ဖမ်းဆီးခြင်း၊ စတေကာကပ်ဖမ်းဆီးခြင်း၊ ယာဉ်ကြောသွားလာမှုကို လွယ်ကူစေဖို့ ယာဉ်စည်းကမ်းအရေးယူမှုတွေ ဆောင်ရွက်လျက်ရှိပါတယ်” ဟု ပြောကြားသည်။

၂၀၁၄ ခုနှစ် ဩဂုတ်လအထိ မော်တော်ယာဉ်မှတ်ပုံတင်စာရင်းအရ ရန်ကုန်မြို့၌ မှတ်ပုံတင်ယာဉ်စီးရေ ၄၁၂၁၅ စီး၊ ဆိုင်ကယ် ၁၇၅၀၆၂ စီး ရှိကြောင်း၊ ရန်ကုန်မြို့အတွင်း နေ့စဉ်သွားလာနေသည့်ယာဉ်များထဲတွင် အခြားသောတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ မှတ်ပုံတင်ထားသော ယာဉ်များ ပါသွားလာနေပြီး တစ်နိုင်ငံလုံးယာဉ်စီးရေ၏ ၈၀ ရာခိုင်နှုန်းသည် ရန်ကုန်မြို့တွင်း ကိုယ်ပိုင်ယာဉ်များနှင့် တက္ကစီယာဉ်အများစု သွားလာနေကြောင်း သိရသည်။

သို့ပါ၍ နေ့စဉ်နှင့်အမျှ မော်တော်ယာဉ်များ မောင်းနှင်သွားနေကြသော ယာဉ်မောင်းနှင်သူများ၊ အများပြည်သူလမ်းများပေါ်တွင် အသုံးပြုသွားလာနေသော ပြည်သူများသည် လိုအပ်သည့် လိုက်နာရမည့်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို အတိုင်းအတာတစ်ခုအထိ သိရှိနားလည်ခွင့် ရရှိသွားပါက တန်ဖိုးရှိလှသောလူတို့၏ အသက်ပေါင်းများစွာဆုံးရှုံးမှုများ၊ ထိခိုက်ဒဏ်ရာရရှိမှုများလျော့နည်းပပျောက်သွားမည်ဟု အပြည့်အဝယုံကြည်မိပါကြောင်း တင်ပြလိုက်ပါသည်။

**မေးရေး-အေးကို (သတင်းစဉ်)**

ပြည်တွင်းသတင်း

# ဆေးရုံကြီးပင်မအဆောက်အအုံ ရှေးမူမပျက် ပြုပြင်မွမ်းမံထိန်းသိမ်း



**ရန်ကုန် အောက်တိုဘာ ၂၅**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်သည် ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး သင်ကြား ရေးခန်းမ၌ဆေးရုံအုပ်ကြီးနှင့် ပါမောက္ခ/ဌာနမှူးများ၊ ဆောက်လုပ်ရေးလုပ်ငန်းများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။ **(ယာပုံ)**

ပြည်ထောင်စုဝန်ကြီးက တိုးချဲ့ ငါးထပ်ဆောင်နှင့် Modular OT တည်ဆောက်ရေးလုပ်ငန်း၊ အဏုမြူရောင်ခြည်ကုသဌာန (Cyclotron and PET/CT) အဆောက်အအုံ တည်ဆောက်ခြင်း လုပ်ငန်းကဲ့သို့သော အဆင့်မြင့်အဆောက်အအုံများတည်ဆောက်ခြင်း၊ ဆေးရုံကြီးပင်မအဆောက်အအုံရှေးမူမပျက် ပြုပြင်မွမ်းမံထိန်းသိမ်းခြင်း၊ ပြင်ပလူနာဌာန အဆင့်မြှင့်တင်ခြင်းတို့အတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးရန် လာရောက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာလှမြင့်က ရှင်းလင်းတင်ပြရာတွင် ငါးထပ်တိုးချဲ့ဆောင် အဆောက်အအုံ၏ မြေညီထပ်၊ ပထမ၊ ဒုတိယ၊ တတိယအလွှာများကိုသတ်မှတ်ချိန်အတွင်း ပြီးစီးအောင် ဆောင်ရွက်နေကြောင်း၊ စတုတ္ထအလွှာတွင် ခေတ်မီခွဲစိတ်ခန်း (Modular OT) ထားရှိနိုင်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ငါးထပ်ဆောင်နှင့် ပင်မဆောင် ဆက်သွယ်မည့် Sky Corridor တည်ဆောက်ခြင်းလုပ်ငန်းမှာလည်း ပြီးစီးတော့မည်ဖြစ်ကြောင်း၊ အဏုမြူရောင်ခြည်ကုသဌာန (Cyclotron and PET/CT) အဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်းမှာလည်း ၈၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ ပင်မအဆောက်အအုံရှေးမူမပျက် ပြုပြင်မွမ်းမံထိန်းသိမ်းခြင်းလုပ်ငန်းများကိုလည်း စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် တည်ဆောက်ဆဲငါးထပ်ဆောင် ဆောက်လုပ်ခြင်းလုပ်ငန်း၊ အဏုမြူရောင်ခြည်ကုသဌာန တည်ဆောက်ခြင်းလုပ်ငန်း၊ ပင်မဆောင် ရှေးမူမပျက် ပြုပြင်မွမ်းမံထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(မြန်မာ့အလင်း)**

---

**ရှေ့ဖုံးမှ**

ကဏ္ဍတွင် ပြည်ပကုမ္ပဏီအချို့ကို လုပ်ကိုင်ခွင့်ပြုခဲ့ခြင်းသည် ပြည်သူများအား ပိုမိုဝန်ဆောင်မှုပေးနိုင်သည့် တိုးတက်မှုကို ဖြစ်ပေါ်စေသော ယှဉ်ပြိုင်မှုတစ်ရပ်ဖြစ်စေခဲ့သည်။

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းသည် အရှိန်အဟုန်ဖြင့် တိုးတက်ဖွံ့ဖြိုးရန် အလားအလာကောင်းများ ရရှိနေရာ မြန်မာနိုင်ငံ၏ ဂျီဒီပီတိုးတက်မှုကို အထောက်အကူဖြစ်စေမည်ဖြစ်သည်။ မြန်မာနိုင်ငံသို့ ယခု ၂၀၁၄ ခုနှစ်၌ ကမ္ဘာလှည့်ခရီးသွားဧည့်သည် သုံးသန်းရောက်ရှိမည်ဟု ခန့်မှန်းထားရာ ပွင့်လင်းရာသီ၌ ခရီးသွားဧည့်သည်များ ပိုမိုလာရောက်ကြမည်ဖြစ်သည်။

မြန်မာနိုင်ငံအတွင်း ခရီးသွားဧည့်သည်များ လာရောက်ရာတွင် အခက်အခဲမရှိစေရန် အီးဗီဇာစနစ်ကို အသုံးပြုခဲ့ရာ နိုင်ငံတကာမှ ခရီးသွားများ ပိုမိုလာရောက်နိုင်ရန် အထောက်အကူပြုနိုင်ခဲ့သည်။ မြန်မာနိုင်ငံတွင် ခရီးသွားလုပ်ငန်းမှ ၂၀၁၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၅၃၄ သန်းခန့် ရရှိခဲ့ပြီး ၂၀၁၃ ခုနှစ်၌ အမေရိကန်ဒေါ်လာ ၉၂၆ သန်းခန့်ရရှိခဲ့သည်။ ယခု ၂၀၁၄ ခုနှစ်တွင် ခရီးသွားလုပ်ငန်းမှ အမေရိကန်ဒေါ်လာ တစ်ဘီလီယံခန့် ရရှိနိုင်မည်ဟု မြန်မာနိုင်ငံ ပုဂ္ဂလိကဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များက ခန့်မှန်းထားသည်။

ကမ္ဘာ့ခရီးသွားလုပ်ငန်း ကောင်စီကလည်း မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းသည် မြန်မာနိုင်ငံ ဂျီဒီပီ၏ ၃ ဒသမ ၇ ရာခိုင်နှုန်းရှိလာနိုင်ကြောင်းနှင့် ၂၀၁၄ ခုနှစ်ကုန်တွင် ပိုမိုတိုးတက်လာနိုင်ကြောင်း သုံးသပ်ထားသည်။ **(မြန်မာ့အလင်း)**

## မိုးလေဝသအခြေအနေ

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။ **(မိုး/ဇလ)**

---

**ရှေ့ဖုံးမှ**

ရေတာရှည်-ပျဉ်းမနား-ရမည်းသင်းအပိုင်း ၈၅ မိုင်နှစ်ဖာလုံ၊ ယုဇနကုမ္ပဏီက ရမည်းသင်းမှမိတ္ထီလာ ၄၈ မိုင်၊ သော်တာဝင်းကုမ္ပဏီက မိတ္ထီလာမှ မန္တလေး ၈၇ မိုင် ဖြစ်သည်။

ထိုသို့ ရန်ကုန်-ပဲခူး-မန္တလေး ပြည်ထောင်စုလမ်းမကြီးကို မူလနှစ်လမ်းသွားမှလေးလမ်းသွား အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိနေသော အေးရှားဝေါ်လ်ကုမ္ပဏီ၏ လုပ်ငန်းခွင်၊ ရေတာရှည်-ပျဉ်းမနား-ရမည်းသင်းအပိုင်းသို့ အောက်တိုဘာ ၂၄ ရက်က ကျွန်တော်သွားရောက်လေ့လာခဲ့သည်။ အေးရှားဝေါ်လ်ကုမ္ပဏီသည် လွန်ခဲ့သော ၁-၁၁-၂၀၀၁ ခုနှစ်မှစ၍ ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက BOT စနစ်ဖြင့် တာဝန်ပေးလုပ်ငန်းအပ်နှံခဲ့သဖြင့် ပြည်ထောင်စုလမ်းမကြီးမှ ပျဉ်းမနား-ရမည်းသင်းအပိုင်းကို တာဝန်ယူစတင်လုပ်ကိုင်ဆောင်ရွက်ခဲ့ရာ ၃၀-၅-၂၀၀၅ နေ့တွင် မြေသားလမ်းအကျယ် ၇၂ ပေနှင့်ကတ္တရာလမ်းအကျယ် ၂၄ ပေ ပြီးစီးအောင် ဆောင်ရွက်ခဲ့ပြီး ဒဂုံအင်တာနေရှင်နယ်ကုမ္ပဏီထံမှ လွှဲပြောင်းလက်ခံရယူခဲ့သော ရေတာရှည်-ပျဉ်းမနား လမ်းပိုင်းကိုလည်း ၃၀-၅-၂၀၀၉ နေ့တွင် ၂၄ ပေအကျယ် ကတ္တရာထပ်ပိုးလွှာခင်းခြင်းနှင့် အချို့နေရာတွင် ၂၄ ပေအကျယ် ကွန်ကရစ်လမ်းခင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး အဆိုပါလမ်းပိုင်းများကို ပြင်ဆင်ထိန်းသိမ်းခြင်းများဆောင်ရွက်နေခဲ့သည်ဟု သိရသည်။

ထိုသို့ ဆောင်ရွက်နေစဉ် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ညွှန်ကြားချက်အရ ရေတာရှည်- ပျဉ်းမနား-ရမည်းသင်းအပိုင်းကို လေးလမ်းသွားအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှ စတင်ဆောင်ရွက်လျက်ရှိရာ ဦးစားပေးအဖြစ် မိမိလမ်းမိုင်များအတွင်းမှ ဆွာ၊ သာဂရမြို့လှ၊ ရေနီ၊ သာဝတ္ထိ၊ ပျဉ်းမနား၊ တပ်ကုန်းမြို့တွင်းလမ်းများကို လေးလမ်းသွား ကတ္တရာလမ်းများအဖြစ် အဆင့်မြှင့်တင်ခင်းပေးခဲ့သလို ကျန်လမ်း၏ဝဲယာတစ်ဖက်စီတွင် ၁၄ ပေအကျယ်ချဲ့ခြင်း၊ ဒုအခြေခံလွှာခင်းခြင်း၊ (၄×၆)လက်မ ကျောက်ချခြင်း၊ (၂×၄)လက်မ အခြေခံလွှာခင်းခြင်း၊ ကြိတ်ခြင်းနှင့် သဲညှပ်သည့်လုပ်ငန်းများဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။

အဆင့်မြှင့်တင်လျက်ရှိသော လမ်းပိုင်းတစ်လျှောက်တွင် တံတားနှင့်ရေပြွန်စုစုပေါင်း ၃၄၅ စင်းပါရှိရာ ထိုရေပြွန်နှင့်တံတားများအားလုံးကို လေးလမ်းသွားအဖြစ် တိုးချဲ့တည်ဆောက်ထားပြီဟုလည်း သိရသည်။

ကျွန်တော်တို့သတင်းအဖွဲ့သည် ရန်ကုန်-ပဲခူး-မန္တလေး-ပြည်ထောင်စုလမ်းမကြီး လေးလမ်းသွားအဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိသော အေးရှားဝေါ်လ်ကုမ္ပဏီ၏ လုပ်ငန်းခွင် ရမည်းသင်းအပိုင်း မြသိုက်ကျေးရွာဝန်းကျင် လုပ်ငန်းခွင်နှင့် တပ်ကုန်းအပိုင်း ခေတ်အေးရွာဝန်းကျင်လုပ်ငန်းခွင်တို့ကို သွားရောက်ခဲ့ရာ ထိုလုပ်ငန်းခွင်အပိုင်း၌ တွေ့ခဲ့ရသော အေးရှားဝေါ်လ်ကုမ္ပဏီမှ လမ်းအဆင့်မြှင့်တင်ရေး စီမံကိန်းမန်နေဂျာ ဦးအောင်နိုင်ဌေး၊ စီမံကိန်းအင်ဂျင်နီယာများဖြစ်ကြသော ဦးအောင်စိုးမင်း၊ ဦးကျော်စိုးမိုးတို့အား ပြည်ထောင်စုလမ်းမကြီးအဆင့်မြှင့်တင်နေမှုနှင့်ပတ်သက်၍ မေးကြည့်ရာ ၎င်းတို့က အေးရှားဝေါ်လ်ကုမ္ပဏီအနေဖြင့် ရေတာရှည်-ပျဉ်းမနား-ရမည်းသင်းအပိုင်း ၈၅ မိုင်ကို လေးလမ်းသွားအဖြစ် အဆင့်မြှင့်တင်ရာတွင် အင်ဂျင်နီယာအဖွဲ့ကိုးဖွဲ့က သပြေတန်းစခန်း၊ နတ်တောင်စခန်းနှင့်ရေနီစခန်း၊ အင်းသာစခန်း၊ ဗောဓိမြိုင်စခန်း၊ ဂူဝစခန်း၊ ကျားသေအိုင်စခန်းနှင့်၊ သဲကွဲစခန်းတို့တွင် စခန်းများထား၍ လုပ်ငန်းများဆောင်ရွက်လျက်ရှိပါကြောင်းနှင့် စက်ကိရိယာပိုင်းတွင်လည်း ဒိုဇာ၊ ဘက်ဟိုး၊ ရိုဒါ၊ အိပ်စကာဗေဒါ၊ ဂရေဒါ၊ စတီရိုလာစသည်ဖြင့် စက်ကိရိယာအမျိုးပေါင်း ၁၅၀ တို့ဖြင့် သတ်မှတ်ကာလအတွင်းပြီးစီးအောင် စီမံချက်ဆွဲဆောင်ရွက်လျက်ရှိကြောင်း တို့ကို ရှင်းလင်းပြလိုက်သည်။

အေးရှားဝေါ်လ်လမ်းဖောက်လုပ်ရေးကုမ္ပဏီသည် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းထံမှ BOT စနစ်ဖြင့် မန္တလေး-လားရှိုး-မူဆယ်-နန့်ခမ်းလမ်း၊ မိုင်းယု-ကြူကုတ်လမ်း၊ သိန္နီ-ကွမ်းလုံ-ချင်းရွှေဟော်လမ်း၊ ရန်ကုန်-ပဲခူး-မိတ္ထီလာ-မန္တလေးလမ်း (ရေတာရှည်-ပျဉ်းမနား-ရမည်းသင်း) အပိုင်း၊ မြစ်ငယ်-ထုံးဘို-ပြင်ဦးလွင်လမ်း၊ ပုသိမ်-ငွေဆောင်လမ်း၊ ရန်ကုန်-ပုသိမ်လမ်း၊ အောင်ဇေယျတံတား ချဉ်းကပ်လမ်း၊ ညောင်တုံးလမ်းနှင့်ဆုံရာအထိ ရွှေပြည်သာတံတား၊ ညောင်တုံးလမ်းနှင့်ဆုံရာအထိ၊ မအူပင်-ဆားမလောက်လမ်း အပါအဝင် လမ်းပေါင်း ၁၁ လမ်း၊ မိုင်ပေါင်း ၆၄၃ မိုင်ကို ဆောင်ရွက်လျက်ရှိသည်။

---

# မြန်မာနိုင်ငံတွင် တတိယအကြီးဆုံးသစ်ဆွေးမြေ (Peat Land) မြန်အောင်မြို့နယ်မှ ထူအင်း ထိန်းသိမ်းရမည့်ကမ္ဘာ့စာရင်းတွင် ပါဝင်

**မြန်အောင် အောက်တိုဘာ ၂၅**

မြန်မာနိုင်ငံတွင် အင်းလေးကန်ဒေသသည် သစ်ဆွေးမြေ(Peat Land) ၉၁၀၅ ဒသမ ၉၄ ဟက်တာရှိပြီး ပထမအကြီးဆုံး၊ ဟဲဟိုးလွင်ပြင် ဒေသသည် သစ်ဆွေးမြေ ၁၆၈၄ ဟက်တာရှိပြီး ဒုတိယအကြီးဆုံး၊ မြန်အောင်မြို့နယ်ထူအင်းသည် သစ်ဆွေးမြေ ၅၀၁ ဟက်တာရှိပြီး တတိယအကြီးဆုံး ဖြစ်ကြောင်း၊ မြန်အောင်မြို့နယ် ထူအင်းသည် ထိန်းသိမ်းရမည့် ကမ္ဘာ့သစ်ဆွေးမြေစာရင်းတွင် ပါဝင်သွားပြီးဖြစ်ကြောင်း ဦးမြင့်အောင် (ညွှန်မှူး-ငြိမ်း/သစ်တော)က ပြောကြားသည်။



သစ်ဆွေးမြေများကို အကြောင်းအမျိုးမျိုးဖြင့် အသုံးပြုလျက်ရှိရာ မှန်ကန်ကောင်းမွန်သော စီမံအုပ်ချုပ်မှု(Best Management) ရှိရန် လိုအပ်ကြောင်းနှင့် ဒေသပတ်ဝန်းကျင်တစ်ခု၏ သစ်ဆွေးမြေစီမံခန့်ခွဲမှုသည် အဆိုပါဒေသ၏ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေး၊ ရာသီဥတုပြောင်းလဲမှုလျော့ချရေး၊ ကာဗွန်စုပ်ယူထိန်းသိမ်းရေး၊ ရေသံသရာနှင့် ရေသယံဇာတထိန်းသိမ်းရေး၊ ဒေသခံများ၏ လူမှုစီးပွားရေးအစရှိသည်ဖြင့် အပြန်အလှန်ဆက်စပ်နေကြောင်း သိရသည်။

အင်းလေးဒေသတွင် အင်းလေးကန်စပ်တစ်လျှောက်တွေ့ရှိရသော သစ်ဆွေးမြေမှာ အနက် ၃ မီတာအထိရှိကြောင်း၊ ကျွန်းမျောသစ်ဆွေးမြေမှာ အနက် ၅၀ စင်တီမီတာမှ ၁ ဒသမ ၅ မီတာအထိ ကန်ရေမျက်နှာပြင်ပေါ်တွင် တွေ့ရှိရကြောင်း၊ တောင်ပို့ကြီးကျေးရွာတွင် တွေ့ရှိရသော သစ်ဆွေးမြေကုန်းမှာ အနက် ၆ ဒသမ ၅ မီတာရှိပြီး ရှားပါးသော သစ်ဆွေးမြေတောင်ကုန်းအမျိုးအစား ဖြစ်ကြောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် ဟဲဟိုးလွင်ပြင်ဒေသရှိ သစ်ဆွေးမြေဧရိယာတွင် သစ်ဆွေးမြေမှာ အနက် ၁၅ စင်တီမီတာမှ ၂၉၅ စင်တီမီတာ အထိ ရှိကြောင်းနှင့် မြန်အောင်မြို့နယ် ထူအင်းသစ်ဆွေးမြေမှာ အနက် ၁၅ စင်တီမီတာမှ ၂ မီတာအထိရှိကြောင်း Project Field Manager ဒေါ်စိမ့်စမ်းဇော်က ပြောကြားသည်။

သစ်တောသယံဇာတပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးအသင်း (FREDA)မှ SEA Peat Project Myanmar စီမံကိန်း(ထူအင်း/မြန်အောင်)၏ သစ်ဆွေးမြေစီမံကိန်းလုပ်ငန်းများ ညှိနှိုင်းဆွေးနွေးတင်ပြခြင်း အခမ်းအနားကို အောက်တိုဘာ ၂၄ ရက်က မြန်အောင်မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းထွန်းကမြန်အောင်မြို့နယ် ထူအင်းတွင် သစ်ဆွေးမြေ (Peat Land) တွေ့ရှိသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားခဲ့သည်။

အခမ်းအနားသို့ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ထူကျေးရွာအုပ်စု၊ ကညင်ငူကျေးရွာအုပ်စု၊ ကြက်သွန်ခင်းကျေးရွာအုပ်စုနှင့် အင်ပင်ကျေးရွာအုပ်စုတို့မှ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ တက်ရောက်ကြသည်။

**ဝင်းမိုလ်(မြန်အောင် ပြန်/ဆက်)**

---

# စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**ဖားကန့် အောက်တိုဘာ ၂၅**

အောက်တိုဘာ ၂၄ ရက် မွန်းလွဲ ၂ နာရီခွဲက မော်ဝမ် လူပ်ရှားအဖွဲ့မှ ဒုရဲမှူးဇော်မျိုးလွင် ဦးစီးတပ်ဖွဲ့ဝင်များသည် ကျူးကျော်ရပ်ကွက်ရှိ ပုံကျတဲငယ်များကို ဝင်ရောက်ရှင်းလင်းစဉ် CANDA အမျိုးအစား 125 ဆိုင်ကယ်စီးနင်းလာသူ ဇော်ထွန်းကို ရပ်တန့်ရှာဖွေစစ်ဆေးရာ WY စာတန်းပါ အနီရောင်စိတ်ကြွဆေး ပြား ၂၀၀ စီပါ နှစ်ထုပ်၊ ၁၉၀ ပါတစ်ထုပ် စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၅၉၀ ရှာဖွေတွေ့ရှိ သိမ်းဆည်းရမိခဲ့သဖြင့် လုံးခင်းနယ်မြေ ရဲတပ်ဖွဲ့စခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**မိုဃ်းကျ(မြစ်ကြီးနား)**

# စမတောင် မဟာပရဟိတ လူငယ်ဖွံ့ဖြိုးရေးဥယျာဉ်တွင် ယဉ်ကျေးလိမ္မာသင်တန်းနှင့် အထွေထွေရောဂါအခမဲ့ကုသပေးခြင်း ဖွင့်ပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၅**

မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်းဥက္ကဋ္ဌ၏ လှူဒါန်းမှုဖြင့် နေပြည်တော် လယ်ဝေးမြို့နယ် သာဝတ္ထိ စမတောင်ရှိ မဟာပရဟိတ လူငယ်ဖွံ့ဖြိုးရေးဥယျာဉ်တွင် ယဉ်ကျေးလိမ္မာသင်တန်းနှင့် အထွေထွေရောဂါ အခမဲ့စမ်းသပ်ကုသပေးခြင်း ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၄ ရက် နံနက်ပိုင်းက အဆိုပါကျောင်း၌ကျင်းပသည်။

အခမ်းအနားတွင် စမတောင် မဟာပရဟိတ လူငယ်ဖွံ့ဖြိုးရေးဥယျာဉ် မေတ္တာရှင်ဆရာတော် ဘဒ္ဒန္တ ဉာဏိန္ဒကိုယ်စား မဟာသဒ္ဓမ္မဇောတိကဓဇ ဦးဝင်းဖေ(ခ) ဦးရေဝတက ဩဝါဒကထာမြွက်ကြားပြီး နိုင်ငံတော်သမ္မတ၏ သာသနာရေးဆိုင်ရာ အကြံပေးအဖွဲ့ခေါင်းဆောင် သူရဦးမြင့်မောင်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟ အသင်းဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ၊ ဝဏ္ဏကျော်ထင် ဒေါက်တာခင်ရွှေတို့က အမှာစကား



ပြောကြားသည်။

ထို့နောက် သူရဦးမြင့်မောင်နှင့် ဒေါက်တာခင်ရွှေတို့ကသင်ထောက်ကူပစ္စည်းများ၊ဝတ်စုံများပေးအပ်လှူဒါန်းခဲ့ပြီး(**အပေါ်ပုံ**) ဒေါက်တာခင်ရွှေက စမတောင် မဟာပရဟိတ လူငယ်ဖွံ့ဖြိုးရေးဥယျာဉ်မှ သွားရောက်ပညာသင်ယူနေကြသည့် နည်းပညာတက္ကသိုလ်တွင် ရှစ်ဦး၊ တပ်မတော်ဗိုလ်လောင်းသုံးဦးအတွက် တစ်ဦးကို တစ်လလျှင် ငွေကျပ်တစ်သိန်း၊ စီးပွားရေးတက္ကသိုလ်တွင် တစ်ဦး၊ သူနာပြုတက္ကသိုလ်တွင် လေးဦးအတွက် တစ်ဦးကို တစ်လလျှင် ငွေကျပ် ၅၀၀၀၀တို့ကို ပညာသင်စရိတ်ထောက်ပံ့ပေးခဲ့သည်။

အဆိုပါ စမတောင် မဟာပရဟိတ လူငယ်ဖွံ့ဖြိုးရေးဥယျာဉ်ကို စမတောင် ဆရာတော်ဘဒ္ဒန္တဝိမလနှင့် ဘဒ္ဒန္တဉာဏိန္ဒတို့က ရင်ခွင်မဲ့ကလေးငယ်များ၊ ဘဝချို့တဲ့သည့် ကလေးသူငယ်များအား ပြုစုပျိုးထောင်ပေးရန် ရည်ရွယ်ချက်ဖြင့် ၁၉၉၀ ပြည့်နှစ်က စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ယနေ့အထိ ဘွဲ့ရ ၂၀ ဦး ပြုစုမွေးထုတ်ပေးနိုင်ခဲ့သည်။ မဟာပရဟိတလူငယ်ဖွံ့ဖြိုးရေးဥယျာဉ်တွင် ရင်ခွင်ပိုက်ကလေး ၄၂ ဦးအပါအဝင် အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်တက်ရောက်နေကြသည့် တိုင်းရင်းသားကလေးသူငယ် ၄၄၆ ဦးတို့ကိုပြုစုပျိုးထောင် ထောက်ပံ့ပေးလျက်ရှိသည်။ **ကိုကိုစိုးညွန့်**

**❒ ရှေ့ဖုံးမှ**

ကတ်များနှင့် အော်ရီဒူးဆင်းကတ်များ အပြိုင်အဆိုင် ရောင်းချနေသော်လည်း တယ်လီနော ဆင်းကတ်များ ထွက်ရှိလာပါက ဝယ်ယူစမ်းသပ် သုံးစွဲရန်အတွက် အစပိုင်းတွင် ရောင်းအားတက်နိုင်သော်လည်း အော်ပရေတာများ၏ ယှဉ်ပြိုင်မှုမှာ အားစမ်းဆဲသာဖြစ်ကြောင်း၊ အမှန်တကယ် တည်ငြိမ်သည့် ဝန်ဆောင်မှုအခြေအနေများ ရောက်ရှိမှသာ ယှဉ်ပြိုင်မှုစတင်နိုင်မည်ဖြစ်ကြောင်း မိုဘိုင်းဆက်သွယ်ရေးနည်းပညာဖြင့် ကယ်လီဖိုးနီးယားတက္ကသိုလ်မှ ဘွဲ့ရရှိလာသူ ကိုဝင်းမျိုးအောင်(Velta) က ပြောသည်။

အော်ရီဒူး၏ ဆက်သွယ်ရေးကွန်ရက်အား မြန်မာပြည်သူများ စိတ်တိုင်းကျ အတည်တကျအနေအထား မဖြစ်သေးသည့်အတွက် တယ်လီနောကို စောင့်ကြည့်သုံးစွဲကြမည်ဖြစ်သော်လည်း လက်ရှိတွင် အော်ပရေတာများအပေါ် ယုံကြည်မှု လျော့နည်းလာနေကြောင်း တာမွေလမ်းရှိ မိုဘိုင်းဖုန်း လက်ကားဆိုင်တစ်ဆိုင်မှ တာဝန်ရှိသူက မှတ်ချက်ပေးသည်။

တယ်လီနောမှ တစ်မိနစ်လျှင် ငွေကျပ် ၂၅ ကျပ်နှုန်းကို ခေါ်ဆိုခကောက်ခံခြင်းဖြစ်ပြီး အမ်ပီတီဆင်းကတ်များထက် သက်သာသော်လည်း အင်တာနက်သုံးစွဲမှုမှာ ဒေတာသုံးစွဲမှုအရ ကောက်ခံခြင်းကြောင့် ဈေးနှုန်းပိုမိုနေပြီး အော်ရီဒူးထက် အနည်းငယ်လျော့နည်းနေကြောင်း တွေ့ရသည်။

မြို့ကြီးသုံးမြို့အပြင် အခြားမြို့နယ်များသို့လည်း ထပ်မံတိုးချဲ့ပေးသွားမည်ဖြစ်ပြီး နိုင်ငံတကာဖုန်းခေါ်ဆိုမှုများ၊ နံပါတ်အလှများ ရောင်းချခြင်းနှင့် အင်တာနက်သုံးစွဲမှု အစီအစဉ်များ၊ ထီပေါက်စဉ်၊ ကျန်းမာရေးအပါအဝင် ဝန်ဆောင်မှုများစွာကိုလည်း အော်ပရေတာများကအပြိုင်အဆိုင် တိုးချဲ့ဝန်ဆောင်မှုပေးသွားရန်ပြင်ဆင်လျက်ရှိသည်ကို တွေ့ရသည်။

**(မြန်မာ့အလင်း)**

**▲ ကျောဖုံးမှ**

"ဆူးလေရှန်ဂရီလာဟိုတယ်ကလည်း ကလေးတွေအတွက် အထူးစပယ်ရှယ်စီမံထားတဲ့ အစားအသောက် တည်ခင်းပေးမှုတွေက မိဘနဲ့ဝေးကွာနေရသူ ကလေးတွေအတွက် အလွန်နွေးထွေးတဲ့ အစီအစဉ်ဖြစ်ပါတယ်"ဟု တက်ရောက်လာသူ လူမှုဝန်ထမ်းကျောင်း (ရွှေဂုံတိုင်)မှ ဆရာမတစ်ဦးကလည်း မှတ်ချက်ချသည်။

ထိုအစီအစဉ်၏ အမည်ကို 'အလင်းရောင်ဆီသို့ ချီတက်ခြင်း' ဟုပေးထားသည်။ မီးအိမ်ဆီသို့ သွားရာလမ်းတစ်လျှောက်တွင် ဖုံးကွယ်ထားသော ဆုပစ္စည်းများရှိနေသည်။ ထိုအစီအစဉ်တွင် ကလေးငယ်များ၏ ဖျော်ဖြေမှုများ၊ မျက်လှည့်ပွဲများ၊ မျက်နှာဆေးခြယ်မှုများ၊ ပုံပြင်ပြောပြခြင်းများ၊ ခြင်းလုံးအလှခတ်ပြခြင်း၊ ရုပ်ပြောင်ကာတွန်းရေးဆွဲခြင်းများနှင့် အနုပညာလက်ရာများ ဖော်ထုတ်ခြင်းတို့ကိုလည်း ပြုလုပ်ခဲ့ကြသည်။

မိဘမဲ့နှင့် မိဘရှိလျက် စွန့်ပစ်ခံကြရသည့် ကလေးငယ်များအတွက် တတ်စွမ်းသူများက ယခုကဲ့သို့ အခွင့်အလမ်းများပေးခြင်းသည် အလင်းရောင်ဆီသို့ ရောက်ရှိရန် စိုင်းပြင်းနေသော ကလေးငယ်များအတွက် ခွန်အားတစ်ရပ်ပင် ဖြစ်ပါကြောင်း။

**စာပေမြင့်မှ လူမျိုးတင့်မည်**

## ပြည်တွင်းသတင်း

# တစ်သက်တာ စာပေဆုရှင် စာရေးဆရာကြီး အောင်သင်း ကွယ်လွန်



**ရန်ကုန် အောက်တိုဘာ ၂၅**

မြန်မာစာပေလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစိုက်မတ်မတ်ကြိုးပမ်းဆောင်ရွက်ခဲ့သည့် အမျိုးသားစာပေ တစ်သက်တာဆုရှင် ဆရာကြီး ဦးအောင်သင်း(အောင်သင်း)သည် ယနေ့ နံနက် ၁၁ နာရီက ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် သံတံတားရပ်ကွက် ဓမ္မိကဝတီလမ်း အမှတ် (၄၆) နေအိမ်တွင် ကွယ်လွန်သွားရှာပြီဖြစ်သည်။

ဆရာကြီး ဦးအောင်သင်းကွယ်လွန်ချိန်တွင် အသက်(၈၈နှစ်)ရှိပြီဖြစ်သည်။ ဆရာကြီးကို အဖ သခင်ညီမောင်၊ အမိ ဒေါ်ရွှေကြင်တို့က ၁၉၂၇ ခုနှစ် ဧပြီလ ၁၇ရက်နေ့တွင် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့၌ မွေးဖွားခဲ့သည်။

သူငယ်တန်းမှစ၍ တက္ကသိုလ်ဝင်တန်း အောင်မြင်သည်အထိ တောင်တွင်းကြီးမြို့ မိုးထိမြန်မာကျောင်းတွင် ပညာသင်ကြားခဲ့သည်။ ထို့နောက် မကွေးကောလိပ်တွင် ပညာသင်ကြားခဲ့ပြီး ၁၉၅၇ခုနှစ်တွင် ရန်ကုန် တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရရှိသည်။ ၁၉၇၄ခုနှစ်တွင် ဝတ္ထုတိုလေ့လာချက် စာတမ်းဖြင့် မဟာဝိဇ္ဇာတန်းကို ဂုဏ်ထူးနှင့်အောင်မြင်ခဲ့သည်။

၁၉၆၂ခုနှစ်မှစတင်၍ ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာန၊ မော်လမြိုင်ဒီဂရီကောလိပ်၊ ပြင်ဦးလွင်စစ်တက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ်တို့တွင် နည်းပြဆရာမှ လက်ထောက်ကထိကအဖြစ် အဆင့်ဆင့်တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၅၇ခုနှစ်မှစ၍ စာပေများ စတင်ရေးသားခဲ့ပြီး ယနေ့အထိ ကျင့်ဝတ်နီတိဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာ သုတရသစာပေများစွာရေးသားခဲ့သည်။ လုံးချင်းအုပ်ရေ ၅၀ကျော် ထုတ်ဝေခဲ့ပြီးဖြစ်သည်။ ယနေ့ထက်တိုင် လူငယ်များ၏ ပစ္စုပ္ပန်နှင့်အနာဂတ်ဘဝများကိုယ်ရည်ကိုယ်သွေးတောက်ပြောင်စိမ်းလန်းရေးအတွက် စာပေရေးသားဟောပြောခြင်းအားဖြင့် စာပေအနုပညာ၌ ဘဝကိုမြှုပ်နှံကာ အချိန်ပြည့်စာရေးဆရာအဖြစ် သက်ဝင်ရှင်သန်နေထိုင်လျက်ရှိသည်။

စာပေရေးသားဟောပြောခြင်းများအပြင် လူမှုရေးကိစ္စများကို ဆောင်ရွက်ရန်လည်း ဆန္ဒထက်သန်သူဖြစ်၍ "ရန်ကုန်နာရေးကူညီမှုအသင်း" တွင် ပါဝင်ဆောင်ရွက်ခဲ့သည်။ မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဝတာတစ်လျှောက်ကြိုးပမ်းအားထုတ်ခဲ့ရာ ၂၀၁၂ခုနှစ်တွင်အမျိုးသားစာပေတစ်သက်တာဆုကိုချီးမြှင့်ခြင်းခံရသည်။ ဆရာကြီးကွယ်လွန်ခဲ့ပြီးနောက် သမီးကြီး ဒေါ်မော်မော်သင်း-ဦးကျော်ဝင်း၊ သား ဦးအောင်မြင့်သင်း-ဒေါ်မြမိုးသူဇာ၊ မြေးလေးဦး၊ မြစ်နှစ်ဦး ကျန်ရှိခဲ့သည်။

# တောင်ငူမြို့ တိုင်းအထွေထွေရောဂါကုဆေးရုံကြီးဝင်းအတွင်း၊ အပြင် လုပ်အားပေးသန့်ရှင်းရေးဆောင်ရွက်

**တောင်ငူ အောက်တိုဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူဒေသ ဆည်မြောင်းဦးစီးဌာနမှ စက်မှုတိုင်း(၂) ညွှန်ကြားရေးမှူး ဦးစိုးနိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးများဖြစ်ကြသော ဦးထွန်းခင်သန်း၊ ဦးသက်ဝင်းနှင့် ဦးသိန်းကျော်တို့ ဦးစီးသော တည်ဆောက်ရေး(၅)၊ ထိန်းသိမ်းရေးနှင့် စက်မှုတိုင်း(၂)တို့မှ ဝန်ထမ်းစုစုပေါင်း ၂၀၀ ခန့်တို့သည် အောက်တိုဘာ ၂၅ ရက် နံနက် ၇ နာရီမှ ၁၁ နာရီအထိ တောင်ငူမြို့ တိုင်းအထွေထွေရောဂါကု ဆေးရုံကြီးဝင်းအတွင်း၊ အပြင် လုပ်အားပေးသန့်ရှင်းရေးများ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ လုပ်အားပေးပွဲတွင် ဆည်မြောင်းဦးစီးဌာနမှ မြက်ရိတ်စက်ရှစ်လုံး၊ မြေတူးစက်အသေးတစ်စီး၊ မြေသယ်ယာဉ်ခြောက်စီးတို့ဖြင့် ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်း၊ ရေဆိုးမြောင်းများ သန့်ရှင်းခြင်း၊ ရေနုတ်မြောင်းများတူးဖော်ရှင်းလင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြပြီး အမှိုက်များအား သတ်မှတ်နေရာများတွင် စနစ်တကျ သွားရောက်စွန့်ပစ်ခဲ့ကြကြောင်း သိရသည်။ ဆည်မြောင်းဦးစီးဌာနမှ ဝန်ထမ်းများအနေဖြင့် တောင်ငူဒေသတွင် တာဝန်ထမ်းဆောင်သည့်ကာလအတွင်း မြို့အတွက်အကျိုးဖြစ်စေမည့် ပရဟိတလုပ်ငန်းများတွင် တတ်စွမ်းသမျှပါဝင်ဆောင်ရွက်ခြင်းဖြင့် အများပြည်သူအကျိုးကို တစ်ဖက်တစ်လမ်းမှ ကူညီရာရောက်သည့် စိတ်ဆန္ဒဖြင့် ယခုကဲ့သို့ လုပ်အားပေးဆောင်ရွက်ကြခြင်း ဖြစ်ကြောင်း ညွှန်ကြားရေးမှူး ဦးစိုးနိုင်က ပြောကြားခဲ့သည်။



အလားတူ လုပ်အားပေးပွဲတွင် ပါဝင်သော လုပ်သားတစ်ဦးကလည်း ရုံးလုပ်ငန်း တာဝန်များနှင့် မအားလပ်သည့်ကြားမှ နားရက်တွင် ယခုကဲ့သို့ ပရဟိတအလုပ်ကို လုပ်ဆောင်ခွင့်ရသည့်အတွက် ကျေနပ်အားရမိကြောင်းနှင့် နောက်နောင်ယခုကဲ့သို့ လုပ်အားပေးပွဲမျိုး ပြုလုပ်ပါကလည်း တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း ပြောကြားသည်။

"ရှေ့လျှောက် ဒီလိုပရဟိတ အလုပ်တွေကို တတ်နိုင်သမျှ လုပ်သွားမှာပါ။ မြို့ခံလူမှုရေးအသင်းအဖွဲ့တွေနဲ့လည်း ပူးပေါင်းပြီး ထောက်ပံ့ကူညီသွားမှာပါ"ဟု လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းခင်သန်းက ပြောသည်။ အဆိုပါ သန့်ရှင်းရေး လုပ်အားပေးပွဲသို့ ခေါင်းလောင်းသံ (၄၈)အဖွဲ့က ဂေါ်ပြားများနှင့် အမှိုက်ပုံးများ ကူညီပံ့ပိုးခဲ့ကြောင်း သိရသည်။

**ကျော်လှ(တောင်ငူ)**

# မန်စီးတီးတို့ အဝေးကွင်း၌ ဝက်စ်ဟမ်းကိုရှုံး



**လန်ဒန် အောက်တိုဘာ ၂၅**

ပရီမီယာလိဂ်ပွဲစဉ် (၉) စနေနေ့ အစောဆုံးပွဲအဖြစ် ဝက်စ်ဟမ်းနှင့် မန်စီးတီးတို့ ယှဉ်ပြိုင်ကစားကြရာ ဝက်စ်ဟမ်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဝက်စ်ဟမ်းအတွက် ဂိုးကို ပထမပိုင်းပွဲချိန် ၂၁ မိနစ်တွင် ဖီတာနိုက သွင်းယူပေးပြီး ပထမပိုင်းတွင် မန်စီးတီးတို့ တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

ဒုတိယပိုင်းတွင်လည်း ဝက်စ်ဟမ်းကပင် ဒုတိယဂိုးသွင်းခဲ့ရာ ဆာခိုက ၇၅ မိနစ်တွင်သွင်းယူခဲ့သည်။ **(အပေါ်ပုံ)** မန်စီးတီးအတွက် ချေပဂိုးကို ၇၈ မိနစ်တွင် ဆေးလ်ဗားက သွင်းယူပေးသည်။ ပွဲပြီးဆုံးသည်အထိ မန်စီးတီးတို့ ချေပဂိုးမသွင်းနိုင်သဖြင့် နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ ပွဲစဉ် (၉)အပြီး မန်စီးတီးတို့ ငါးပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံး ရမှတ် ၁၇ မှတ်ရရှိထားသည်။

ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၉)တွင် ဒေါ့မွန်က ဟန်နိုဗာကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးပြီး ဖရန့်ဖတ်က စတုဂတ်ကို လေးဂိုး-ငါးဂိုးဖြင့် ရှုံးခဲ့သည်။ ဟာတာဘာလင်က ဟန်းဘတ်ကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရသည်။ **သီဟ - ရေးသည်**

ပြည်တွင်းသတင်း

# သီးနှံများစိုက်ပျိုးရာတွင် သိပ္ပံနည်းကျစိုက်နည်းစနစ်များ လိုက်နာကျင့်သုံးခြင်းအားဖြင့် ခိုင်မာသောဈေးကွက်ရရှိနိုင်မည်ဖြစ်



**နေပြည်တော် အောက်တိုဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်း၊ ဗန်းမောက်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်သန်းနှင့် ပင်လည်ဘူးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်းတို့ ခေါင်းဆောင်သော လေ့လာရေးအဖွဲ့ ၁၀၀တို့သည် ဥတ္တရသီရိမြို့နယ် စက်စက်ယိုဆည်ရေသောက်စနစ် တစ်ဆက်တစ်စပ်တည်း ဧက ၉၀၀ စံပြစိုက်ခင်းသို့ အောက်တိုဘာ ၂၃ ရက် မွန်းလွဲ ၂ နာရီက ရောက်ရှိရာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်းတို့က ကြိုဆိုကြပြီး စိုက်ခင်းအတွင်းရှိ ရှင်းလင်းဆောင်၌ တွေ့ဆုံမှာကြားသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်သမ္မတကြီး၏ လယ်ယာကဏ္ဍဆိုင်ရာ ပြုပြင်ပြောင်းလဲရေး မူ(၅)ချက်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ တောင်သူများ ဝင်ငွေနှစ်ဆတိုးတက်ရေးအတွက် အရေးတကြီး လိုအပ်ချက်ဖြစ်နေသော အရည်အသွေးကောင်း၊ အထွက်နှုန်းကောင်း စပ်မျိုးစပါးမျိုးများကို ဝန်ကြီးဌာနအနေဖြင့် ထုတ်လုပ်ပေးလျက်ရှိကြောင်း၊ သီးနှံများစိုက်ပျိုးထုတ်လုပ်ရာတွင် သိပ္ပံနည်းကျစိုက်နည်းစနစ်များ လိုက်နာကျင့်သုံးခြင်းအားဖြင့် ခိုင်မာသောဈေးကွက် ရရှိနိုင်မည်ဖြစ်သည့်အတွက် ဒေသအလိုက် စိုက်ပျိုးသီးနှံများကို ရွေးချယ်စိုက်ပျိုးကြရာတွင် ဈေးကွက်၏အရေးပါမှုကို အထူးဂရုပြုရန် လိုအပ်ချက်တို့ကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ကောလင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်းက ကောလင်းမြို့နယ်အတွင်းရှိ ကျောက်ပြင်သာဆည်နှင့် ခံသာဆည်တို့ကို ပြုပြင်ပေးစေလိုကြောင်းနှင့် ကောလင်းမြို့နယ် ချောင်းကွေ့ကျေးရွာမှ ဦးသိန်းအောင်၊ ကျူတောကျေးရွာမှ ဦးဝင်းဌေးနှင့် အင်ပင်သာကျေးရွာမှ ဦးပေါ်ထွေးတို့က အထွက်ကောင်း စပ်မျိုးစပါးလိုအပ်ချက်၊ လယ်ယာသုံးစက်ကိရိယာလိုအပ်ချက်နှင့် စိုက်ပျိုးရန် ဆည်ရေလိုအပ်ချက်များကိုတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လက်တွေ့ဖြည့်ဆည်းကူညီဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် လေ့လာရေးအဖွဲ့များသည် စိုက်ခင်းအတွင်း အောင်မြင်ဖြစ်ထွန်းနေသော တစ်ဆက်တစ်စပ်တည်း ကညွတ်သီးနှံစိုက်ခင်းများ၊ ဂျပန်နိုင်ငံမူရင်းမျိုးကန်စွန်းဥစိုက်ခင်းများ၊ စင်တင်ဘူးသီးနှံစိုက်ခင်းများ၊ တစ်ဧကလျှင် ပိဿာတစ်ထောင်ကျော်ခန့် ထွက်ရှိနိုင်သည့် ရွှေတောင်(၈) ချည်မျှင်ရှည်ဝါစိုက်ခင်းကို လည်းကောင်း၊ ကြံတစ်ဆစ်ချင်းစီ ပျိုးထောင်စိုက်ပျိုးထားသော တစ်ဧက တန် ၈၀ အထက် ထွက်ရှိမည့် မျိုးသန့်မျိုးပွား ကြံစိုက်ခင်းကိုလည်းကောင်း လေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထိုမှတစ်ဆင့် လေ့လာရေးအဖွဲ့များသည် ဒက္ခိဏသီရိမြို့နယ် ဟိုတယ်ဇုန်အနီး ဧက ၃၀၀၀ စိုက်ခင်းအတွင်းရှိ စိုက်ပျိုးရေးဦးစီးဌာနနှင့် ဂရိတ်ဝေါကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်သော ပုလဲသွယ်စပ်မျိုးစပါး ဧက ၁၀၀ မျိုးစေ့ထုတ်စိုက်ခင်းသို့ ရောက်ရှိလေ့လာကြသည်။

ဆက်လက်၍ လေ့လာရေးအဖွဲ့များသည် ဒက္ခိဏသီရိမြို့နယ် အောင်သုခကျေးရွာရှိ တစ်ဧက တင်း ၂၀၀ ကျော်ထွက်ရှိမည့် ပုလဲသွယ်စပ်မျိုးစပါး တစ်ဆက်တစ်စပ်တည်း ၁၀ ဧက စိုက်ခင်းသို့ ရောက်ရှိလေ့လာကြပြီး ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်းက စပ်မျိုးစပါးမျိုးများကို စိုက်ပျိုးလိုကြသည့် တောင်သူများ လက်ဝယ်အရောက် ဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထိုမှတစ်ဆင့် လေ့လာရေးအဖွဲ့များသည် ဒက္ခိဏသီရိမြို့နယ် ကျားကူး(အနောက်) ကျေးရွာရှိ ပုလဲသွယ်စပ်မျိုးစပါး တစ်ဆက်တစ်စပ်တည်း ဧက ၁၀၀ မျိုးစေ့ထုတ်စိုက်ခင်း၊ ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာရှိ ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်စိုက်ခင်းနှင့် သိပ္ပံနည်းကျစိုက်ပျိုးထားသော ပုလဲသွယ်စပ်မျိုးစပါးစိုက်ခင်းများ ကွင်းဆင်းလေ့လာ၍ အလျင်လိုကျေးရွာမှ တောင်သူများနှင့် အပြန်အလှန်တွေ့ဆုံဆွေးနွေးပြီး စိတ်ပါဝင်စားစွာ လေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## လူကုန်ကူးမှုကာကွယ်ရေး အသိပညာပေး

**ရေး အောက်တိုဘာ ၂၅**

မွန်ပြည်နယ် ရေးမြို့အမျိုးသမီးအိမ်တွင်းမှု အသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ အောက်တိုဘာ ၂၄ ရက် နံနက် ၁၀ နာရီခွဲက လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် ကျန်းမာရေးအသိပညာပေး ဟောပြောပွဲ ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့်သက်ဆိုင်သော အကြောင်းအရာများအား မြို့နယ်လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအဖွဲ့မှ အထူးတာဝန်ခံ ဒုရဲအုပ်ကျော်သူလွင်က လည်းကောင်း၊ ဆက်လက်ပြီး မြို့နယ်ဥပဒေအရာရှိ ဒေါ်နန်းအေးမျိုးက လူကုန်ကူးမှုနှင့် ပတ်သက်သည့် ဥပဒေအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ မြို့နယ်တိုင်းရင်းဆေးမှူး ဦးစိန်ဝင်းဌေးက ကျန်းမာရေးနှင့် ပတ်သက်သည့်အကြောင်းအရာများကိုလည်းကောင်း အသိပညာပေး ဟောပြောသည်။



အဆိုပါအခမ်းအနားတွင် မြို့နယ်ရှိသက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာ အသင်းဥက္ကဌနှင့်အဖွဲ့ဝင်များ၊ အိမ်တွင်းမှုသင်တန်းကျောင်းမှ သင်တန်းဆရာမများနှင့် သင်တန်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **နေမျိုးထွဋ်(ရေး)**

## မိုးစပါးပုလဲသွယ် စံကွက်ရိတ်သိမ်း

**ကျောက်တံခါး အောက်တိုဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာအုပ်စု ကွင်းအမှတ် ၇၇က ရှိ တောင်သူဦးလှထွန်း၏ မိုးစပါး ၁၀ ဧက စံပြကွက်တွင် စံကွက်ရိတ်သိမ်းပွဲအခမ်းအနားကို အောက်တိုဘာ ၂၁ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ရာ စပါးတစ်ဧကလျှင် အခြောက် ၁၈၂ တင်း ထွက်ရှိကြောင်း သိရှိရသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးတင်စိုးက ပုလဲသွယ်စပါးစိုက်ပျိုးခြင်းကြောင့် တစ်ဧကအထွက်နှုန်း များစွာမြင့်မားလာပြီး ပဲခူးတိုင်းဒေသကြီး၏ GDP နှင့် လူတစ်ဦးချင်းဝင်ငွေပါ မြင့်မားလာကြောင်း၊ ရေရှည်တွင် ပုလဲသွယ်စပ်မျိုးစပါး စိုက်ပျိုးမှုကို မိုးစပါးရော၊ နွေစပါးပါ တစ်ရှိန် ထိုးတိုးတက်စိုက်ပျိုးကြရန်လိုကြောင်း လမ်းညွှန်မှာကြားခဲ့ပြီး တိုင်းဒေသကြီးဦးစီးမှူးက ပဲခူးတိုင်းဒေသကြီးအတွင်း မိုးစပါး ပုလဲသွယ်စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေသည့် အခြေအနေ၊ စပါးအထွက် နှုန်းတိုးတက်မြင့်မားရေးအတွက် တစ်ဧကတင်း ၁၅၀ မှ ၂၀၀ ကျော် ထွက်ရှိသည့် ပုလဲသွယ်စပ်မျိုးစပါးကို တဖြည်းဖြည်းတိုးချဲ့စိုက်ပျိုးရန် စည်းရုံးစီမံဆောင်ရွက်ထားမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။ **မြင့်နိုင်(ပြည်)**


## လူကုန်ကူးမှုအန္တရာယ် ပိုင်းဝန်းကာကွယ်

**ဝန်ထမ်းအလိုရှိသည်။**

(၁) Air-Con ကျွမ်းကျင် (၅)ဦး
(၂) Air-Con အလုပ်သင်အကူ (၅)ဦး
(၃) ယဉ်မောင်း (၃)ဦး

CV၊အလုပ်သမားမှတ်ပုံတင်မိတ္တူတို့ဖြင့်လာရောက်လျှောက်ထားနိုင်ပါသည်။(လုပ်ငန်းအတွေ့အကြုံရှိသူဦးစားပေးမည်။)

**PANDA Engineering Group**
30(B),Daw Thein Tin St.MTNT,Yangon
09 73229024,09 5158803,09 5198402

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကြားတောရရပ်ကွက်၊ ရေတာရှည်လမ်းဟောင်း၊ အမှတ် ၆၆၊ တိုက်အမှတ်(အေ)၊ အခန်းအမှတ်(1-F)ပထမထပ်၊ တိုက်ခန်းနှင့် အကျိုးခံစားခွင့်များကို တရားဝင်လက်ဝယ်ထားရှိပိုင်ဆိုင်ပြီး လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်မြင့်မြင့်မြိုင် ၁၂/ဗဟန(နိုင်)၀၀၁၄၃၁ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စ ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်ဝင်း B.A, M.A(F.I),R.L,D.E.S,D.B.L
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၅၀၈)
အမှတ် ၈၀၊ ရေတာရှည်လမ်းဟောင်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၀၀၆၄၂၈

**ကန့်ကွက်နိုင်ပါကြောင်း**

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂၈)၊ မြေကွက်အမှတ် (၂၈၀)၊ မြေအမည်ပေါက် ဦးဝင်းကိုကို ၁၂/သလန(နိုင်)၀၀၃၇၄၃မှ မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများတင်ပြပြီး လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးခြင်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၇)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

**ကန့်ကွက်နိုင်ပါကြောင်း**

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂၁)၊ မြေကွက်အမှတ် (၁၈၅)၊ မြေအမည်ပေါက် ဒေါ်မြကြွယ် ၁၂/တမန(နိုင်)၀၀၇၂၃၅မှ မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများတင်ပြပြီး လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးခြင်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၇)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

**ဦးဇော်မြင့် ၁၂/ဗဟန(နိုင်)၀၈၁၇၆၀နှင့် အများသိစေရန် ကြေညာခြင်း**

၂၄-၁၀-၂၀၁၄ရက်စွဲပါ ဦးဇော်မြင့်၏ သတိပေးတားမြစ်ချက်နှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ နတ်မောက်ရပ်ကွက်၊ ကျိုက္ကဆံလမ်း၊ အမှတ် (၁၆၁)နေ ဦးတင်ဝင်း ၁၂/တမန(နိုင်)၀၉၁၅၀၆၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ဘုရားငုတ်တိုကွင်း၊ (ယခုလူနေရပ်ကွက် ၁၇ ရပ်ကွက်ရှိ) ကွင်းအမှတ် (၄၅၇/B )၊ ဦးပိုင်အမှတ် (၁၉/၁) (၂၂) (၂၃/၃) (၂၆/၁)ပါမစ်မြေအမျိုးအစား အကျယ်အဝန်းဧရိယာ ၁၄ဒသမ၁၇ဧကနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မူလပိုင်ရှင်ဒေါ်အေးနွဲ့ဝင်း ၁၂/ပဘတ(နိုင်)၀၁၂၇၀၁ထံမှ ၁၉-၁၀-၁၉၉၇ရက်ကတည်းက ကျွန်တော်၏မိတ်ဆွေက ဝယ်ယူလက်ရောက်ပိုင်ဆိုင် အကျိုးခံစားခွင့်ရရှိပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အတွင်း ကျွန်ုပ်၏မိတ်ဆွေမှ ပိုင်ရေးဆိုင်ခွင့်အရ နေထိုင်ပြုလုပ်အသုံးပြုနေခြင်းဖြစ်ကြောင်း ဦးဇော်မြင့်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးတင်ဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးတင်မြင့် (စဉ်-၆၈၀၀/၉၉)
တရားလွှတ်တော်ရှေ့နေ
အမှတ်(၉)၊ခရေပင်ရိပ်မွန်(၁)၊၁/ကရပ်ကွက်၊
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၇၅၆၆၄

ဒေါ်သန္တာရှိန် (စဉ်-၃၃၁၉၅)
အထက်တန်းရှေ့နေ
အမှတ် (၁၀၉)၊ သုဓမ္မာလမ်းမ၊ (၄)ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၂၀၃၂၀၁၁၈

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေ မြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ သတိပဋ္ဌာန်လမ်း၊ တိုက်အမှတ် (၈၂) ၊ အခန်း (မြေညီ+ ထပ်ခိုး)ခေါင်းရင်းခန်း၊ အကျယ်အဝန်း (၁၅ ပေ× ၆၀ ပေ)ရှိသည့် တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးခင်စိုး (၈/သရန(နိုင်)၀၂၆၉၉၉ ) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေကဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L, Dip.CA, WIPO
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၅၂)

ဦးထိန်လင်းသန်း
LL.B, D.B.L, D.I.L, D.M.L, WIPO
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂)

**Hein Htet San Law Firm**
အမှတ် (၁၀၅၊၁၀၇) ၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ (ဦးချစ်မောင်အိမ်ရာရှေ့)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း -၀၉၅၅၀၆၁၄၆ ၊ ၀၉၅၅၀၄၂၆၅

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၅)ရပ်ကွက်၊ သရဖီလမ်း၊ အမှတ် (၃၆/ခ)[သကမ ၁၄/၃၆(ခ)]ဟုခေါ်တွင်သော အလျား ၂၀ပေ×အနံပေ၆၀ရှိ ဦးစန်းလွင် အမည်ပေါက် မြေကွက်အား ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးအောင်သန်းဦး ၁၂/ဥကတ(နိုင်)၀၇၄၉၇၇ မှ ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေအချို့ပေးချေထားပြီးဖြစ်သည့်အတွက် ကန့်ကွက်ရန်ရှိသူ မည်သူမဆို ခုနစ်ရက်အတွင်း လူကိုယ်တိုင် စာရွက်စာတမ်းမူရင်းများယူဆောင်လာ၍ ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ခုနစ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးနေဦး(အထက်တန်းရှေ့နေ)
အမှတ် ၆၇၊ တကောင်း ၄ လမ်း၊
(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်

# နိုင်ငံတကာအဆင့်မီ လေကြောင်းလိုင်းဖြစ်ရန် မြန်မာ့လေကြောင်းမှ ပြင်ဆင်ပြောင်းလဲမှုများပြုလုပ်

နိုင်ငံတော်အစိုးရသစ်တက်လာပြီး ပြောင်းလဲလာသောမူဝါဒများကြောင့် နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းရှင်များ၊ ခရီးသွားဧည့်သည်များနှင့် လာရောက်လေ့လာသူများသည် မြန်မာနိုင်ငံသို့ လေကြောင်းခရီးဖြင့် အများဆုံးဝင်ရောက်လျက်ရှိရာ နိုင်ငံပိုင်လေကြောင်းလိုင်းတစ်ခုဖြစ်သည့် မြန်မာ့လေကြောင်းသည် နိုင်ငံတကာအဆင့်မီ လေကြောင်းလိုင်းဖြစ်ရန် ပြင်ဆင်ပြောင်းလဲမှုများ ပြုလုပ်လျက်ရှိသည်။



မြန်မာ့လေကြောင်းသည် ပြည်ပနိုင်ငံများသို့ ပျံသန်းပြေးဆွဲရန် စီမံဆောင်ရွက်နေပြီး နိုင်ငံတကာနှင့်အညီ လေယာဉ်လက်မှတ်များကို IT System များ တည်ထောင်ပြီး On Line Booking စနစ်ဖြင့် Sale and Center များတွင် ရောင်းချနိုင်ရန် ဆောင်ရွက်လျက်ရှိပြီး လေယာဉ်သစ်များဝယ်ယူရန် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

"IT System တည်ထောင်ပြီး နိုဝင်ဘာလမှာ ပြည်တွင်းမှာရှိတဲ့ မြို့ကြီးရှစ်မြို့ကို On Line Booking နဲ့လက်မှတ်ရောင်းပြီး ပြည်တွင်းမှာ ပြေးဆွဲမယ်။ ၂၀၁၅ မတ်လမှာ ပြည်ပကိုပျံသန်းပြေးဆွဲမယ်"ဟု မြန်မာ့လေကြောင်းမှ ဒုအထွေထွေမန်နေဂျာ(စီးပွားရေး)က ပြောသည်။

မြန်မာ့လေကြောင်းအနေဖြင့် နိုင်ငံတကာလေကြောင်းလိုင်းအဖွဲ့ဝင်ဖြစ်ရန် မြန်မာ့လေကြောင်းလိုင်းမှ ဝန်ထမ်းများကို စွမ်းရည်မြင့်တင်ရန် သင်တန်းများပေးပြီး အလုပ်ရုံဆွေးနွေးပွဲများ ပြုပေးလျက်ရှိကြောင်း၊ ယခင်က ATR လေယာဉ်များကို ဗန်ကောက်၊ မလေးရှား၊ စင်ကာပူနိုင်ငံများသို့ သွားရောက်ပြင်ဆင်ခဲ့ရာမှ ယခုအခါ ပြည်တွင်း၌ ပြင်ဆင်နိုင်ရန် ATR လေယာဉ် အကြီးစားပြင်ဆင်သည့် အလုပ်ရုံ တည်ထောင်ရန် ဆောင်ရွက်နေကြောင်း သိရသည်။

"နိုင်ငံတကာဝင်ဆံ့အောင်လုပ်နေတာပေါ့၊ ပြည်တွင်းမှာပျံနေရင်တော့ နိုင်ငံတကာ စံနှုန်းမမီနိုင်တော့ဘူး၊ နိုင်ငံတကာလေကြောင်းလိုင်းအဖွဲ့ဝင်ဖြစ်ဖို့ အကုန်လုံးပြုပြင်ပြောင်းလဲရေးလုပ်နေပါတယ်" ဟု အထက်ပါပုဂ္ဂိုလ်က ထပ်မံပြောကြားသည်။

မြန်မာ့လေကြောင်းမှ လေယာဉ် ၁၀စင်း ဖြင့် ပြည်တွင်းခရီးစဉ်များကို ပြေးဆွဲပျံသန်းနေပြီး ပြည်ပသို့ပြေးဆွဲပျံသန်းရန် အမေရိကန် GECAS ကုမ္ပဏီမှ ငှားရမ်းထားသည့် Boeing 737 လေယာဉ် ၁၀ စင်း အနက် Boeing 737-800 NG လေယာဉ် နှစ်စင်းသည် ၂၀၁၅ ဇွန်လနှင့် အောက်တိုဘာလတွင် ရောက်ရှိမည်ဖြစ်ပြီး အိမ်နီးချင်းနိုင်ငံများသို့ ပြေးဆွဲရန် စီစဉ်ထားကြောင်း ကျန်ရှစ်စင်းမှာ ၂၀၁၆ ခုနှစ်တွင် သုံးစင်း၊ ၂၀၁၇ တွင် တစ်စင်း၊ ၂၀၁၉ နှင့် ၂၀၂၀ တွင် နှစ်စင်းစီရောက်ရှိမည် ဖြစ်ကြောင်း၊ ၂၀၁၅ တွင် ပြင်သစ်နိုင်ငံနှင့် အီတလီနိုင်ငံများမှ Exim Bank Financial Assistant ဖြင့် ဝယ်ယူထားသော ATR -70-600 လေယာဉ် အသစ်ခြောက်စင်းမှတစ်စင်းသည် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် ရောက်ရှိမည်ဖြစ်ကာ ၂၀၁၆တွင်သုံးစင်းနှင့် ၂၀၁၇ တွင် နှစ်စင်းရောက်ရှိမည်ဖြစ်ကြောင်းသိရသည်။

မြန်မာ့လေကြောင်းသည် ပြည်တွင်းခရီးစဉ်များတွင် ခရီးသည်အများဆုံးသယ်ဆောင်လျက်ရှိရာ ယခင်နှစ်မိုးရာသီ ငါးလတာကာလတွင် ခရီးသည် ၁၆၅၀၀၀ခန့်သယ်ဆောင်ခဲ့ပြီး ယခုနှစ်မိုးရာသီ ငါးလတာကာလတွင် ခရီးသည်နှစ်သိန်းကျော် သယ်ဆောင်ခဲ့ကာခရီးသည်ဝင်ငွေ ၇ ဒသမ ၇ ဘီလီယံအထိ ပိုမိုရှာဖွေနိုင်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် မြန်မာ့လေကြောင်း အပါအဝင်လေကြောင်းလိုင်း ကိုးခုမှ လေယာဉ်များဖြင့် ပြည်တွင်းခရီးစဉ်များ၏ ပြည်တွင်းလေယာဉ်ကွင်း ၃၃ ကွင်းတွင် ၂၈ ကွင်းအသုံးပြုနေကြောင်း သိရသည်။

**သတင်း-နေလင်း(သတင်းစဉ်)**
**ဓာတ်ပုံ-မင်းသစ်**

## ဇီးဖြူပင်အထက၌ မြတ်ဆရာပူဇော်ပွဲ ကျင်းပ

**စလင်း အောက်တိုဘာ ၂၅**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ဇီးဖြူပင် အခြေခံပညာအထက်တန်းကျောင်းတွင် မြတ်ဆရာပူဇော်ပွဲကို အောက်တိုဘာ ၂၄ ရက်က ကျင်းပသည်။

ရှေးဦးစွာ သံဃာတော်အရှင်သူမြတ်များအား ဆွမ်းကပ်လှူပြီး သက်ကြီးရွယ်အိုများအား လှူဖွယ်ပစ္စည်းများဖြင့် ကန်တော့ကြသည်။ ဆက်လက်၍ ဇီးဖြူပင် အထကကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အသက်(၆၀) ပြည့်ပြီးသောအငြိမ်းစား ဆရာ ဆရာမကြီးများအား ၁၉၉၅ ခုနှစ်မှ ၂၀၀၅ ခုနှစ် ကျောင်းသားဟောင်းများက (၁၄)ကြိမ်မြောက် ပူဇော်ကန်တော့ပွဲကို ကျောင်းသား ကျောင်းသူဟောင်းများနှင့်အတူ ဇီးဖြူပင်ကျောင်းအုပ်ဆရာကြီး ဦးပေါ်ဦးနှင့် ဆရာ ဆရာမများက လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ပွဲ ကျင်းပခဲ့ကြောင်း သိရသည်။ **စစ်ကြည်(စလင်း)**

ပြည်တွင်းသတင်းနှင့်ဖျော်ဖြေ

# မြန်မာနိုင်ငံကိုယ်စားပြုကာ စင်ကာပူ စတားဟန်ခ့်ပြိုင်ပွဲသို့ မဟာဗလသွားရောက်ယှဉ်ပြိုင်မည်

**သတင်း- သွန်းဝသန်**
**ဓာတ်ပုံ- မောင်သဲဦး**

**ရန်ကုန် အောက်တိုဘာ ၂၅**

နိုဝင်ဘာလ ၂၃ ရက်တွင် စင်ကာပူနိုင်ငံ၌ ကျင်းပမည့် Mr Star Hunk International 2014 ပြိုင်ပွဲသို့ မော်ဒယ်လ် မဟာဗလက မြန်မာနိုင်ငံကိုယ်စားပြုအနေဖြင့် သွားရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ကြောင်းသိရသည်။

"ကျွန်တော်တို့လို လူငယ်တွေအတွက် အခွင့်အလမ်းတွေအများကြီးရလာပါတယ်။ အရင်က အမျိုးသမီးအလှမယ်တွေကို လူသိများကြပြီး အမျိုးသားပြိုင်ပွဲတွေကို နိုင်ငံတကာ အဆင့်သွားရောက်ယှဉ်ပြိုင်တာ အလွန်နည်းပါတယ်။ ကျွန်တော်တို့အတွက် ကျန်းမာရေးကောင်းမွန်မှု၊ ဘာသာစကားကျွမ်းကျင်မှု၊ နိုင်ငံတကာ မော်ဒယ်တစ်ယောက်ရဲ့ စံချိန်စံညွှန်း၊ ကိုယ်ရည်ကိုယ်သွေး၊ အနုပညာစွမ်းရည်၊ ယဉ်ကျေးမှုနဲ့ ဆက်ဆံရေးကောင်းမွန်မှု စသဖြင့်အများကြီးပြင်ဆင်ခဲ့ရပါတယ်။ အဓိကကတော့ နိုင်ငံတကာအဆင့်မီ မြန်မာမော်ဒယ်လ်တစ်ယောက် ဖြစ်လိုပါတယ်' ဟု မဟာဗလ ကပြောသည်။

အသက် ၁၉ နှစ်သာ ရှိသေးပြီး ဒဂုံတက္ကသိုလ်နောက်ဆုံးနှစ် ဥပဒေကျောင်းသား တစ်ဦးဖြစ်သော မဟာဗလမှာ အဆိုပါပြိုင်ပွဲကို သွားရောက်ယှဉ်ပြိုင်ရန်အတွက် နိုဝင်ဘာ ၁၀ ရက်တွင် စင်ကာပူနိုင်ငံသို့ သွားရောက်ကာ စခန်းသွင်းလေ့ကျင့်မှုများ ပြုလုပ်ရမည်ဖြစ်ပြီး နောက်ဆုံးအဆင့်ပြိုင်ပွဲကို နိုဝင်ဘာ ၂၃ တွင် ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

မဟာဗလမှာ မကြာသေးမီက စင်ကာပူတွင်ကျင်းပခဲ့သည့် Mr Teen International ပြိုင်ပွဲတွင် Mr Absolute Model International 2014 ဆုနှင့် The Best Traditional Cosume Award ဆုများကို ရရှိခဲ့သဖြင့် ယခုကဲ့သို့ နိုင်ငံတကာပြိုင်ပွဲတွင် ထပ်မံယှဉ်ပြိုင်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

**(မြန်မာ့အလင်း)**






ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ ရောင်းချပွဲပြပွဲဗဟိုကော်မတီ သုံးသပ်အစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၅**

ကျောက်မျက် ရိုင်းများနှင့် ကျောက်စိမ်း အသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲ ပြပွဲ ဗဟိုကော်မတီ သုံးသပ်အစည်းအဝေးကို အောက်တိုဘာ ၂၂ ရက် မွန်းလွဲပိုင်းက နေပြည်တော် မဏိရတနာ ကျောက်စိမ်းခန်းမရှိ အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်က ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီများမှ ဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများက နောင်ကျင်းပမည့် ရတနာပြပွဲများ အောင်မြင်မှုရရှိရေးနှင့် အဆင်ပြေချောမွေ့စွာ လုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် ရောင်းချပွဲဆိုင်ရာ လုပ်ငန်း ဆောင်ရွက်ခဲ့မှုများ၏ အားသာချက်၊ အားနည်းချက်များကို သုံးသပ် တင်ပြကြပြီး မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးရုံးမူက ကျောက်စိမ်း၊ ကျောက်မျက် ရောင်းချပွဲများတွင် ဖြည့်ဆည်း ဆောင်ရွက်ပေးရမည့် အခြေအနေများတင်ပြရာ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

(သတင်းစဉ်)

# ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၅-၁၀-၂၀၁၄

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၅၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၁၈၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၅၉၅၀၀ |

စက်သုံးဆီဈေးနှုန်း(Max/ Newday စက်သုံးဆီအရောင်းဆိုင်)

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၄ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၁၀၀၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၉၅၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၁၂၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၄၀ |

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၃၂၀၀-၃၅၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၂၇၀၀-၃၀၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၅၅၀၀-၇၀၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၅၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၄၅၀၀-၇၅၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၉၀၀၀-၁၇၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၀၀၀-၇၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၅၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၂၀၀၀-၁၇၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၉၉၄-၉၉၇ |
| ဥရောပ | တစ်ယူရို | ၁၃၄၀-၁၃၄၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၇၉-၇၈၅ |
| ထိုင်း | တစ်ဘတ် | ၃၂.၅-၃၂.၇ |
| အိန္ဒိယ | တစ်ရူပီး | ၁၆-၁၆.၂၃ |
| တရုတ် | တစ်ယွမ် | ၁၆၂-၁၆၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၀-၃၀၇ |

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

| | | |
|---|---|---|
| မိုးဆန်(ဧည်ယာအသစ်) | တစ်အိတ် | ၁၅၈၀၀-၁၆၀၀၀ |
| ပေါ်ကျွဲ (အသစ်) | တစ်အိတ် | ၂၂၅၀၀-၂၃၀၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၂၈၅၀၀-၃၂၅၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၃၉၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၃၅၀ |
| ဆိပ်ဖြူကြက်သွန်နီ | တစ်ပိဿာ | ၉၀-၄၂၅ |
| ရှမ်းကြက်သွန်ဖြူ | တစ်ပိဿာ | ၁၄၀၀-၁၉၀၀ |
| ကြက်သွန်ဖြူ(ကြူကုတ်) | တစ်ပိဿာ | ၁၆၀၀ |
| အာလူး(ရှမ်း) | တစ်ပိဿာ | ၅၃၀-၇၀၀ |
| ငရုတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၂၃၅၀ |
| ငရုတ်ပွ (စိမ်းစား) | တစ်ပိဿာ | ၄၀၀၀-၅၀၀၀ |
| သကြား | တစ်ပိဿာ | ၉၀၀-၉၂၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-ဓာတ်ပုံတင်ပြသည်။

# ကျန်းမာရေးအကျိုးပြုသည့် ပြင်ဦးလွင်ဒေသထွက် စတော်ဘယ်ရီသီး



ပြင်ဦးလွင်မြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် ၃၅၁၉ပေရှိသော တောင်ပေါ်မြို့တစ်မြို့ဖြစ်ပြီး ထင်ရှားသောနေရာများ၊ လည်ပတ်အပန်းဖြေရန်နေရာများ များပြားသည့်အပြင် ပန်းမန်သစ်ပင်နှင့် သစ်သီးဝလံများ စိုက်ပျိုး အောင်မြင်ဖြစ်ထွန်းသည့် မြို့တော်လည်းဖြစ်သည်။

ပြင်ဦးလွင်ဒေသမှ ထွက်ရှိသည့် စတော်ဘယ်ရီသီးကိုလည်း အနယ်နယ်အရပ်ရပ်မှ ကြိုက်နှစ်သက်မှုများပြားကာ စတော်ဘယ်ရီပင်စိုက်ပျိုးမှုနှင့်ပတ်သက်ပြီး "စတော်ဘယ်ရီအပင်တစ်ပင်ကို ၁၅ ကျပ်နှုန်းနဲ့ မြို့ထဲက ပဲဝယ်ပြီး စိုက်ပါတယ်။ ခုနစ်လပိုင်းနဲ့ ရှစ်လပိုင်းလောက်မှာ စတင်စိုက်ပျိုးရပြီး ၁၂ လပိုင်းထဲ ရောက်ရင် ခူးလို့ရပါပြီ။ အပင်တွေ အသီးမသီးခင် အပင်ခြေလေးတွေမှာတော့ ကောက်ရိုးလေးတွေ ခင်းပေးရတယ်။ အဲဒါမှ အသီးသီးတဲ့အခါ မြေငွေ့ကြောင့် အသီးလေးတွေ ပုပ်မသွားဘဲ အောင်မြင်မှာ၊ အပင်တွေက ရေအမြဲတမ်းလောင်းပေး၊ ပေါင်းနုတ်ပေးရပြီး ပိုးသတ်ဆေးအနည်းငယ် အသုံးပြုပေးရပါတယ်။ အသီးသီးချိန်ဆိုရင်တော့ သုံးရက်တစ်ကြိမ် ခူးဆွတ်ပြီး ပွဲရုံများသို့သွားရောက်ရောင်းချရပါတယ်"ဟု တောင်သူတစ်ဦးက ပြောပြသည်။

ဆက်လက်၍ "ဒီနှစ်တော့ စတော်ဘယ်ရီသီး ရှားမယ်ထင်တယ်။ ပြီးခဲ့တဲ့လလယ်လောက်က ပြင်ဦးလွင်မှာ ရွာသွန်းတဲ့မိုးကြောင့် မြေအနိမ့်ပိုင်းမှာ စိုက်ပျိုးထားတဲ့ အပင်တော်တော်များများ ရေဝပ်ပြီး ပျက်စီးကုန်ကြတယ်။ ကျွန်တော်လည်း သုံးသောင်းဖိုးလောက် ဝယ်စိုက်ထားတာ တော်တော်ပျက်စီးသွားလို့ အခုမှ ရွှေ့ပြောင်းပြီး ပြန်စိုက်ထားရတယ်"ဟု ပြင်ဦးလွင်မြို့မှ စတော်ဘယ်ရီပင် စိုက်ပျိုးသူတစ်ဦးက ပြောပြသည်။ စတော်ဘယ်ရီသီးသည် ကျန်းမာရေးနှင့် ကိုယ်ခံအားစနစ်ကို အကျိုး ပြုသည့် ဖလေဗိုနွိုက်နှင့် ဗီတာမင်စီတို့၏ ကြီးမားသည့် အရင်းအမြစ်ဖြစ်ပြီး ကယ်လိုရီပမာဏ အနည်းငယ်သာပါဝင်သည်။ ထို့ပြင် ကြွေလွယ်သောအမျှင်ဓာတ်၊ ဗီတာမင် ကေ၊ ဖောလစ်အက်စစ်၊ ပိုတက်စီယမ်၊ ကယ်စီယမ်၊ ဗီတာမင် B2၊ B5၊ B6၊ ကော့ပါး၊ သံဓာတ်၊ ဖော့စဖရက်စ်၊ ဗီတာမင်အေ ၊ ကာဗိုဟိုက်ဒြိတ်၊ မဂ္ဂနီဆီယမ်နှင့် အိုမီဂါသရီး ဖက်တီးအက်စစ် စသည်တို့ပါဝင်ကြောင်း သိရသည်။

(၄၂၃)

# အဆင့်မြင့်စက်ချုပ်အထူးသင်တန်းဆင်း

**ရန်ကုန် အောက်တိုဘာ ၂၅**

ဝန်ထမ်းများလူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် အဆင့်မြင့်စက်ချုပ်အထူးသင်တန်း အမှတ်စဉ် (၁) သင်တန်းဆင်းပွဲ အခမ်းအနားကို အောက်တိုဘာ ၂၄ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် အမှတ်(၅၁) ရပ်ကွက် မြဝတီမင်းကြီးလမ်းရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးစံရွှေအောင် တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားပြီး သင်တန်းထူးချွန်ဆုရ သင်တန်းသူများအား ပထမဆု အပ်ချုပ်စက်တစ်လုံး၊ ဒုတိယနှင့် တတိယဆုကို ငွေသားများချီးမြှင့်ခဲ့သည်။

အဆိုပါ သင်တန်းသို့ နယ်စပ်ဒေသများနှင့် ရန်ကုန်မြို့ပတ်ဝန်းကျင်ဒေသများမှ အမျိုးသမီး ၄၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလအတွင်း နိုင်ငံတော်က သင်ကြားမှုအထောက်အကူပြုပစ္စည်းအခမဲ့နှင့် နေထိုင်စားသောက်စရိတ်များ အကုန်အကျခံပြီး ၁၂ပတ်ကြာ သင်ကြားလေ့ကျင့်ပေးခဲ့သည်။

ဗဟိုလေ့ကျင့်ရေးကျောင်းတွင် နယ်စပ်ဒေသများမှ အခြေခံနှင့် အဆင့်မြင့် စက်ချုပ်သင်တန်းများ တက်ရောက်ခဲ့သည့် တိုင်းရင်းသူ အမျိုးသမီး ၃၄၀ တို့ကို ခေတ်မီမော်တာ အထည်ချုပ်စက်သင်တန်း အမှတ်စဉ်(၁) မှ (၃)အထိ ဖွင့်လှစ်သင်ကြားလေ့ကျင့်ပေးခဲ့ပြီး အထည်ချုပ်စက်ရုံများတွင် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီး ပေးခဲ့သည်။ ယခုအခါ ခေတ်မီမော်တာ အထည်ချုပ်စက်သင်တန်း အမှတ်စဉ် (၄)တွင် သင်တန်းသူ ၁၃၅ ဦးတက်ရောက်သင်ကြား လေ့ကျင့်လျက်ရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့
မုံရွာမြို့၊ ခုတင်(၅၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတည်ဆောက်ခြင်းအတွက်

**ဓာတ်လှေကားတင်ဒါခေါ်ယူခြင်း**

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ပြည်သူ့ဆေးရုံကြီး ခုတင် ၅၀၀ ဆံ့ တည်ဆောက်ရေးအတွက် လိုအပ်သည့် အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-
(က) 1350 Kg Lift 2 Nons
(ခ) 650 Kg Lift 2 Nons
၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်-
(က) **လျှောက်လွှာဝယ်ယူရန်** - ၂၇-၁၀-၂၀၁၄ရက်မှ ၁၄-၁၁-၂၀၁၄ရက်အထိ
(ခ) **တင်ဒါတင်သွင်းရန်** - ၂၈-၁၁-၂၀၁၄ရက် ၁၆း၀၀နာရီ
(ဂ) **တင်ဒါတင်သွင်းရန်နေရာ** - လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ မုံရွာမြို့
၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၇၁-၂၄၃၁၂နှင့် ၀၉-၂၅၉၂၄၃၉၇၈တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (တင်ဒါအမှတ် ၄/၂၀၁၄-၂၀၁၅)**

၁။ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင် လက်အောက်ရှိ မြောင်းမြ၊ ဝါးခယ်မ၊ အိမ်မဲမြို့နယ်တို့မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ပြည်ထောင်စု/တိုင်းဒေသကြီး လမ်း/တံတားလုပ်ငန်းများ အသုံးပြုရန် လိုအပ်သော လမ်းခင်းကျောက်မျိုးစုံအား သက်ဆိုင်ရာလမ်းပိုင်းအတွင်းရှိ ဆိပ်ကမ်းအလိုက် (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။
၂။ လိုအပ်သည့်လမ်းခင်းပစ္စည်းများ၏ အမျိုးအစား၊ အရေအတွက်၊ ဝယ်ယူလိုသည့် အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းချက်များကို မြောင်းမြခရိုင် အင်ဂျင်နီယာမှူးရုံး၏ ကြော်ငြာသင်ပုန်းတွင် ၂၄-၁၀-၂၀၁၄ရက်မှစတင်၍ ဖော်ပြထားမည်ဖြစ်ပါသည်။
**တင်ဒါလျှောက်လွှာပိတ်ရက်/အချိန်** - ၁၂-၁၁-၂၀၁၄ ရက် နံနက် ၁၀း၁၀ နာရီ
**တင်ဒါလျှောက်လွှာဖွင့်မည့်ရက်/အချိန်** - ၁၂-၁၁-၂၀၁၄ ရက် နံနက် ၁၀း၀၀ နာရီ
**တင်ဒါဖွင့်မည့်နေရာ** - မြောင်းမြခရိုင်၊ အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မြောင်းမြကြိုးတံတားအောက်၊ မြောင်းမြမြို့။
တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အောက်ဖော်ပြပါဌာနတွင် ၂၄-၁၀-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းနိုင်ပါသည်။ **တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**မြောင်းမြခရိုင်**
**ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**
**ဖုန်း-၀၄၂-၇၀၁၅၃**

ပိုင်ရှင်မှ တိုက်ရိုက်ရောင်းမည်။
ကိုယ်ပိုင်နေရန်အထူးအဆင့်မြင့်သည်။အငှားထားလျှင်ဈေးကောင်းရမည်။
ကျောက်မြောင်း၊ ဘယသုဒ္ဓိလမ်း၊ တတိယထပ်၊ (15'x50')၊ အထူးအဆင့်မြင့်ပြင်ဆင်ပြီး၊ အိမ်ရှေ့ဗာရာဆွဲတံခါးမကြီး၊ အဆင့်မြင့်ကနုတ်သံပန်းအလုများနှင့် ဆန်းရိုတ်တစ်အိမ်လုံးပြည့်တပ်ဆင်၍ ပန်းကနုတ်ကျွန်းတံခါးများနှင့် PVC ပြတင်းပေါက်ကျယ်များ တအိမ်လုံးပြည့်တပ်ဆင်ထားသည်။ (အိပ်ခန်း(၂)ခန်းပါ) A/C(1)လုံး၊ မျက်နှာကျက်ကောနစ်၊ မီးအလှနှင့် အဆင့်မြင့်မီးဆိုင်းများတပ်ဆင်ထားသည်။ အဆင့်မြင့်ပါကေးခင်းပြီး၊ ကြွေပြားများ တစ်အိမ်လုံးပြည့်ခင်းကပ်၍ မီးဖိုခုံနှင့်ဗီဒိုများတပ်ဆင်ထားသည်။ ရေချိုးခန်း Pressur Pump၊ ရေပူ/ရေအေးတပ်ဆင်ပြီး ဘိုထိုင်၊ ရေမီးကိုယ်ပိုင် (အသင့်နေနိုင်) (ပွဲစား၊အကျိုးဆောင်၊ကြော်ငြာများပလိုပါ)
ကျပ်သိန်း→(475) Ph:09-5053076

**ဖခင်အမည်မှန်**
စလင်းမြို့၊ သရက်ချဉ် အထက(တွဲ)၊ တက္ကသိုလ်ဝင်တန်းမှ မခိုင်မျိုးမြင့်၏ ဖခင်အမည်မှန်မှာ ဦးဟန်ဝင်း ၈/စလန(နိုင်)၀၂၉၃၃၆ ဖြစ်ပါကြောင်း။

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (သောကြာ)
Ph:209200,430480,544383

**ဖခင်အမည်မှန်**
မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ အထက၊ တရနာ တက္ကသိုလ်ဝင်တန်း (A)၌ ပညာသင်ကြားနေသော မိစန္ဒာချမ်း၏ ဖခင်အမည်မှန်မှာ ဦးသိန်းဇံ ၁၀/ကမရ(နိုင်) ၀၃၅၈၉၁ဖြစ်ပါကြောင်း။ **ဦးသိန်းဇံ**

**ပျောက်ဆုံး**
ကျွန်မ၏ Hankook Trading Co.,Ltd. မှ သွင်းကုန်လိုင်စင်အမှတ် IL 7/13-14-3977 ($ 1200) မူရင်းစာရွက်စာတမ်းများသည် ၁၂-၇-၂၀၁၄ ရက်တွင် ခရီးသွားလာနေစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။
**ဆက်သွယ်ရန်ဖုန်း-၀၉-၃၂၀၃၁၀၈၀**

7stars( ရာထူးဝင်သင်တန်းကြီး )
တစ်နှစ်ထက်တစ်နှစ် အကောင်းဆုံးဖြစ်အောင် ဝန်ဆောင်မှုပေးနေသည်မှာ 7Stars ရဲ့အစဉ်အလာ
မှူးဆောင်ရေး ၊ အလုပ်သမား ၊ ဗဟိုဘဏ်
စာရင်းစစ်ချုပ်ရုံး ၊ အမျိုးသားစီမံကိန်း
(၂၀၁၅ ဖွင့်လတွင်ဖြေဆိုမည့်ရာထူးများ) နည်းပြ/သရုပ်ပြ
အပြည့်စုံဆုံးမှတ်စုများအား ရောင်းချပေးနေပါပြီ။
တိုက်(18 / 3B)၊ သပြေညိုကွန်ဒို(၁)၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ကျောင်းခွဲ (လုံးဝ) မရှိပါ ။
09.421052736, 09.49282366, 09.49653992

**အမည်ပြောင်း**
ရန်ကုန်မြို့၊ Victoria University College HND -Year 2, Semester 2 Civil Engineering မှ မဆုမိုးမြင့်အား မဆုပြည့်မြတ်နိုးဟု ပြောင်းလဲခေါ်ပါရန်။
**မဆုပြည့်မြတ်နိုး**

**မွေးသက္ကရာဇ်မှန်**
ဦးမိုးဟိန်း၏သမီး ခိုလန်အထက၊ တက္ကသိုလ်ဝင်တန်း(ဇီဝတွဲ)မှ မမိုးစန္ဒာဝင်း၏ မွေးသက္ကရာဇ်မှန်မှာ ၂၇-၃-၁၉၉၉ ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**
ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အထက(၅) တက္ကသိုလ်ဝင်တန်း(D)မှ မအန်းမေရီ၏ ဖခင်အမည်မှန်မှာ ဦးနောက်ကျမ်း ၄/ထတလ(နိုင်)၀၂၅၂၃၆ ဖြစ်ပါကြောင်း။ **ဦးနောက်ကျမ်း**

**အမည်ပြောင်း**
ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ အုတ်တွင်းရွှေတောင်စုရွာနေ ဦးလှိုင်မင်း၏ သမီး မယမင်းချစ်ချစ် ၇/မလန(နိုင်) ၁၀၉၈၄၄ အား မလှိုင်ယမင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မလှိုင်ယမင်း**

# ကက်ပီတယ်ဝမ်းဖလား ၁၆သင်းအဆင့် ပွဲတွေစပြီ

မိုးမြင့်လင်းလက်

ကက်ပီတယ်ဝမ်းဖလား ဘောလုံးပြိုင်ပွဲ ၁၆ သင်းအဆင့် ပွဲစဉ်တွေကို အောက်တိုဘာ ၂၉ ရက်မှာ ဆင်နွှဲမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ ထိပ်သီး အသင်းတွေဖြစ်တဲ့ ချယ်လ်ဆီး၊ မန်စီးတီးတို့ရဲ့ ကြိုးစားမှုတွေ၊ အသင်းငယ်တွေရဲ့ ခုခံရုန်းထမှုတွေဟာ ပြိုင်ပွဲရသကို စူးရှအောင်ပေးစွမ်းဦးမှာ ဖြစ်ပါတယ်။

**မန်စီးတီးနှင့် နယူးကာဆယ်**

ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ မှတ်တမ်းကိုကြည့်ရင် မန်စီးတီးက လေးဂိုးပြတ်နိုင်ပွဲရထားပါတယ်။ လက်ရှိအချိန်မှာလည်း မန်စီးတီးတို့ ရလဒ်တွေကောင်းနေတာမို့ နယူးကာဆယ်တို့ မလွယ်ပါဘူး။ နိုင်ပွဲဆိုတာ မန်စီးတီးတို့ရဲ့ လက်ထဲမှာရှိပါတယ်။

**ရှယ်ဘူရီနှင့် ချယ်လ်ဆီး**

နိုင်ပွဲတွေဆက်နေတဲ့ ချယ်လ်ဆီးဟာ အခုပွဲမှာ ရှယ်ဘူရီကို အလေးထားကစားရပါလိမ့်မယ်။ ချယ်လ်ဆီးဟာ ပြိုင်ပွဲအရပ်ရပ်မှာ အကောင်းဆုံး ခြေစွမ်းပြနိုင်အောင် ကြိုးစားနေတာမို့ ချယ်လ်ဆီး တိုက်စစ်မှူးတွေ ပြတ်သားတဲ့ ရလဒ်ထွက်ပေါ်အောင် ပုံဖော်ပါလိမ့်မယ်။

**လီဗာပူးနှင့် ဆွမ်ဆီး**

ဆွမ်ဆီးနဲ့ဆုံတိုင်း လီဗာပူးတို့ ခက်ခဲစွာ အားထုတ်ခဲ့ရတာချည်းပါပဲ။ ဆွမ်ဆီးဟာ အသင်းလိုက်ကစားအားကောင်းပြီး လီဗာပူးကိုလည်း ခြေရည်တူကစားနိုင်တဲ့ အနေအထားရှိပါတယ်။ ဒါပေမယ့် အိမ်ကွင်းမှာ ကြိုးကြာနီတို့ အောင်ပွဲခံမယ့် အခွင့်အလမ်းရှိနေပါတယ်။

**စပါးနှင့် ဘရိုက်တန်**

စပါးဟာ ဘရိုက်တန်ကို အနိုင်ကစားနိုင်တဲ့ ခြေစွမ်းရှိနေပါတယ်။ ဒါပေမယ့် ကစားအား အတက်အကျရှိနေတဲ့ စပါးဟာ နောက်ဆုံးသုံးပွဲ ရလဒ်က မကောင်းတာမို့ အခုပွဲ လူစုံမကစားရင် အခြေအနေမကောင်းနိုင်ပါဘူး။ ဒါပေမယ့် တစ်ဦးချင်းရော အသင်းလိုက်ပါ အားထုတ်မှုသာတဲ့ အိမ်ရှင်ကိုပဲကြိုက်ပါတယ်။

**ဘုန်းမောက်နှင့် ဝက်စ်ဘရွန်း**

နောက်ဆုံးတွေ့ဆုံခဲ့မှုရလဒ်မှာတော့ ဝက်စ်ဘရွန်းက လေးဂိုး-တစ်ဂိုးနဲ့ နိုင်ထားပါတယ်။ လောလောဆယ်မှာ ဘုန်းမောက်တို့ ခြေစွမ်းတက်နေပေမယ့် ဝက်စ်ဘရွန်းက မန်ယူကို သရေကစားထားတဲ့ အားထုတ်မှုကလည်း အသိအမှတ်ပြုစရာဖြစ်တာမို့ ဝက်စ်ဘရွန်းတို့ပဲ အသာစီးရနိုင်ပါတယ်။

**အမ်ကေဒွန်းနှင့် ရှက်ဖီးလ်**

ရှက်ဖီးလ်ဟာ ခြေစွမ်းကောင်းမွန်နေပြီး နိုင်ပွဲတွေဆက်တိုက်ရရှိထားပါတယ်။ အမ်ကေဒွန်းတို့ကတော့ ပုံမှန်ခြေစွမ်းရရှိအောင် ကြိုးစားနေတာမို့ အခုပွဲမှာ အကြိတ်အနယ်ရှိပြီး အမှတ်ခွဲယူရမယ့် ကိန်းပါပဲ။

**ဖူလ်ဟမ်နှင့် ဒါဘီ**

နောက်ဆုံးတွေ့ဆုံမှုမှာ ဒါဘီတို့ ဖူလ်ဟမ်ကို ငါးဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရထားပါတယ်။ လက်ရှိအနေအထားမှာ ဖူလ်ဟမ်ရဲ့ခြေစွမ်းက အားရစရာမရှိတာမို့ ဒါဘီက ဒီပွဲမှာ အားထားစရာကောင်းတဲ့ အသင်းဖြစ်မှာအမှန်ပါပဲ။

**စတုတ်နှင့် ဆောက်သမ်တန်**

လက်ရှိခြေစွမ်းပိုင်းက တူညီနေပြီး နောက်ဆုံးတွေ့ဆုံမှုမှာ တစ်ဂိုးစီသရေပွဲဖြစ်ထားပါတယ်။ ဒါပေမယ့် ဒီနှစ်ခြေစွမ်းတက်လာတဲ့ ဆောက်သမ်တန်ကို အားပေးတာအမှန်ဆုံးပါပဲ။ ။

# ပေါလ်ပေါ့ဘာကို ထပ်မံစာချုပ်

အီတလီစီးရီးအေနာမည်ကြီးကလပ် ဂျူဗင်တပ်စ်က ပေါလ်ပေါ့ဘာအား ၂၀၁၉ ခုနှစ်အထိတိုင်အောင် စာချုပ်ချုပ်ဆိုလိုက်သည်။ အသက် ၂၁ နှစ်ရှိ ကွင်းလယ်ကစားသမား ပေါ့ဘာသည် ၂၀၁၄ ကမ္ဘာ့ဖလားတွင် ပြင်သစ်အသင်းနှင့်အတူ ပါဝင်ကစားခဲ့သူဖြစ်သည်။ ၎င်းကို ဥရောပထိပ်တန်း ကလပ်အချို့က ခေါ်ယူရန် အဆက်အသွယ်ပြုလုပ်ထားသည်။ ပေါ့ဘာသည် ၂၀၁၂ ခုနှစ်က မန်ယူမှ ဂျူဗင်တပ်စ်သို့ အလွတ်ပြောင်းရွှေ့ခဲ့ သည်။ ၎င်းသည် အီတလီစီးရီးအေဖလားကို ဂျူဗင်တပ်စ်နှင့်အတူ နှစ်နှစ် ဆက်တိုက် ဆွတ်ခူးနိုင်ခဲ့သည်။ ၎င်းကို ဂျူဗင်တပ်စ်က ၂၀၁၆ အထိသာ စာချုပ်ထားခဲ့သည်။ ခြေစွမ်းပြလာသော ပေါ့ဘာအား ဂျူဗင်တပ်စ်က ၂၀၁၉ ခုနှစ်အထိ စာချုပ်လိုက်ပြီဖြစ်သည်။



# တီယာဂို လအတန်ကြာ နားရဦးမည်

ဘိုင်ယန်မြူးနစ်ကွင်းလယ်ကစားသမား တီယာဂိုသည် ဒူးခေါင်းခွဲစိတ်မှုကြောင့် လအတန်ကြာအောင် အနားယူရမည်ဖြစ်ကြောင်း ၎င်းကလပ်က ကြေညာသည်။ အသက် ၂၃နှစ်ရှိ တီယာဂိုသည် ဟော့ဖန်ဟိန်း နှင့် တစ်ဖက်သုံးဂိုးစီသရေကျခဲ့သည့် မတ် ၂၉ ရက် ကတည်းက မကစားနိုင်ဘဲရှိခဲ့သည်။ ဒဏ်ရာရမှုကြောင့် တီယာဂိုသည် စပိန်အသင်း ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ကစားမှုနှင့်လည်း လွဲချော်ခဲ့ရသည်။ အဆိုပါဒဏ်ရာမှပြန်လည်ကောင်းမွန်လာပြီး လေ့ကျင့်နေစဉ် ဒူးခေါင်းအမာရွတ်များ ဒဏ်ရာပြင်းထန်စွာရခဲ့သဖြင့် ခွဲစိတ်မှုတစ်ရပ်ပြန်လည်ပြုလုပ်ရတော့မည်ဟုဆိုသည်။ ယင်းအတွက် လနှင့်ချီ၍ အနားယူကုသမှုခံရတော့မည်ဟုဆိုသည်။

**ကောင်းမြတ်သူ-စုစည်းသည်**

နိုင်ငံတကာအားကစားနှင့် ကျော်ကြား

## ဥရောပ ပြည်တွင်းလိဂ် ပွဲစဉ်များ

သီဟ

| အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၉) | | | | အောက်တိုဘာ ၂၆ |
|---|---|---|---|---|
| ဘန်လေ | - | အဲဗာတန် | ည | ၇း၀၀ |
| စပါး | - | နယူးကာဆယ် | ည | ၇း၀၀ |
| မန်ယူ | - | ချယ်လ်ဆီး | ည | ၉း၃၀ |

| ပြင်သစ်လီဂူး ပွဲစဉ်(၁၁) | | | | အောက်တိုဘာ ၂၆/၂၇ |
|---|---|---|---|---|
| ရန်းနက်စ် | - | လိုင်လီ | ညနေ | ၆း၃၀ |
| ဂူအင်ဂမ့် | - | နိုက်စ် | ည | ၉း၃၀ |
| စိန့်အက်တီယန် | - | မတ်ဇ် | ည | ၉း၃၀ |
| လိုင်ယွန် | - | မာဆေး | နံနက် | ၁း၃၀ |

| ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၉) | | | | အောက်တိုဘာ ၂၆ |
|---|---|---|---|---|
| ဝုဖ်ဘတ် | - | မိန့်ဇ် | ည | ၈း၀၀ |
| မိုချန်ဂလတ်ဘတ် | - | ဘိုင်ယန်မြူးနစ် | ည | ၁၀း၀၀ |

| အီတလီစီးရီးအေ ပွဲစဉ်(၈) | | | | အောက်တိုဘာ ၂၆/၂၇ |
|---|---|---|---|---|
| ချီယေဗို | - | ဂျီနိုအာ | ည | ၇း၃၀ |
| ဂျူဗင်တပ်စ် | - | ပါလာမို | ည | ၇း၃၀ |
| အူဒီးနိစ် | - | အတ္တလန္တာ | ည | ၇း၃၀ |
| ဆီစီနာ | - | အင်တာမီလန် | ည | ၁၀း၃၀ |
| လာဇီယို | - | တိုရီနို | ည | ၁၀း၃၀ |
| နာပိုလီ | - | ဗီရိုနာ | ည | ၁၀း၃၀ |
| အေစီမီလန် | - | ဖီအိုရင်တီးနား | နံနက် | ၁း၁၅ |

| စပိန်လာလီဂါ ပွဲစဉ်(၉) | | | | အောက်တိုဘာ ၂၆/၂၇ |
|---|---|---|---|---|
| မာလာဂါ | - | ဗယ်လက်ကာနို | ညနေ | ၄း၃၀ |
| အက်စ်ပန်ညို | - | ဒီပို့တီဗို | ည | ၉း၃၀ |
| ဆီဗီလာ | - | ဗီလာရီးရဲလ် | ည | ၁၁း၃၀ |
| ဂီတာဖေး | - | အက်သလက်တီကို | နံနက် | ၁း၃၀ |

**အောက်တိုဘာ ၂၄/၂၅ ဂိုးရလဒ်များ**

| | | |
|---|---|---|
| ဆယ်လ်တာဗီဂို | ၃-၀ | လီဗန်တေး |
| ဝါဒါဘရီမင် | ၀-၁ | ကိုလုံး |
| တူးလော့စ် | ၀-၂ | လန်းစ် |
| ဖူလ်ဟမ် | ၃-၀ | ချာလ်တန် |

# မီဝေါလ် ကာဒစ်ကိုနိုင်

အင်္ဂလန်ပရီမီယာရှစ်ပွဲစဉ် (၁၄)ကို စနေနေ့အစောဆုံးပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့ရာ မီဝေါလ်အသင်းက ကာဒစ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အိမ်ရှင်မီဝေါလ်အသင်းက ကာဒစ်အသင်းကို ဖိပေးကစားခဲ့ရာ ပထမပိုင်းတွင် နှစ်သင်းစလုံး ဂိုးမသွင်းနိုင်ဘဲ ဒုတိယပိုင်း ၅၅မိနစ်ရောက်မှ ဒန်နီရှစ်တုက မီဝေါလ်အတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းယူခဲ့သည်။


**ရွှေကြေးစည် မှ ကျိုက်ထီးရိုး / ချောင်းသာ(နေ့စဉ်)**
**တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံပွဲ (၂)ညအိပ်** Nov 1, 4 အပတ်စဉ်သောကြာ
▲ တောင်ကြီး၊ မွေ့တော်ကက္ကူ၊ ထမ့်စမ်းဂူ၊ မြစိမ်းတောင်နှင့် ပတ္တမြားဂူဘုရားများ အင်းလေးဖောင်တော်ဦး၊ ရေပူစမ်း၊ ပင်းတယရွှေဥမင်၊ ကံ့လုံ၊ မြင်းမထိဂူ၊ ကလောနီးဘုရား (၅)ရက်
▲ ပုဂံ၊ ပုပ္ပါး၊ စွယ်တော်လေးဆူ၊ ပခုက္ကူ(၄)ရက်။ ဆက်၍-မန္တလေး၊ ပြင်ဦးလွင်အနံ့(၅)ရက်
ပန်းဆိုးတန်း 01-240860/372290 ဒေါပုံ 09-49282825,09-73494339,09421029191

**သန်းငွေနှင့်ရောင်းရင်းများ မှ ကျိုက်ထီးရိုး+ချောင်းသာ(နေ့စဉ်)**
✿ တောင်ကြီးမီးပုံးပျံပွဲ၊ အင်းလေး၊ ပင်းတယ၊ (၄) ရက်၊ လွိုင်ကော်။ Nov-4/6
✿ ပုဂံ၊ ပုပ္ပား (၄) ရက်။ ✿ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ (၄) ရက် အားလုံးပါ (၇/၁၀) ရက်။
✿ ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်ကမ်းခြေ (၆) ရက်။ Nov-3
✿ ဧလွန်၊ နေပြည်တော်၊ ပြည်၊ အကောက်တောင်၊ နဂါးရစ် (နေ့ချင်းပြန်) (စနေ/တနင်္ဂနွေ)။
✿ မော်လမြိုင်၊ ကျိုက္ကမီ၊ စက်စဲ (ကျိုက်ထီးရိုး)၊ နွားလဘို့တောင် (၂/၃) ရက်။
✿ ဘီးလင်းမဲလဲဆံတော်ရှင်၊ ကျိုက်ထီးဆောင်။ ကေလာသဆံတော်ရှင်၊ မြို့ဦး ပရဟိတဂေဟာ (နေ့ချင်းပြန်)။
Oct - 17/24/31, Nov-3/4/6/7/114/21/28 ကြိုတင်လက်မှတ်ရောင်းပြီ။
အမှတ် (၄၂၄)၊ ရွှေဘုံသာလမ်း (အထက်)၊ ပန်းဘဲတန်းမြို့နယ်။ Ph : 380141, 241863, 09 43043109, 09 73251422

**ယာဉ်မောင်း အလိုရှိသည်**
Model မြင့် အိမ်စီးကား ကျွမ်းကျင်ယာဉ်မောင်း အလိုရှိသည်။
ဆက်သွယ်ရန် ဦးမျိုးထက်အေး ဖုန်း-၀၉-၅၀၂၇၀၀၀၊ ၀၁-၆၈၃၄၄၅

**ဖခင်အမည်မှန်**
ကျောက်တန်း အထက(၂)တက္ကသိုလ်ဝင်တန်း(က)မှ မစုထက်လွင်၏ ဖခင်အမည်မှန်မှာ ဦးအေးသွင် ၁၂/ကတန(နိုင်)၀၃၆၆၆၁ ဖြစ်ပါသည်။
ဦးအေးသွင်

**သွေးသည် အသက်**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် ၆ဃ/၂၂၁၀ Toyota Landcruiser S/W (4x4) ယာဉ်လက်ဝယ်ရှိသူ ဒေါ်သက်သက်တင် ၁၂/ကမရ(နိုင်)၀၃၆၈၃၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)
အင်းစိန်မြို့နယ်

**ကန့်ကွက်နိုင်ပါသည်**
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၁၂၈၊ မြေကွက်အမှတ် ၄၃၅၊ မြေအမည်ပေါက် ဦးစိုးသိန်း ၈/ပခက(နိုင်)၀၅၃၈၃၅က မြေချပါမစ် ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများ တင်ပြပြီး လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးခြင်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။
မြေယာရုံးခွဲ(၇)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

**ကန့်ကွက်နိုင်ပါကြောင်း**
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၁၂၁၊ မြေကွက်အမှတ် ၃၆၊ မြေအမည်ပေါက် ဒေါ်သိန်းသိန်း CB-၀၂၉၂၈၄(ကွယ်လွန်)၏သမီးဖြစ်သူ ဒေါ်တင့်တင့်ဆွေ ၁၂/မဂဒ(နိုင်)၀၆၇၀၀၃ က မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများ တင်ပြပြီး လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးခြင်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။
မြေယာရုံးခွဲ(၇)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

**ကုန်အမှတ်တံဆိပ်နှင့်ပတ်သက်၍ အများသိစေရန် အသိပေးကြေညာခြင်း**
အရည်အသွေးနှင့်အာမခံချက် ထာဝရအပြည့်ရှိသော ထိုင်ဝမ်နိုင်ငံလုပ် Silicon Power Products ပစ္စည်းများနှင့် ပတ်သက်၍ Silicon Power Computer & Communication Inc. (Taiwan) သည် မြန်မာနိုင်ငံတွင် အောက်ပါ Silicon Power ကုန်အမှတ်တံဆိပ်ကို (Reg. No.4/14624/2012)ဖြင့် တရားဝင်မှတ်ပုံတင်သွင်းထားခဲ့ပြီးဖြစ်သည့်အပြင်၊ Silicon Power Products ပစ္စည်းများနှင့်စပ်လျဉ်း၍ မြန်မာပြည်တစ်ဦးတည်းကိုယ်စားလှယ်ဖြစ်သော Golden Power Technology Co.,Ltd. သို့ ဥပဒေနှင့်အညီ တစ်ဦးတည်းမူပိုင် တရားဝင်ကိုယ်စားလှယ်အဖြစ် အာဏာလွှဲအပ်ပေးထားပြီးဖြစ်၍ Silicon Power ကုန်အမှတ်တံဆိပ်နှင့် ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားပါ ပစ္စည်းများအားလုံးကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖြန့်ချီတင်သွင်းရောင်းချလျက်ရှိပါသဖြင့် အခြားမည်သူကမျှ တင်သွင်းရောင်းချပိုင်ခွင့်မရှိပါ။ ထိုကုန်အမှတ်တံဆိပ်ကို ခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ သုံးစွဲပိုင်ခွင့်မရှိပါ။

SP ၏ကုန်ပစ္စည်းအမှတ်တံဆိပ် | GPT ၏ကုမ္ပဏီလိုင်စင်အမှတ်တံဆိပ်

Reg. No.4/14624/2012 | မှတ်ပုံတင်အမှတ်-၄/၁၃၅၆၉-၂၀၁၂

အဆိုပါကုန်အမှတ်တံဆိပ်နှင့်ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားပါပစ္စည်းအားလုံးကို အခြားသူတစ်ဦးတစ်ယောက်ကဖြစ်စေ၊ အများကဖြစ်စေ၊ အသင်းအဖွဲ့ကုမ္ပဏီတစ်ခုခုကဖြစ်စေ၊ Silicon Power ကုန်အမှတ်တံဆိပ်ကိုသော်လည်းကောင်း၊ ထိုအမှတ်တံဆိပ်ပါ ကုန်ပစ္စည်းကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ၊ တိုက်ရိုက် (သို့မဟုတ်)သွယ်ဝိုက်တုပ၍သော်လည်းကောင်း၊ ဆင်တူယိုးမှားသော်လည်းကောင်း၊ ပုံတူထင်ယောင်ထင်မှားသော်လည်းကောင်း၊ ဖြစ်စေရန် ပြင်ဆင်၊ ဖြည့်စွက်တုပပြုလုပ်ထားသောပစ္စည်းကို မှာယူတင်သွင်းခြင်း၊ တင်သွင်းဖြန့်ဖြူးရောင်းချခြင်း၊ တုပပြုလုပ်ခြင်း၊ ရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်း၊ ပြသထားခြင်း မပြုလုပ်ရန်နှင့်အကယ်၍ အထက်ပါအသိပေးတားမြစ်ချက်တစ်စုံတစ်ရာကို ဖေါက်ဖျက်ကျူးလွန်ပြုလုပ်ကြသည်ရှိသော် ပြစ်မှုကြောင်း၊ တရားမကြောင်းအရ ဥပဒေနှင့်အညီ ထိရောက်စွာ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

Golden Power Technology Co.,Ltd ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးရဲမြင့် B.A (Law); LL.B
ကုမ္ပဏီဥပဒေအတိုင်ပင်ခံနှင့်တရားလွှတ်တော်ရှေ့နေ (စဉ်-၂၀၁၂/၁၉၈၀)
အမှတ်(၁၆)၊ အဆောက်အအုံ(၁)၊ (၇၃)လမ်း၊ သဇင်လမ်းနှင့် ငုဝါလမ်းကြား၊
ချမ်းမြသာစည်မြို့နယ်(မင်္ဂလာမန္တလေးအိမ်ယာ)၊ မန္တလေးမြို့။

ကြော်ငြာ


လှူဒါန်းရန်အတွက်
အထူးသင့်တော်သော
တကယ့် သစ်သီး အရသာ
TANG
Orange
TANG
200 Kyats
=
1 Liter
တစ်ခွက်လျှင် ၅၀ ကျပ်
(250 ml)



# ကလောမြို့နယ်၌ တရားမဝင်ဘိန်းစိုက်ခင်း ၃၈ ဧကကျော် ပူးပေါင်းဖျက်ဆီး

**ကလော အောက်တိုဘာ ၂၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ် အနောက်တောင်ပိုင်း နန်းနိုင်ကျေးရွာအုပ်စု၊ တောင်ကွဲကျေးရွာ အုပ်စုများရှိ တရားမဝင် ဘိန်းစိုက်ခင်း ၃၈ ဧကကျော်ကို အောက်တိုဘာ ၁၅ ရက်နှင့် ၂၃ ရက်တို့တွင် ကလောမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ဝင်း ဦးဆောင်သော ဘိန်းစိုက်ပျိုးမှုပပျောက်ရေး ပူးပေါင်းအဖွဲ့က ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ် နန်းနိုင်ကျေးရွာအုပ်စု ကျောက်ဆုပ်ကျေးရွာ စလုံးတောင်ကျေးရွာ ကျောက်ရင်ရွာပျက်နှင့် တောင်ကွဲကျေးရွာအုပ်စု ပင်စိမ်းပင်ကျေးရွာ မြောင်ချောက်ကျေးရွာများ ဝန်းကျင်တစ်ဝိုက်တွင် ၃၈ ဧကကျော်ခန့် တရားမဝင်ဘိန်းများ စိုက်ပျိုးထားသည်ကို တာဝန်သိပြည်သူများ သတင်းပေးချက်အရ ကလောမြို့နယ်ရဲတပ်ဖွဲ့၊ မူးယစ်(အထူး)အဖွဲ့ အပါအဝင် ဘိန်းစိုက်ပျိုးမှုပပျောက်ရေး ပူးပေါင်းအဖွဲ့ ဖွဲ့စည်းပြီး ကွင်းဆင်းဖျက်ဆီးခဲ့ကြသည်။

ထို့နောက် တရားမဝင်ဘိန်းစိုက်ခင်းများအနီးဝန်းကျင်ရှိ ကျေးရွာသူ ကျေးရွာသား ၆၀ ခန့်ကို တောင်ကွဲကျေးရွာအုပ်စု မြင်းကကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် စုဝေးကြပြီး မြို့နယ်ရဲမှူးတင်ဝင်းက မူးယစ်ဆေးဝါးဥပဒေများ၊ ပြစ်မှုပြစ်ဒဏ်များအကြောင်း၊ ဒုတိယမြို့နယ်ပညာရေးမှူးဦးမောင်မောင်လွန်းက မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ပညာရေးအသိဉာဏ် ထုံထိုင်းချို့ယွင်းပျက်စီး ဘဝတုံးရပုံ အဆင့်ဆင့်တို့ကို အသိပညာပေး ဟောပြောခဲ့ကြကြောင်း သိရသည်။ **ဇော်သိန်းရည်**

## မျိုးကောင်းမျိုးသန့် စိုက်ပျိုးထုတ်လုပ်မှု လက်တွေ့သရုပ်ပြ

**မြောင်းမြ အောက်တိုဘာ ၂၃**

ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းသမဝါယမဦးစီးဌာန တိုင်းသမဝါယမအသင်းစုချုပ်လီမိတက် စိုက်ပျိုးရေးသုတေသနဦးစီးဌာန မြောင်းမြသုတေသနခြံနှင့် (တိုးပွား-မန္တလေး)ကုမ္ပဏီလီမိတက်တို့ ပူးပေါင်းဆောင်ရွက်သည့်မျိုးကောင်းမျိုးသန့် စိုက်ပျိုးထုတ်လုပ်မှုများကို လေ့လာခြင်း၊ လက်တွေ့သရုပ်ပြသခြင်း အခမ်းအနားကို အောက်တိုဘာ ၂၁ ရက်က မြောင်းမြမြို့ စိုက်ပျိုးရေးသုတေသနခြံ၌ ကျင်းပသည်။ အစီအစဉ်အရ တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်သိန်းနှင့်တိုင်းဒေသကြီးသမဝါယမဦးစီးဌာန ခေတ္တတိုင်းဦးစီးမှူး ဦးအောင်မော်တို့က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးသမဝါယမအသင်းစုချုပ် လီမိတက်ဥက္ကဋ္ဌ ဦးစောအင်ဒရူးပန်းက အသင်းစုချုပ်မှ တိုင်းဒေသကြီးအတွင်း လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးငွေများ၊ လယ်ယာသုံးစက်ကိရိယာများနှင့် သွင်းအားစုဓာတ်မြေဩဇာများ ဖြန့်ဖြူးပေးမည့်အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။ **အောင်မင်း**

## လယ်ယာသုံးစက်ကိရိယာပြုပြင်ထိန်းသိမ်းမှုသင်တန်း မြောင်းမြ၌ ဖွင့်လှစ်

**မြောင်းမြ အောက်တိုဘာ ၂၅**

လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုလျက်ရှိသော လယ်ယာသုံးစက်ကိရိယာများပြုပြင်ထိန်းသိမ်းမှုသင်တန်းကို မြောင်းမြခရိုင်နှင့် မြို့နယ်စက်မှုလယ်ယာ ဦးစီးဌာနကကြီးမှူး၍ ကျေးရွာအရောက်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါသင်တန်းကို မြောင်းမြမြို့နယ်အတွင်းရှိ ဘုရားငုတ္တိုကျေးရွာ၊ ကညွတ်ကွင်းကျေးရွာ၊ မုဆိုးကွင်းကျေးရွာအုပ်စုများမှ တောင်သူလယ်သမားသင်တန်းသား ၂၅ ဦး တက်ရောက်ကာ လယ်ယာသုံးစက်ကိရိယာ တစ်လုံးထိုး အင်ဂျင်၊ ဂီယာဘောက်၊ လက်တွန်းထွန်စက်များ ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် ကိုင်တွယ်မောင်းနှင်ခြင်းများ ပါဝင်ကြောင်း သိရသည်။

သင်တန်းရည်ရွယ်ချက်အနေဖြင့် ကျေးလက်နေ တောင်သူလယ်သမားများ၏သားသမီးများ မိမိတို့လယ်ယာလုပ်ငန်းခွင်မှာ အသုံးပြုနေသော စက်ကိရိယာပစ္စည်းများကို အခက်အခဲမရှိ ကိုင်တွယ်တတ်စေရေး၊ စက်ကိရိယာများ ပြုပြင်ထိန်းသိမ်းတတ်စေရေးရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း မြောင်းမြခရိုင် စက်မှုလယ်ယာဦးစီးအရာရှိ ဦးဇော်မင်းနိုင်က ပြောကြားသည်။

အဆိုပါစက်ကိရိယာ ပြုပြင်ထိန်းသိမ်းရေးသင်တန်းကို အောက်တိုဘာ ၂၁ ရက်မှ ၂၆ ရက်အထိ ငါးရက်တိုင် စာတွေ့လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် မြောင်းမြခရိုင် အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်က အမှာစကားပြောကြားကာ ခရိုင်စက်မှုလယ်ယာဦးစီးမှူးက သင်တန်းဖွင့်လှစ်ခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍လည်း အဆိုပါသင်တန်းမျိုးကို မြို့နယ်အတွင်းစိတ်ဝင်စားသော ကျေးရွာများတွင် One Stop Service ဖြင့် ကျေးရွာအရောက်သွားရောက်ကာ အခမဲ့ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ကြောင်း ခရိုင်ဦးစီးအရာရှိက ပြောကြားသည်။ **အောင်မင်း**

## ပြည်တွင်းသတင်းနှင့် ကြော်ငြာ

# မူးယစ်ဆေးဝါးနှင့် မူးယစ်ဆေးဝါးရောင်းရငွေ ကျပ်သိန်း ၅၀၀ ကျော် ဖမ်းဆီးရမိ

**ဖားကန့် အောက်တိုဘာ ၂၅**

မြစ်ကြီးနားမြို့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု(၂)က ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ကောင်ဆန်ကျေးရွာနေ အောင်လွင်ဦး(ခ)ရန်ဆန်း၏နေအိမ်ကို အောက်တိုဘာ ၂၁ ရက် ညနေ ၆ နာရီ ဝင်ရောက်ရှာဖွေရာ အောင်လွင်ဦး(ခ)ရန်ဆန်းကို နေအိမ်၌ တွေ့ရှိရပြီး ကာလတန်ဖိုးငွေကျပ် ၃၅၀၀၀၀ ရှိ ဘိန်းဆီရည်အလေးချိန် ၇၅၀ ဂရမ်ပါတစ်ဘူး၊ ၎င်းအိပ်ရာဘေးမှ ကာလတန်ဖိုးငွေကျပ် ၇၈၀၀၀ ပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၃ ပြားနှင့် မူးယစ်ဆေးဝါးရောင်းရငွေကျပ် မြန်မာငွေရောရာ ၅၀၂၅၀၀၀၀ ကိုလည်းကောင်း၊ နေအိမ် နှင့်ကပ်လျက် ဘိန်းချက်တဲအတွင်း ဆေးရှူရာတွင်အသုံးပြုသည့် ခဲစက္ကူတစ်လိပ်၊ ခတ်ပုံပြုလုပ်ရန် ငှက်ပျောရွက်ခြောက်တစ်ကီလိုဂရမ်ပါတစ်ထုပ်၊ ငှက်ပျော ရွက်ခြောက်များထည့်သည့် စတီးလ်နှင့်သံလင်ပန်းလေးချပ်၊ ဘိန်းချက်ရာတွင် အသုံးပြုသည့် ဒယ်အိုးနှစ်လုံးနှင့် မီးသွေးမီးဖို တစ်လုံး၊ မူးယစ်ဆေးဝါးထုပ်ပိုးရာတွင် အသုံးပြုသည့် ပလတ်စတစ်အိတ်ငယ်များပါ တစ်ပုံး၊ ဘိန်းအရည် စစ်ရာတွင်အသုံးပြုသည့် မှိုင်းကိုင်စက္ကူတစ်လိပ်နှင့် ဒယ်အိုးတစ်လုံးတို့ကို ရှာဖွေသိမ်းဆည်းရမိခဲ့ပြီး ၎င်း၏စစ်ဆေးခံချက်အရ မူးယစ်ဆေးဝါးများကို ဖားကန့်မြို့နေသူ မနန့်(ခ)ယိမ်းနန်ဆိုသူက နေအိမ်အရောက်ရောင်းချပေးရန် လာရောက်ပို့ဆောင်ပေးခြင်းဖြစ်ကြောင်း စစ်ဆေးခံထွက်ဆိုခဲ့သည်။

အောင်လွင်ဦး(ခ)ရန်ဆန်း(၄၃ နှစ်)နှင့် မနန့်(ခ)ယိမ်းနန်(၄၈ နှစ်)တို့ နှစ်ဦးကို ဖားကန့်မြို့မရဲတပ်ဖွဲ့စခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မိုးယံကျ(မြစ်ကြီးနား)**

# ငါးသယံဇာတထိန်းသိမ်းရေးပညာပေးဟောပြော

**ဖျာပုံ အောက်တိုဘာ ၂၅**

ဖျာပုံခရိုင် ငါးလုပ်ငန်းဦးစီးဌာနက ဦးဆောင်၍ NGO အဖွဲ့အစည်းဖြစ်သော NAG အဖွဲ့နှင့် ပူးပေါင်းပြီး ငါးသယံဇာတထိန်းသိမ်းရေး ပညာပေးဟောပြောပွဲကို အောက်တိုဘာ ၂၃ ရက် နံနက် ၁၀ က သဲအိမ်ကျောင်းစုကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ ဖျာပုံခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဝင်းကြိုင်၊ မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ NAG အဖွဲ့မှ FDA ရေလုပ်သားငယ်အဖွဲ့များ တက်ရောက်ခဲ့ပြီး ဒေသခံပြည်သူများကို ငါးသယံဇာတ ပြုန်းတီးလာမှုအခြေအနေ၊ ဘက်ထရီရှော့တိုက်ငါးဖမ်းဆီးခြင်း၊ အဆိပ်ချငါးဖမ်းဆီးခြင်းတို့၏ ဆိုးကျိုးများနှင့် ငါးသယံဇာတထိန်းသိမ်းရန်အတွက် ဒေသခံများမှ တာဝန်သိစိတ်ဖြင့် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ရန် ဟောပြောခဲ့ကြောင်း သိရသည်။

**(ခရိုင်ငါးလုပ်ငန်း)**

**လူသားအားလုံးရဲ့အန္တရာယ်**
**မူးယစ်ဆေးဝါးကိုရှောင်ဖယ်**

**ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အထက**
**နတ်တလင်းမြို့၏ (၂၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲ**

အထက နတ်တလင်းမြို့၏ အနှစ်(၆၀)ပြည့် ပတ္တမြားရတုနှင့် (၂၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို နှစ်စဉ်ကျင်းပမြဲအတိုင်း အောက်ပါအစီအစဉ်ဖြင့် ကျင်းပပြုလုပ်ပါမည်။ အထကနတ်တလင်းတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး အသက်(၆၀)ပြည့် အငြိမ်းစား ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူဟောင်းများအား ကြွရောက်ချီးမြှင့်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ အဝေးရောက် ဆရာ ဆရာမများသည် ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်လှူဒါန်းလိုပါက အောက်ပါအတိုင်း ဆက်သွယ်နိုင်ပါသည်။ ရန်ကုန်မြို့ ဦးမြင့်ဆွေ ဖုန်း-၀၁-၅၁၈၀၈၆၊ ဦးလှသန်း ဖုန်း-၀၁-၅၃၇၈၃၉၊ ဦးသိန်းထွန်း ဖုန်း-၀၁-၅၈၄၇၃၃၊ ဦးဝင်းအောင် ဖုန်း-၀၉-၇၃၁၂၇၈၃၂၊ ဦးအုန်းမြင့် ဖုန်း-၀၉-၂၅၄၂၇၆၃၉၊ ဦးအောင်ဇော်မြင့် ဖုန်း-၀၉-၅၀၁၄၆၂၅၊ ဦးသိန်းကြွယ် ဖုန်း-၀၉-၅၀၂၇၅၂၇၊ နတ်တလင်းမြို့ ကျောင်းအုပ်ကြီး အထက နတ်တလင်း ဖုန်း-၀၅၃-၃၆၄၄၆၊ ဦးမြင့် ဖုန်း-၀၅၃-၃၆၅၃၄၊ ဦးတင်ထွဋ် ဖုန်း-၀၅၃-၃၆၀၈၃၊ ဦးမြင့်စိုး ဖုန်း-၀၅၃-၃၆၀၃၁၊ ဒေါ်စန်းမြင့် ဖုန်း-၀၅၃-၃၆၁၈၈၊ ဒေါ်အေးအေးမော် ဖုန်း-၀၅၃-၃၆၈၉၀၀၉၊ ဦးဇော်မြင့် ဖုန်း-၀၉-၄၂၃၇၃၅၇၇၄

**ကျင်းပမည့်နေ့ရက်** - ၂၀၁၄ခုနှစ် နိုဝင်ဘာ ၆ရက်
၁၃၇၆ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့
**ကျင်းပမည့်နေရာ** - အထက နတ်တလင်း
**ကျင်းပမည့်အချိန်** - မွန်းလွဲ ၁နာရီ

**ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ၊ အထက၊ နတ်တလင်း**

**အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ**
**မန္တလေးခရိုင်တရားရုံး၌**
**၂၀၁၄ခုနှစ် တရားမအထွေထွေမှုအမှတ် -၁၀၄**

အသေးစားနှင့်အလတ်စား **နှင့်** ၁။ ဦးအောင်သန်း
စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ် ၂။ ဒေါ်မြသိန်း
(၎င်း၏ကိုယ်စား ကိုယ်စားလှယ်လွှဲအပ်
ခံရသူ ဦးနိုင်ဝင်းအောင်)

**လျှောက်ထားသူ** **လျှောက်ထားခံရသူများ**

ဒေါ်မြသိန်း အမှတ်(၆၂)၊ ၃၉လမ်း၊ ၈၀×၈၁လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

အထက်အမည်ပါ လျှောက်ထားသူ အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်(၎င်း၏ကိုယ်စားကိုယ်စားလှယ်လွှဲအပ်ခံရသူ ဦးနိုင်ဝင်းအောင်)က ဤရုံးသို့ တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၅၄အရ ကပ်ထားသည့်ဝရမ်းအား တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်း-၅၈အရ ဝရမ်းခွာပေးရန်လျှောက်ထားသည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က ဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၁၄ခုနှစ် နိုဝင်ဘာ ၁၀ရက်(၁၃၇၆ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၄ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျပြောကြားပြီး သင့်ရှေ့နေဖြစ်စေ ဤရုံးသို့ လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါလျှောက်ချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ်မှုပြုလုပ်၍ ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(ခင်မြင့်မြင့်)**
**တွဲဖက်ခရိုင်တရားသူကြီး(၄)**
**မန္တလေးခရိုင်တရားရုံး**

**ယာဉ်မှတ်ပုံတင်စာအုပ်**
**မိတ္တူလျှောက်ထားခြင်း**

မော်တော်ယာဉ်/မော်တော်ဆိုင်ကယ် အမှတ် ၁၃ယ/၄၄၃၆၀ ယာဉ်လက်ဝယ်ရှိသူ ဦးဆန်းနိုင် ၁၀/ဘလန(နိုင်)၀၈၂၆၅၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (သထုံ)**

**ဖောင်းကြွနံပါတ်ပြားပျောက်**
**လျှောက်ထားခြင်း**

ယာဉ်အမှတ် ၅ဃ/၈၂၅၁၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာ အပ်ပါသည်။

**ကညန(ရွာသာကြီး)**

**ကန့်ကွက်နိုင်ပါကြောင်း**

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄/တောင်၊ မြေကွက်အမှတ်-၅၄၁/ခ၊ မြေကွက်တည်နေရာအမှတ်-၅၄၁/ခ၊ ကျောင်းလမ်း၊ ၄/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးသောင်းရွှေ အမည်ပေါက်နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးသောင်းရွှေ (ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီး ဒေါ်တင်ရီ ၁၂/သကတ(နိုင်)၀၇၇၀၈၄ ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ် (၁၇၂၂၈/၂၀၁၄)ရသူ ဦးတင်လှ ၁၂/ဗတထ(နိုင်)၀၀၂၄၄၃ မှ သေစာရင်း၊ ကျမ်းကျိန်လွှာ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်နိုင်မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ပါကြောင်း**

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉/B)၊ မြေကွက်အမှတ်(၁/အ[၆-B])၊ မြေကွက်တည်နေရာအမှတ်(၅၅)၊ ဟိုက်ပတ်လမ်း၊တောင်သုကုန်းရပ်ကွက်၊ အင်းစိန်၊ မမြလေးအမည်ပေါက် B(အိမ်ရာမြေသတ်မှတ်)မြေအား ဦးမောင်မောင်ရွှေ ၃/ဖပန(နိုင်)၀၁၈၃၂၄ ကအရောင်းအဝယ်စာချုပ်မိတ္တူမှန်-၇၇၂၂ (၅-၁၂-၂၀၁၁)၊ အရောင်းအဝယ်စာချုပ်-၃၈၄၄ (၁၀-၈-၂၀၁၂)တို့တင်ပြ၍ အမှားပြင်စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ပါကြောင်း**

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၇/အရှေ့၊ မြေကွက်အမှတ် ၇၆၄/ခ၊ မြေကွက်တည်နေရာအမှတ် ၇၆၄/ခ၊ ခိုင်ရွှေဝါလမ်း၊ အရှေ့/၇ ရပ်ကွက်၊ သာကေတမြို့နယ် ဦးစံဝင်းအမည်ပေါက် နှစ်၆၀ဂရန် မြေအား အမည်ပေါက် ဦးစံဝင်း(ဖခင်)နှင့် ဒေါ်တင်မေ(မိခင်)တို့ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော (၁)ဒေါ်မြင့်မြင့်စိုး ၁၂/သကတ(နိုင်)၀၃၅၆၃၇၊ (၂)ဦးသန်းထွန်း ၇/ပမန(နိုင်)၀၁၃၄၂၅၊ (၃) ဒေါ်မြင့်မြင့်အေး ၁၂/သကတ(နိုင်)၁၁၃၆၃၀မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ရန်နှင့် ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ပါကြောင်း**

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/ဗိုလ်ထွန်းဇံ၊ မြေကွက်အမှတ် ၁၂၅၊ မြေကွက်တည်နေရာ အမှတ် ၂၄၊ ဗိုလ်မင်းရောင်လမ်း၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးတင်ဝင်း ၁၂/ဒပန(နိုင်)၀၂၅၅၂၇အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးတင်ဝင်းကွယ်လွန်သဖြင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်လှတင် ၁၂/ဒပန(နိုင်)၀၂၅၅၂၈မှ ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့်အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမပေါ်ပေါက်ပါကလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

# ရွှေပိတောက်ငါးဈေးသစ်ကြီး အရောင်းမြှင့်တင်ခြင်းဖွင့်ပွဲ



သတင်း-တင်ဝင်းလေး(ကြည့်မြင်တိုင်)၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

**ရန်ကုန် အောက်တိုဘာ ၂၅**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ(ဈေးများဌာန)အောက်ရှိ လှိုင်မြို့နယ် ရွှေပိတောက်ငါးဈေးသစ်ကြီး၏ ရေချိုရေငန် ငါးပုစွန် အရောင်းမြှင့်တင်ခြင်း ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၃ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်က ဈေးကြီးရှေ့ အဝင်လမ်းထိပ် ဘုရင့်နောင်လမ်းမကြီးပေါ်၌ ကျင်းပခဲ့သည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝင် ဦးထင်ဇော်ဝင်း၊ ဈေးများဌာနမှူး ဦးစံရွှေထွန်းနှင့် ဈေးသာယာရေးကော်မတီ နာယက ဦးသန်းလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် ကော်မတီဝင်နှင့် အဖွဲ့ဝင်များသည် ဈေးကြီးအတွင်းရောင်းချရန် ပြင်ဆင်နေမှုများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ရွှေပိတောက် ငါးဈေးကြီးကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် တောက်ထွန်းကုမ္ပဏီတို့က အကျိုးတူပူးပေါင်းတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ဈေးရုံကြီးခုနစ်ရုံနှင့် ရုံငယ်တစ်ရုံတွင် ဆိုင်ခန်းပေါင်း ၄၃၂ ခန်းဖြင့် တည်ဆောက်ထားခြင်းဖြစ်သည့် အရောင်းဖွင့်ပွဲကို ၂၀၁၄ ဧပြီ ၁၉ ရက်က စတင်ဆောင်ရွက်ခဲ့သည်။

ရောင်းသူဝယ်သူများ ပိုမိုစည်ကားတိုးတက်လာစေရန် ရည်ရွယ်၍ အရောင်းမြှင့်တင်ခြင်း ဖွင့်ပွဲအခမ်းအနားကို ယခုကဲ့သို့ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ဈေးသာယာရေးကော်မတီ နာယကဦးသန်းလွင်က ဆိုသည်။

နောက်တစ်နေ့ နံနက်တွင် ရောင်းဝယ်နိုင်ရေးအတွက် ပြင်ဆင်သူများဖြင့် ဈေးကြီးအတွင်း စည်ကားလျက်ရှိရာ မြန်မာ့အလင်းသတင်းအဖွဲ့က အရောင်းဒိုင်များနှင့် ဈေးတာဝန်ရှိသူများထံ စေ့ငုမေးမြန်းခဲ့ကြသည်။

ကြည့်မြင်တိုင် ဗဟိုစံပြငါးဈေး နတ်စင်လမ်း ရေငန်ငါးရောင်းချသူများအုပ်စုမှ ဦးသန်းနိုင်ဦးက "ကျွန်တော်တို့ဗဟိုစံပြငါးဈေး နတ်စင်လမ်းအုပ်စုက အကုန်လုံးဆိုပါတော့၊ ဒီဈေးကြီးကို အပြီးပြောင်းရွှေ့လာကြပြီး ညရောင်းဖို့ ကုန်တွေလည်း အသင့်ပါပဲ"ဟု ဆိုသည်။

အင်းစိန်ဈေးမှ လာရောက်ဖွင့်လှစ်ရောင်းချသူ နေလရတနာငါးဒိုင်မှ ဦးဝင်းမောင်က "အင်းစိန်ဈေးမှ ငါးဒိုင်ကိုးဆိုင်က ဒီမှာလာဖွင့်မှာပါ။ ဒီတစ်ခါဖွင့်ပွဲက စည်စည်ကားကားနဲ့မို့အောင်မြင်မှာပါ" ဟု ဆိုသည်။

နတ်စင်လမ်း ရေငန်အုပ်စုမှ ဒေါ်သန်းသန်းအေးက "ကျွန်မတို့ကတော့ ဖောင်ဖျက်လာတာပဲ၊ ဈေးကြီးစည်ကားဖို့ဆို ရေငန်အုပ်စုချည်းပဲမရဘူး။ ရေချိုအုပ်စုတွေပါ ဝိုင်းဝန်းမှရမှာ၊ အားလုံးဝိုင်းဝန်းကြိုးစားဖို့တော့ အများကြီးလိုသေးတယ်။ ဒီတစ်ခါအပျက်မခံနိုင်ဘူး" ဟု ရှင်းပြသည်။

ဈေးသာယာရေးကော်မတီဥက္ကဋ္ဌ ဦးစိုးသိန်းက "အခုရေငန်အုပ်စုတွေ အကုန်ပြောင်းလာပြီး ရေချိုငါးပုစွန်ဒိုင် ၆၀ လောက် အခုရောက်နေပြီ။ ညကျရင်လာကြဦးမှာ။ နောက်ထပ်နေရာတွေ ချထားပေးဖို့လည်း စီစဉ်နေတယ်"ဟု မြန်မာ့အလင်းသို့ ပြောပြသည်။

ဈေးကြီးအတွင်းမှ ဆိုင်ခန်းပေါင်း ၄၀၀ ကျော်အနက် ၃၀၀ ခန့်မှာ ရောင်းချပြီး၍ ထိုကျန်သောဆိုင်များပါဝင်လာမည်ဆိုပါက ရွှေပိတောက် ငါးဈေးသစ်ကြီးမှာ ရန်ကုန်တိုင်းဒေသကြီးအတွင်း အလွန်စည်ကားကြီးမားသော ငါးဈေးကြီးတစ်ဈေးအဖြစ် တည်ရှိလာမည်ဖြစ်သည်။

ဈေးကြီးအရောင်းအဝယ် နေ့စဉ်စည်ကားရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (ဈေးများဌာန) ဈေးသာယာရေးကော်မတီ၊ အရောင်းဒိုင်များက စုပေါင်း၍ ကြိုးစားဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ဆိုသည်။

# တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား တိုင်းဒေသကြီးနှင့် ပြည်နယ် ကြက်တောင်ရိုက်ပြိုင်ပွဲ ဆုချီးမြှင့်



**ထားဝယ် အောက်တိုဘာ ၂၅**

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား တိုင်းဒေသကြီးနှင့်ပြည်နယ် ကြက်တောင်ရိုက်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို အောက်တိုဘာ ၂၃ ရက် နံနက် ၉ နာရီက ထားဝယ်မြို့ ရွှေဝယ်သီရိအားကစားကွင်းရှိ ရွှေဝယ်သီရိ အားကစားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဗိုလ်လုပွဲကိုကျင်းပရာ အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်း၊ အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။

အဆိုပါအမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းက သုံးပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီး အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက သုံးပွဲနှစ်ပွဲဖြင့် အနိုင်ရရှိခဲ့သည်။ ဆက်လက်၍ အမျိုးသမီးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော အသင်းများကို တိုင်းဒေသကြီး သစ်တောနှင့်သတ္တုဝန်ကြီး၏ဇနီး ဒေါ်ခင်ချိုသက်ကလည်းကောင်း၊ အမျိုးသားပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော အသင်းများကို တိုင်းဒေသကြီး သစ်တောနှင့် သတ္တုဝန်ကြီး ဦးတင်စိုးကလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးအမျိုးသား အားကစားသမားဆုကို ရန်ကုန်တိုင်းဒေသကြီးမှ မောင်အောင်ထွန်းဦးနှင့် အကောင်းဆုံးအမျိုးသမီး အားကစားသမားဆုကို မန္တလေးတိုင်းဒေသကြီးအသင်းမှ မအေးဆုဝင်းတို့ကို မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေက ပေးအပ်ချီးမြှင့်ခဲ့ပြီး အမျိုးသမီးပြိုင်ပွဲတွင် ပထမဆုရရှိသော မန္တလေးတိုင်းဒေသကြီး အသင်း၊ အမျိုးသားပြိုင်ပွဲတွင် ပထမဆုရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ကို တံခွန်စိုက်ဒိုင်းဆုနှင့် ဆင့်ပွားဒိုင်းဆုများကို တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက ပေးအပ်ချီးမြှင့်ခဲ့သည်။ **(တိုင်းဒေသကြီး ပြန်/ဆက်)**


**ရန်ကုန်တိုင်းဒေသကြီး၊ရွှေပြည်သာ(သံဒင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၈)၊ မြေကွက်အမှတ်(၄၁၁)၊ မြေအကျယ်(ပေ၄၀×ပေ၆၀)နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာချက်**

အထက်ဖော်ပြပါ မြေကွက်သည် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးရဲနိုင် ၁၄/ပသန(နိုင်)၀၀၉၁၃၂ဖြင့် မှတ်သားတည်ရှိသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား အဆက်အစပ်စာချုပ်များဖြင့် ဝယ်ယူခဲ့ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးနေလင်း ၁၂/ကမရ(နိုင်)၀၀၄၄၀၅ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အက်စတာမြတ်ထွေး တရားလွှတ်တော်ရှေ့နေ(စဉ်-၈၆၇၁)**
**LL.B,D.B.L,C.B.L,WIPO,GCIP(Geneva),F.B.S**
**D.B.S.P,A.P.S**
**တိုက်-၁၂၊ငါးလွှာ၊ နေကြာလမ်း၊**
**(၂)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၃၀၈၂၁၈၇**



## အများသိစေရန်ကြေညာခြင်း

၁၃-၁၀-၂၀၁၄ ရက်စွဲ မြန်မာ့အလင်းသတင်းစာ စာ-၁၆ပါ ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ဇေယျာဝတီမြို့ မြောက်ပိုင်း၊ မီးသတ်အနီး၊ အိမ်အမှတ်၄/၂၀၊ ကွင်းအမှတ် ၂၆၃(က)၊ ပျဉ်ပုံအရှေ့၊ ဦးပိုင်အမှတ် ၂၁/၆ အမည်ပေါက်ပိုင်ဆိုင်သူဦးခွေးပု၊ ဒေါ်ခင်သည်မည်သူ တစ်ဦးတစ်ယောက်ကိုမှ ရောင်းဝယ်ထားခြင်းမရှိကြောင်းဆိုသည်မှာ မဟုတ်မမှန်ကန် ကြောင်း အောက်ပါခိုင်လုံသောအထောက်အထားများဖြင့် ကန့်ကွက်ပါသည်။ ဦးခွေးပု ၇/ဖမန(နိုင်) ၁၃၀၀၉၁နှင့် ဒေါ်ခင် ၇/ဖမန(နိုင်)၁၂၅၅၄၂တို့သည် ၂၉-၇-၂၀၁၂ ရက်တွင် ကျွန်တော် ဦးကျော်သူရနှင့် ဒေါ်နန္ဒာဝင်းတို့အား အသိသက်သေများရှေ့မှောက်တွင် စာချုပ်စာတမ်းနှင့်တကွ တရားဝင်ရောင်းချခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ၁၃-၁၀-၂၀၁၄ ရက်စွဲပါကြော်ငြာအား ခုနစ်ရက်အတွင်း ရုပ်သိမ်းပေးပါရန်နှင့် ရုပ်သိမ်းပေးခြင်းမရှိပါက တရားစွဲဆိုမည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**ဦးကျော်သူရ ၉/လဝန(နိုင်)၁၁၃၉၉၂**
**ဒေါ်နန္ဒာဝင်း ၇/ဖမန(နိုင်)၀၉၈၅၂၇**



## ကန့်ကွက်ပါနိုင်ကြောင်း

ရန်ကုန်မြို့၊ ဒလမြို့နယ်၊ တပင်ရွှေထီးရပ်ကွက်၊ ဦးအောင်ဇေယျ ၅လမ်း၊ အမှတ် ၆၆၄(က)၊ (၂၀'×၆၀') အကျယ်အဝန်းရှိ ဦးကြည်မောင် LKW-၀၂၄၈၀၁ အမည်ပေါက် ပါမစ်မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို တစ်ဆင့်ဝယ်ယူပိုင်ဆိုင်လက်ရှိထားသူ ဒေါ်ရင်ရင်ဝင်း ၁၄/ပတန(နိုင်)၁၂၄၅၈၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ရာ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမိုးကျော်ဦး LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၅၈၈)**
**အခန်း ၅၊ အမှတ် ၅၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၁၄၉၆၃၆**



## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာတောင်ညွန့်ရပ်ကွက်၊ ၁၀၉ လမ်း၊ အမှတ် (၄၀/ဘီ)၊ လေးလွှာ(တတိယထပ်)/ခြေရင်းခန်း၊ အကျယ်အဝန်း (၁၅ပေ×ပေ ၄၀)ခန့်ရှိ ရေမီးအစုံအလင်ပါရှိသော တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ၅-၁၁-၂၀၁၁ရက်စွဲပါ အရောင်းအဝယ်စာချုပ်အရ လက်ဝယ်ပိုင်ဆိုင်ထားသူ ဒေါ်ခင်မာချို ၁၂/သကတ(နိုင်) ၁၁၄၇၉၉မှ ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုလာသဖြင့် ကျွန်မ ဒေါ်မီမီသက် ၁၂/စခန(နိုင်) ၀၄၇၈၉၄မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ပေးအပ်ထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားစာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်မထံသို့တိုက်ရိုက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်မီမီသက် ၁၂/စခန(နိုင်)၀၄၇၈၉၄**
**အမှတ် ၂၆၊ လေးလွှာ(ခေါင်းရင်းခန်း)၊၁၀၈လမ်း၊ မင်္ဂလာတောင်ညွန့်ရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖုန်း-၀၉-၂၅၀၅၀၈၄၇၃၊ ၀၉-၄၂၈၂၀၉၆၀၂**



## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ် ၆၈၁၊ မြေကွက်တည်နေရာ အမှတ်၆၈၁၊ သီတဂူ ၂လမ်း၊(၂)ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ်၊ ဦးဝင်းမင်း(ခ) ဦးတင်ရွှေ SGG-၁၀၉၈၈၀ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးဝင်းမင်း(ခ)တင်ရွှေနှင့် ဖခင် ဦးအောင်မြင့်၊ မိခင်ဒေါ်ဆက်၊ အစ်ကိုများဖြစ်ကြသော ဦးတင်လေး၊ ဦးခင်မောင်ရီတို့ ကွယ်လွန်သဖြင့် ဒေါ်ချိုတူးမေ(ခ)ဒေါ်မြင့်မြင့်ခင် ၅/စကန(နိုင်)၀၂၇၅၅၁ မှ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၏ တရားမအထွေထွေမှုအမှတ် (၁၀၃/၂၀၁၄) အမွေဆက်ခံခွင့်လက်မှတ်လျှောက်ထားခြင်း၏(၁၅-၇-၂၀၁၄)ရက်စွဲပါ စီရင်ချက်မိတ္တူ၊ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



## ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇/အရှေ့)၊ မြေကွက်အမှတ်(၁၂၀/ခ)၊ မြေကွက်တည်နေရာအမှတ်(၁၂၀-ခ)၊ဇီဇဝါလမ်း၊ (၇/အရှေ့)ရပ်ကွက်၊ သာကေတမြို့နယ်၊ (ဦးချစ်ထွေး၊ ဒေါ်နုရီ) အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးချစ်ထွေး(ခင်ပွန်း) ကွယ်လွန်သဖြင့် ကျန်အမည်ပေါက်ဖြစ်သူ (ဇနီး)ဒေါ်နုရီ CE -၀၅၀၂၁၇ထံမှ အထွေထွေ ကိုယ်စားလှယ်လွှဲစာအမှတ် (၁၆၅၇၃/၂၀၁၄)ရသူ ဦးသောင်းတင် ၁၂/အစန(နိုင်) ၁၁၉၃၂၄မှ သေစာရင်းနှင့် ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



## ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၃/ဗိုလ်ထွန်းဇံ၊မြေကွက်အမှတ်၈၊ မြေကွက် တည်နေရာအမှတ် ၈၊ မင်းနန္ဒာလမ်း၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဒေါ်သိန်းသိန်း ၁၂/ဒပန(နိုင်)၀၂၅၉၉၄၊ ဒေါ်ယဉ်ယဉ်ထွေး ၁၂/ဒပန(နိုင်) ၀၂၅၉၉၆ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်သိန်းသိန်း(မိခင်)နှင့် ဦးစံတင်(ဖခင်)တို့ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသမီး ကျန်ပူးတွဲအမည်ပေါက် ဒေါ်ယဉ်ယဉ်ထွေး ၁၂/ဒပန(နိုင်) ၀၂၅၉၉၆က တစ်ဦးတည်းသောသမီးဖြစ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



## ကန့်ကွက်နိုင်ပါကြောင်း

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၅ဒီ၊ မြေကွက်အမှတ် ၃၈ဘီ/၄၊ မြေကွက်တည်နေရာအမှတ် ၈၄/ဒီ၊ ဆရာစံလမ်း (ဦးလှမြင့်၊ ဒေါ်သန်းသန်းအေး)အမည်ပေါက် ဂရန်ရှိ မြေပိုင် မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ (ဇနီး) ဒေါ်သန်းသန်းအေး ကွယ်လွန်သဖြင့် ဦးလှမြင့် ၁၂/တမန(နိုင်) ၀၀၉၀၇၀က တရားဝင်(ခင်ပွန်း) တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ကျောက်တော်မြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**စစ်တွေ အောက်တိုဘာ ၂၅**

**ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းသည် ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးကျော်သိန်း၊ စည်ပင်သာယာရေးဝန်ကြီး ဦးမောင်စန်ရွှေ၊ ပြည်နယ်ဥပဒေချုပ် ဦးလှသိန်းနှင့် ပြည်နယ်ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၂၁ ရက်က ကျောက်တော်မြို့နယ် ဥပဒေရုံး အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။**

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် နံနက် ၁၀ နာရီတွင် ကျောက်တော်မြို့နယ် လမ်းမတော်ကျေးရွာအုပ်စု ဒေါင်းတော်ယိုးကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာအားကစားကွင်းမဏ္ဍပ်၌ ပြုလုပ်သည့် ရိတ်သိမ်းခြွေလှေ့စက်များ လွှဲပြောင်းပေးအပ်ပွဲနှင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားကာ ပြည်နယ်ဝန်ကြီးချုပ်က လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)များအား သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ ပေးအပ်ခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ကျောက်တော်မြို့နယ် ရှောက်ချောင်းဆည်သို့ ရောက်ရှိပြီး ရှင်းလင်းဆောင်၌ ပြည်နယ်ဝန်ကြီးချုပ်က စီမံကိန်းလုပ်ငန်းအချိန်မီပြီးစီးရေး၊ စံချိန်စံညွှန်းပြည့်မီရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ယင်းနောက် ရှင်းလင်းဆောင်မှ ဆည်တည်ဆောက်နေမှု လုပ်ငန်းအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျောက်တော်မြို့နယ် ဂါဘုကျေးရွာတွင် နေရောင်ခြည်စွမ်းအင်သုံးဆိုလာပြားများဖြင့် လျှပ်စစ်ဓာတ်အားသုံးစွဲရန် တပ်ဆင်ထားရှိမှု အခြေအနေများကို ကြည့်ရှုခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် ကျေးရွာသူ ကျေးရွာသားများအား ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာများကို မေးမြန်းဆွေးနွေးပြီး ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

# မောင်တောမြို့နယ်ရှိ စိုက်ပျိုးရန်ခက်ခဲသည့် ၃၆ ရွာမှ လယ်မြေများ မိုးစပါးဧက ၃၀၀၀ ခန့်ကို အောင်မြင်စွာစိုက်ပျိုးနိုင်ခဲ့

**စစ်တွေ အောက်တိုဘာ ၂၅**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း စိုက်ပျိုးရန်အခက်အခဲရှိသည့် တိုင်းရင်းသားများ စုစည်းနေထိုင်သော ကျေးရွာ ၃၆ ရွာမှ တောင်သူများ၏ အကူအညီတောင်းခံ လယ်မြေဧက ၂၉၇၅ တွင် မိုးစပါးများအချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် လွန်ခဲ့သည့် မိုးစပါးစိုက်ပျိုးရာသီဖြစ်သည့် ဇူလိုင်လအတွင်းက ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးသာလူချေနှင့် တာဝန်ရှိသူများက အဆိုပါကျေးရွာများအတွက် ခိုင်းနွားများ၊ လယ်ထွန်စက်များ၊ မျိုးစပါးများ၊ ဓာတ်မြေဩဇာများကို ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့သဖြင့် တောင်သူများအနေဖြင့် လယ်ယာမြေများ စိုက်ပျိုးလုပ်ကိုင်ရာတွင် အဆင်ပြေချောမွေ့ခဲ့ပြီး တောင်သူများ၏ လယ်ယာမြေများ အောင်မြင်စွာစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ထိုသို့ မောင်တောမြို့နယ်အတွင်း စိုက်ပျိုးနိုင်သည့် လယ်မြေများကို ပလပ်မြေများ မဖြစ်ပေါ်စေရေး၊ တောင်သူများ၏ အခက်အခဲများကို ဖြေရှင်းပေးနိုင်ရေးအတွက် မိုးစပါးစိုက်ရာသီအတွင်း မျိုးစပါး ၄၄၆၃ တင်းနှင့် ထွန်စက်များအတွက် စက်သုံးဆီများကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကလည်းကောင်း၊ တစ်ဧကလျှင် ဓာတ်မြေဩဇာ တစ်အိတ်နှုန်းဖြင့် ဓာတ်မြေဩဇာ ၂၉၇၅ အိတ်ကို ပြည်နယ်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီကလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ပြီး ပြည်နယ်စက်မှုလယ်ယာဦးစီးဌာနပိုင် ထွန်စက်ကြီးလေးစီးဖြင့် ထွန်ယက်ခြင်းလုပ်ငန်းများကို စက်မှုလယ်ယာဦးစီးဌာန ဝန်ထမ်းများက မောင်းနှင်ထွန်ယက်ပေးခြင်း၊ စက်မှုဝန်ကြီးဌာနမှ ပေးပို့ထားသော လက်တွန်းထွန်စက် ၄၅ စီးဖြင့် ဒေသခံတောင်သူများ ကိုယ်တိုင်ထွန်ယက်၍ စိုက်ပျိုးလုပ်ကိုင်ခဲ့ကြသည်။

ယင်းသို့ တောင်သူများကိုယ်တိုင် ထွန်ယက်လုပ်ကိုင်ရာတွင် စက်များကို ကျွမ်းကျင်စွာအသုံးပြုနိုင်ရေးအတွက်လည်း ပြည်နယ်စက်မှုလယ်ယာဦးစီးဌာနမှ ဝန်ထမ်းများက ကျေးရွာအရောက် စက်မောင်းသင်တန်းများ ဖွင့်လှစ်ခြင်း၊ လုပ်ငန်းခွင်သင်တန်းများ ဖွင့်လှစ်ခြင်းများ ဆောင်ရွက်၍ မိုးစပါးစိုက်ပျိုးမှုကို အချိန်နှင့်တစ်ပြေးညီ စိုက်ပျိုးလုပ်ကိုင်နိုင်ခဲ့ခြင်းကြောင့် ယခုအခါ အဆိုပါလယ်မြေများတွင် မိုးစပါးများအောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

# အောက်တိုဘာလထုတ် သုတပဒေသာစာစောင်ဖြန့်ချိ

**နေပြည်တော် အောက်တိုဘာ ၂၅**

အသက် ၁၆ နှစ်မှ ၂၀ အတွင်း လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားရှိပြီး အသွင်ပြောင်းလဲထုတ်ဝေလိုက်သော အောက်တိုဘာလထုတ် သုတပဒေသာစာစောင်ကို ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်မှ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

အဆိုပါ သုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန်စာအုပ်ဆိုင် အမှတ် တ-၅၅ သပြေကုန်းဈေး နေပြည်တော် စာပေဗိမာန် စာအုပ်ဆိုင်၊ အမှတ် ၅၂၉/၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့ စာပေဗိမာန် စာအုပ်ဆိုင်၊ အမှတ် ၂၄၅/၂၄၇ အနော်ရထာလမ်းနှင့် (၉) လမ်းထောင့် လမ်းမတော်မြို့နယ် ရန်ကုန်မြို့၊ စာပေဗိမာန်စာအုပ်ဆိုင် (၈၆) လမ်း (၂၁) လမ်းနှင့် (၂၂)လမ်းကြား မန္တလေးနှင့် ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန်စာအုပ်ဆိုင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ သို့ ဆက်သွယ်မှာယူနိုင်သည်။

**(မြန်မာ့အလင်း)**



# တောင်သာမြို့နယ်ခန်းမနှင့် နာရီစင် ပြန်လည်ပြုပြင်အသုံးပြုခွင့်ရလာ၍ ဒေသခံများအဆင်ပြေ

**တောင်သာ အောက်တိုဘာ ၂၅**

တောင်သာမြို့နယ်ခန်းမကြီးနှင့် နာရီစင်ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူလျက် အသေးစားပြုပြင်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး အောက်တိုဘာ ၂၂ ရက် နံနက်ပိုင်းက အခမ်းအနားများကို လက်ခံနေပြီဖြစ်ရာ ဒေသခံ ပြည်သူများ အဆင်ပြေ စိတ်ချမ်းမြေ့စွာ အသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။

ခန်းမကြီးနှင့် နာရီစင်ကို ဒစ်ဂျစ်တယ်နာရီများ တပ်ဆင်ခြင်း၊ ဆေးသုတ်ခြင်းများအတွက် ငွေကျပ်သိန်း ၆၀ ကျော် ကုန်ကျခဲ့ကြောင်း သိရသည်။

အဆိုပါ ခန်းမကြီးကို ၁၉၇၅ ခုနှစ်က စတင် ဆောက်လုပ်ခဲ့ပြီး မြို့နယ်အဆင့် အခမ်းအနားများ၊ ဟောပြောပွဲများ၊ အားကစားပြိုင်ပွဲများ၊ မင်္ဂလာအခမ်းအနားများနှင့် လူမှုရေးဆိုင်ရာ အခမ်းအနားများ မကြာခဏ လက်ခံကျင်းပခဲ့သော်လည်း ၂၀၁၃ ခုနှစ် အောက်တိုဘာလနောက်ပိုင်းမှစ၍ အန္တရာယ်ရှိအဆောက်အအုံအဖြစ် သတ်မှတ်ကာ ငှားရမ်းအသုံးပြုခွင့် ပိတ်ထားသည်မှာ တစ်နှစ်နီးပါး ရှိခဲ့ကြောင်း သိရသည်။

တောင်သာမြို့၏ ကျက်သရေဆောင်ခန်းမကြီးနှင့် နာရီစင်ကြီးသည် မြို့၏ အချက်အချာကျရာနေရာ၌ ရှိနေပြီး အများပြည်သူနှင့်ဆိုင်သော ခန်းမတစ်ခုတည်းသာ ရှိကြောင်း၊ အခြားခန်းမများမှာ ပြည်ခိုင်ဖြိုးခန်းမ၊ တိုင်းရင်းသားခန်းမများဖြစ်ပြီး ဝင်ဆံ့မှုနှင့် အနေအထားအရ ရွေးချယ်ရန် အခက်အခဲများ ဖြစ်ခဲ့ကြောင်း၊ တရားစခန်းများ၊ ရိပ်သာများစသည့်ဘာသာရေးဆိုင်ရာ နေရာများကို ငှားရမ်း ကျင်းပနေရသည့်အတွက် အဆင်မပြေမှုများဖြစ်ခဲ့ကြောင်း သိရသည်။

**လင်းလက်ကြယ်(တောင်သာ)**


## ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့
## ပုသိမ်မြို့
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးနှင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး(၆)ရုံးတို့တွင် (E-Government)စနစ်ဖြင့် ရုံးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေဖြင့် အောက်ဖော်ပြပါ ပစ္စည်းအမျိုးအစားများကို အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်ခြင်းဖြစ်ပါသည်-

**ပစ္စည်းအမျိုးအစား**

(က) Desktop (16) လုံး Dell(3847-i5)(18.5 inches) (UPS)ပါ

(ခ) Laptop (5) လုံး Dell(3442-i5)

၂။ အထက်ပါပစ္စည်းအမျိုးအစားများနှင့် စပ်လျဉ်း၍ အသေးစိတ်အချက်အလက်များဖြင့် ဖော်ပြပါရှိရမည်ဖြစ်ပြီး တင်ဒါပေးသွင်းရမည့်အစီအစဉ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါလျှောက်လွှာများကို ၂၄-၁၀-၂၀၁၄ ရက်တွင် စတင်ရောင်းချပါမည်။

(ခ) တင်ဒါပိတ်သိမ်းမည့်ရက်မှာ ၃-၁၁-၂၀၁၄ရက် ၁၆း၃၀နာရီဖြစ်ပါသည်။

(ဂ) တင်ဒါဖွင့်မည့်ရက်ကို တင်ဒါတင်သွင်းသူများထံအချိန်မီ ဆက်သွယ်အကြောင်းကြားပေးမည်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ တင်ဒါခေါ်ယူရေးအဖွဲ့ထံ ရုံးချိန်အတွင်း ဖုန်း-၀၄၂-၂၃၆၃၉နှင့် ၀၄၂-၂၅၂၇၉ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**
**ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး**

## ကချင်ပြည်နယ်အစိုးရအဖွဲ့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးရန်ပုံငွေဖြင့် အောက်ပါလုပ်ငန်းများအား ဆောင်ရွက်ရန်ရှိပါသဖြင့် ဆောင်ရွက်လိုသည့်လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) မြို့နယ်(၉)မြို့နယ်တွင် (11KV)လိုင်း၊ ထရန်စဖော်မာ ၁၀၀၀ KVA 3 Phase Open Type ဓာတ်အားပေးစက်နှင့် (11KV)မြစ်ကျောက်တာဝါတိုင်၊ လိုင်းပုတ်ပြတ်တည်ဆောက်ခြင်းလုပ်ငန်း(၄၉)ခု။

(ခ) မြို့နယ် (၂)မြို့နယ်တွင် တံတားတည်ဆောက်ရေးလုပ်ငန်း (၉)ခု။

(ဂ) မြို့နယ် (၂)မြို့နယ်တွင် သောက်သုံးရေရရှိရေးလုပ်ငန်း (၁၃)ခု။

(ဃ) မြို့နယ် (၁)မြို့နယ်တွင် စိုက်ပျိုးရေရရှိရေးလုပ်ငန်း(၂)ခု။

၂။ **တင်ဒါတင်သွင်းရမည့်ရက်** - ၂၇-၁၀-၂၀၁၄ ရက် ရုံးဖွင့်ချိန်မှ ၂၆-၁၁-၂၀၁၄ ရက် ၁၆း၀၀ နာရီအထိ

၃။ **တင်ဒါတင်သွင်းရမည့်နေရာ** - ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ စီးပွားဌာန၊ မြစ်ကြီးနားမြို့

၄။ သတ်မှတ်ရက်ထက် ကျော်လွန်တင်သွင်းသည့်လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၅။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူမည့်အချက်အလက်များ အသေးစိတ်သိရှိလိုပါက ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး ဖုန်း-၀၇၄-၂၉၅၄၄၊ ၂၂၄၈၄တို့သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ကချင်ပြည်နယ်အစိုးရအဖွဲ့**

## တနိုင်းမြို့နယ်၊ ကင်းဆားရာအုပ်စု
## ကားကြီးဝင်းတည်ဆောက်ခြင်းလုပ်ငန်းအတွက်
## တင်ဒါခေါ်ယူခြင်း

၁။ တနိုင်းမြို့နယ်၊ ကင်းဆားရာအုပ်စု ကွင်းအမှတ်(၄)၊ အကွက်အမှတ်(ဒိန်လိုကွင်း)၊ မြေဧရိယာ ၂၀ဧကတွင် ကားကြီးဝင်းတည်ဆောက်မည်ဖြစ်ပါသဖြင့် ဆောင်ရွက်မည့်ပုံစံများနှင့်ဆောင်ရွက်မည့် အစီအစဉ်များအား အဆိုပြုတင်ပြရန် တင်ဒါခေါ်ယူအပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာများကို ၃-၁၁-၂၀၁၄ရက်မှစ၍ ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး အဆိုပြုပုံစံတင်ဒါများကို ၂၈-၁၁-၂၀၁၄ရက် ညနေ ၄း၃၀နာရီနောက်ဆုံးထား၍ ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ရုံးသို့ တင်သွင်းရမည်။ အဆိုပြုတင်ဒါပုံစံများကို လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်မှဖြစ်စေ ပေးပို့နိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ် မေးမြန်းနိုင်ပါသည်။

**ဖုန်း-၀၇၄-၂၆၀၆၂၊ ၀၇၄-၂၆၀၆၄၊ ၀၇၄-၄၆၀၁၆**
**တင်ဒါစိစစ်ရေးနှင့်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီ**
**မြစ်ကြီးနားမြို့**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ အထက(ခွဲ)ရေတွင်းကုန်း တက္ကသိုလ်ဝင်တန်းမှ မခင်မာစိုး၏ မိခင်အမည်မှာ ဒေါ်ရှိနာဟာန်ဘီနှင့် ဒေါ်မချိုသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်ရှိနာဟာန်ဘီ(ခ)ဒေါ်မချို**
**KMW-၁၃၀၁၁၁**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ အထက(ခွဲ)ရေတွင်းကုန်း တက္ကသိုလ်ဝင်တန်းမှ မောင်မင်းထက်သာ၏မိခင်မှာ ဒေါ်ဆာဂျေဒါဘီနှင့် ဒေါ်စုစုခင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်ဆာဂျေဒါဘီ(ခ)ဒေါ်စုစုခင်**
**KMW-၁၃၈၁၁၅**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 9A/9345 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၂ယ/၆၇၆၃၆ ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမင်းအောင် ၁၄/ပတန(နိုင်) ၂၀၅၀၇၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မအူပင်)၊မအူပင်မြို့**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# စွန့်လွှတ်စွန့်စားသည့် မီးသတ်တပ်ဖွဲ့ဝင်အား ဂုဏ်ပြုချီးမြှင့်

**ရွှေဘို အောက်တိုဘာ ၂၅**

နိုင်ငံတော်နှင့်ပြည်သူတို့၏အကျိုး စီးပွားအတွက် အသက်ကို ပဓာန မထားဘဲ စေတနာ၊ ဝါသနာ၊ အနစ်နာခံကာ ကိုယ်ကျိုးစွန့်ပြီး မီးဘေးကာကွယ်ရေးလုပ်ငန်းများနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြသော မီးသတ်တပ်ဖွဲ့ဝင်များထဲမှ စွန့်လွှတ်စွန့်စားသည့် ရွှေဘိုမြို့နယ် မီးသတ်ဦးစီးဌာနမှ ဒုတပ်ကြပ်သန်းမင်းဦးအား ဂုဏ်ပြုပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၂၂ ရက်က ကျင်းပခဲ့သည်။



ရွှေဘိုမြို့ အမှတ်(၂)ရပ်ကွက်ရှိ ဦးအောင်ကျော်စိုးဝင်း၏ နေအိမ်မြေအောက် ရေကန်အတွင်းတွင် အောက်တိုဘာ ၁၄ ရက်က အလုပ်သမားနှစ်ဦး အောက်ဆီဂျင်ပြတ်လပ်၍ သတိလစ်မေ့မြောနေမှုကို မီးသတ်ဦးစီးဌာနမှ ဦးစီးမှူး ဦးစန်းဦး၊ တပ်ကြပ်ကြီး စိုးမင်းသိန်းတို့က ကြီးကြပ်၍ ဒုတပ်ကြပ်သန်းမင်းဦးက ဝင်ရောက်ကယ်ဆယ်ခဲ့ခြင်းကြောင့် အလုပ်သမားနှစ်ဦး အသက်ချမ်းသာရာရခဲ့သည်။

ထို့ကြောင့် မိမိအသက်ကိုပဓာနမထားဘဲ မြေအောက်ရေကန်အတွင်းသို့ ဝင်ရောက်ကယ်ဆယ်ခြင်းကို ဂုဏ်ပြုသောအားဖြင့် ဒုတပ်ကြပ်သန်းမင်းဦးအား ပြည်သူကို သက်စွန့်ဆံဖျား ကူညီစောင့်ရှောက်သူများအား အသိအမှတ်ပြုပေးရေးအဖွဲ့ (မုံရွာ)မှ ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုလက်ဆောင်များကိုလည်းကောင်း၊ ဖွံ့ဖြိုးရေးနှင့် အထောက်အကူပြုကော်မတီဥက္ကဋ္ဌက ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုလက်ဆောင်များကိုလည်းကောင်း၊ ဦးအောင်ကျော်စိုးဝင်း မိသားစုက ဂုဏ်ပြုလက်ဆောင်များကို လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဆက်လက်၍ ဦးအောင်ကျော်စိုးဝင်းမိသားစုက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် အလှူငွေကျပ် ခုနစ်သိန်းကို မြို့နယ်မီးသတ်ဦးစီးဌာနသို့ ပေးအပ်လှူဒါန်းရာ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးစန်းဦးက လက်ခံယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

**စိုးသီဟ(iprd)**

## ကလေး-ကလေးဝလမ်း အန္တရာယ်ကွေ့တောင်စောင်း လမ်းတိုးချဲ့

**ကလေး အောက်တိုဘာ ၂၅**

ကလေး-ကလေးဝလမ်းမ မိုင်တိုင်အမှတ်(၁၃/၂) နှင့် (၁၃/၃)ကြားရှိ လမ်းကွေ့နေရာသည် လမ်းအကျဉ်းဆုံးဖြစ်ပြီး ယာဉ်အန္တရာယ်အများဆုံးနေရာဖြစ်သဖြင့် တောင်စောင်းကို ဖြိုဖျက်ဖောက်လုပ်ပြီး လမ်းတိုးချဲ့မှုကို မြို့နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက အောက်တိုဘာ ၂၄ ရက်ကစတင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကလေးခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၏ ညွှန်ကြားချက်ဖြင့် လမ်းတိုးချဲ့ဖောက်လုပ်ဆောင်ရွက်ခြင်းဖြစ်ပြီး ယင်းလမ်းကွေ့နေရာသည် ကတ္တရာလမ်းအကျယ် ၁၈ ပေသာရှိရာ လမ်းကွေ့တောင်စောင်းကို အကျယ်ပေ ၅၀ အထိ သုံးရက်အတွင်း အမြန်ဆုံးပြီးစီးအောင် တိုးချဲ့ဖောက်လုပ်မည်ဖြစ်ကြောင်း မြို့နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ မြို့နယ်အင်ဂျင်နီယာ ဦးမင်းထွဋ်က ပြောသည်။

အဆိုပါ လမ်းကွေ့တောင်စောင်းကို ဖြိုဖျက်ဖောက်လုပ်ခြင်းဖြင့် အလွန်အန္တရာယ်များသည့် လမ်းကွေ့နေရာသည် လမ်းအကျယ် ၆၈ ပေအထိ ရှိလာမည်ဖြစ်သည့်အတွက် ယာဉ်ကြီးယာဉ်ငယ်များ သွားလာရာတွင် အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ကြတော့မည်ဖြစ်ကြောင်း သိရသည်။

**ဂျူနိုင်း**



## မြို့နယ်အုပ်ချုပ်ရေးမှူး ဖိတ်ခေါ်ဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**လွိုင်လင် အောက်တိုဘာ ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်မြို့နယ် အုပ်ချုပ်ရေးမှူး ဖိတ်ခေါ်ဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို အောက်တိုဘာ ၂၃ ရက်က လွိုင်လင်ခရိုင်အားကစားကွင်း၌ ကျင်းပခဲ့သည်။

ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို နမ့်စန်မြို့နယ် ဘောလုံးအသင်းနှင့် တောင်ကြီးမြို့နယ် ပအိုဝ်းပေးဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တောင်ကြီးမြို့နယ် ပအိုဝ်းပေးဘောလုံးအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။ ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ဒုတိယဆုရရှိသည့် နမ့်စန်မြို့နယ် ဘောလုံးအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများ၊ ပထမဆုရရှိသည့် ဘောလုံးအသင်းအားတစ်ဦးချင်း ဆုတံဆိပ်များ၊ နေရာအလိုက် အကောင်းဆုံးအားကစားသမားဆုများ၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆုများ ချီးမြှင့်ပြီး ပထမဆုရရှိသည့် တောင်ကြီးမြို့နယ် ပအိုဝ်းပေးဘောလုံးအသင်းအား ပထမဆုဖလားကြီးနှင့် ငွေသားဆုများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးဇော်က ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **မိုးလွင်ဦး(လွိုင်လင်)**

# အိန္ဒိယတစ်ဆစ်ပျိုးကြံစိုက်ပျိုးရေးစနစ် စမ်းသပ်လျက်ရှိ

**တိုက်ကြီး အောက်တိုဘာ ၂၅**

ကြံစိုက်တောင်သူများ အတွက် ကုန်ကျစရိတ်များ သက်သာပြီး အထွက်တိုးကာ အကျိုးအမြတ်ရရှိစေနိုင်သည့် အိန္ဒိယတစ်ဆစ်ပျိုးကြံစိုက်ပျိုးနည်းစနစ်ကို မြန်မာနိုင်ငံအနှံ့အပြားတွင် ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးသွားစေရန် ရည်ရွယ်၍ ကြံတစ်ဧကလျှင် တန် ၈၀ အထက် ထွက်ရှိနိုင်သည့် အထူးအထွက်တိုးသီးပွံနည်းကျတစ်ဆင့်ချင်းပျိုးထောင်စိုက်ပျိုးနည်းစနစ် သင်တန်းများဖွင့်လှစ်၍ စမ်းသပ်စိုက်ပျိုးလျက်ရှိသည်။

"ကြံစိုက်ပျိုးနည်းစနစ်ကို အရင်က (Good Agriculture Practice, GAP)စိုက်နည်းစနစ်နှင့် စမ်းသပ်စိုက်ပျိုးပြီး တောင်သူတွေကို မျိုးဖြန့်ခဲ့ပါတယ်။အထွက်နှုန်းကတော့ တစ်ဧက တန် ၅၀ ကျော်လောက် ထွက်တယ်။ အခု အိန္ဒိယတစ်ဆစ်ပျိုးစနစ်ကတော့ တစ်ဧကတန် ၈၀ ထွက်နှုန်းရှိတယ်။ ဒီစနစ်ကို ကျွန်တော်တို့ ဥက္ကံသကြားစက်နယ်မြေမှာ နှစ်ဧက တောင်သူပညာပေးအဖြစ် လာမယ့် နိုဝင်ဘာ၊ ဒီဇင်ဘာမှာ စမ်းသပ်စိုက်ပျိုးမှာပါ။ ထွက်ရှိလာတဲ့အခါ တောင်သူတွေကိုဖြန့်ပြီး ဆက်လက်စိုက်ပျိုးသွားမှာပါ" ဟု တိုက်ကြီးမြို့ စက်မှုသီးနှံဖွံ့ဖြိုးရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသူရထွန်းက ပြောပြသည်။

အထွက်တိုးသီးပွံနည်းကျ အိန္ဒိယတစ်ဆစ်ပျိုးထောင်နည်းစနစ် စိုက်ပျိုးခြင်းဖြင့် မျိုးအတွက် ကုန်ကျစရိတ်သက်သာခြင်း၊ ကြံတစ်ဆစ်ပိုင်းမျိုးခုတ်ပြီး ထွက်ရှိလာသော ဆစ်ကြားကြံအပိုင်းအစများကို ကြိတ်ဝါးကြံအဖြစ် ပေးသွင်းရ၍ အပိုဝင်ငွေရရှိခြင်း၊ အပင်ပေါက် ညီညာကောင်းမွန်ခြင်း၊ ပင်ပွားညီ၍ များခြင်း၊ စိုက်ခင်းမြေပြုပြင်ချိန် ပိုမိုရရှိခြင်း၊ မြေဩဇာ ထိရောက်စွာ သုံးစွဲနိုင်ခြင်း၊ နေရောင်ခြည် ပိုမိုရရှိစေခြင်း၊ ထိရောက်စွာ ပေါင်းရှင်းနိုင်၍ ရေသွင်း၊ရေထုတ်လွယ်ကူခြင်း၊ တစ်ဧက တန် ၈၀ အထွက်တိုးခြင်း စသည့် အကျိုးကျေးဇူးများ ရရှိစေသည်။ သို့သော် ကြံစိုက်ပျိုးချိန်မှာ ခြအန္တရာယ်ကာကွယ်နိုင်ရန် မြေခံတွင် အဓိကခြသတ်ဆေးထည့်ဖို့လိုအပ်ကြောင်း သိရသည်။

"အရင်တုန်းက စိုက်ပျိုးတဲ့ကြံက မျိုးညံ့လာပြီး တစ်ဧကအထွက်နှုန်း တန် ၂၀-၂၅ လောက်ပဲ ထွက်တော့တယ်။ ထွက်တဲ့ကြံကို ဥက္ကံသကြားစက်က တစ်ဧကကို မနှစ်က ငွေကျပ် ၃၀၀၀၀ ဝယ်တယ်။ ဒီနှစ်တော့ ဘယ်လောက် ဝယ်မယ်မသိဘူး။ ကျွန်တော်တို့ကတော့ ပိုလိုချင်တာပေါ့ဗျာ။ တချို့ ကြံစိုက်တောင်သူတွေက သယ်ယူရေးခက်ခဲတော့ ကိုယ်တိုင်ကြံသကာချက်ကြတယ်။ စက်ရုံကသာ ကြံခင်းအရောက်လာဝယ်မယ်ဆိုရင် ကြံသကာမချက်ဘဲ စက်ရုံမှာ ရောင်းမှာပါဗျာ" ဟု ကြံစိုက်တောင်သူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။ **ထွန်းလှိုင်(မြိုင်)**

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း လှော်ကားဓာတ်အားပေးစက်ရုံ STG Plant မှ Condenser Tubes များကို မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆိုလဲလှယ်တပ်ဆင်လိုပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၄-၁၀-၂၀၁၄ရက်
**တင်ဒါပိတ်မည့်ရက်** - ၂၄-၁၁-၂၀၁၄ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄:၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၈၂**

**ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်**
**အကြောင်းကြားစာ**
**(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်း-၂၂)**
**မော်လမြိုင်ကျွန်းမြို့နယ်တရားရုံးတော်၌**
**၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၂၁ နှင့်ဆက်သွယ်သည့်**
**၂၀၁၄ခုနှစ် တရားမဓာရီမှုအမှတ်-၈**

ဒေါ်အေးအေးသန့် (ခ) **နှင့်** ၁။ ဦးမိုးကြိုး(ခ)ဦးမြင့်နိုင်
ဒေါ်မြမြသက် ၂။ ဒေါ်သန်းသန်းအေး
**တရားနိုင်** **တရားရှုံးများ**

အမှတ် (၁)၊ မဟာဗန္ဓုလလမ်းနှင့် (၂)လမ်းထိပ်၊ (၁)ရပ်ကွက်၊ မော်လမြိုင်ကျွန်းမြို့နေ တရားရှုံးများဖြစ်သော (၁) ဦးမိုးကြိုး(ခ)ဦးမြင့်နိုင်၊ (၂) ဒေါ်သန်းသန်းအေး (ယခုနေရပ်လိပ်စာမသိ) တို့သိစေရမည်။

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၂၁ တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ကလျှောက်ထားလာသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၄ခုနှစ် နိုဝင်ဘာ ၃ ရက် (၁၃၇၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၄ခုနှစ် အောက်တိုဘာ ၂၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**သူဇာလှိုင်ချို**
**မြို့နယ်တရားသူကြီး**
**မော်လမြိုင်ကျွန်းမြို့နယ်တရားရုံး**

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**(တင်ဒါအဆိုပြုလွှာများဖိတ်ခေါ်ခြင်း)**

၁။ **ရှမ်းပြည်နယ်(တောင်ပိုင်း)အထက်ဘီလူးချောင်းရေအားလျှပ်စစ်စီမံကိန်း၏ design, supply and installation of Hydromechanical and Electromechanical Woks လုပ်ငန်းအတွက် တင်ဒါအဆိုပြုလွှာများအား နိုင်ငံခြားငွေ(USD)ဖြင့် အဆိုပြုတင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်။**

၂။ **တင်ဒါပုံစံအရောင်းပိတ်ရက်** - ၅-၁၁-၂၀၁၄ ရက်၊ ၁၆:၀၀ နာရီ
**တင်ဒါအဆိုပြုလွှာနောက်ဆုံး တင်သွင်းရမည့်ရက်** - ၁၉-၁၂-၂၀၁၄ ရက်၊ ၁၀:၀၀ နာရီ

၃။ Technical အောင်မြင်သည့် လုပ်ငန်းရှင်များ၏ Financial Proposal များကိုသာ ဖွင့်ဖောက်ရွေးချယ်သွားမည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၃၅၃၁၊ ၀၉-၂၅၀၃၄၅၃၄၉၊ ၀၉-၄၅၀၅၃၉၂၄၈၊ ၀၉-၄၂၁၇၁၆၆၈၉၊ ၀၉-၄၂၀၇၀၁၃၄၆၊ ဖက်စ်-၀၆၇-၄၁၃၅၃၁**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ အထက(ခွဲ)ရေတွင်းကုန်း တက္ကသိုလ်ဝင်တန်းမှ မောင်နေမင်းခန့်၏ ဖခင်မှာ ဦးအာဘူဆာလယ်နှင့် ဦးခင်မောင်အေးသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးအာဘူဆာလယ်(ခ)ဦးခင်မောင်အေး**
**KMW -၀၂၃၆၇၄**

**မိဘအမည်မှန်**

မော်လမြိုင်မြို့၊ အထက (၂) မော်လမြိုင် တက္ကသိုလ်ဝင်တန်းမှ မောင်ရဲနိုင်ထွန်း၏ မိဘအမည်မှန်မှာ (ဦးသန်းထွန်း)-ဒေါ်ညွှန့်ဖြစ်ပါကြောင်း။

**ဒေါ်ညွှန့်**
**၁၀/မလမ(နိုင်)၀၉၆၀၄၇**

**မိဘ အမည်မှန်**

မိုးကောင်းမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(F)မှ မောင်ဇော်မိုင်၏ ဖခင်အမည်မှန်မှာ ဦးလဆိုင်းနှင့် ဒေါ်လုအောန်ဖြစ်ပါသည်။

**ဦးလဆိုင်း-ဒေါ်လုအောန်**

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၄၊ မြေကွက်အမှတ် ၁၀၉၄၊ မြေကွက်တည်နေရာအမှတ် ၁၀၉၄၊ နဝရတ်(၁)လမ်း၊ (၂၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးသန်းအေးထံမှ အထူးကိုယ်စားလှယ်လွှဲအပ်ခြင်း ၁၃၃၄၅၊ ၁၉-၅-၂၀၁၄ရရှိသူ ဦးစိုးနိုင် ၁၂/မဂတ(နိုင်)၀၂၂၂၄၅က ၂၄-၄-၂၀၁၄ရက် လျှောက်ထားခဲ့သော အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံမူရင်း ပျောက်ဆုံးသွားကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## မူလတန်းကလေးငယ်များအား အာဟာရနွားနို့တိုက်ကျွေး

**ကလေး အောက်တိုဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် Myanmar C.P Livestock တို့ ပူးပေါင်းပံ့ပိုးမှုဖြင့် ကျောင်းနေအရွယ် မူလတန်းကလေးငယ်များ ဉာဏ်ရည်တိုးတက်ဖွံ့ဖြိုးစေရန်ရည်ရွယ်၍ ကလေးမြို့နယ် နတ်ကြီးကုန်း(ပျဉ်း)ကျေးရွာအုပ်စု အာဝါးကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ အောက်တိုဘာ ၂၁ ရက်က အာဟာရနွားနို့များ တိုက်ကျွေးခဲ့ကြောင်း သိရသည်။

ကျေးရွာတာဝန်ခံ ဦးပြုံးက အမှာစကားပြောကြားပြီး ခရိုင်မွေးကုဦးစီးဌာနဦးစီးမှူး ဒေါက်တာအောင်သန်းနှင့် Myanmar C.P Livestock မှ တာဝန်ခံ ဒေါက်တာမျိုးမြင့်ဇော်တို့က ကျောင်းနေအရွယ်ကလေးငယ်များ အာဟာရနွားနို့တိုက်ကျွေးရခြင်း၏ ရည်ရွယ်ချက်ကိုရှင်းလင်းပြောကြားပြီး ကလေးငယ်များအား အာဟာရနွားနို့များတိုက်ကျွေးကာ ကျောင်းသုံးဗလာစာအုပ်နှင့် ခဲတံများ ထောက်ပံ့လှူဒါန်းခဲ့သည်။

အလားတူ အာဟာရတိုက်ကျွေးခြင်းကို ကလေးမြို့နယ်အတွင်းရှိ ကျေးရွာများ၊ မိဘမဲ့ကလေးဂေဟာများနှင့် အခြားစာသင်ကျောင်းများတွင်လည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ချင်းတွင်းသား(iprd)**

## ခရိုင်လေးခု၌ အငှားယာဉ်များကြီးကြပ်မှုကော်မတီဖွဲ့စည်းမည်



**ရန်ကုန် အောက်တိုဘာ ၂၅**

ရန်ကုန်မြို့ ယာဉ်ကြောကျပ်မှု ထိန်းချုပ်သွားနိုင်ရန် ခရိုင်လေးခရိုင်တွင် အငှားယာဉ်များကြီးကြပ်မှုကော်မတီကို ဖွဲ့စည်းဆောင်ရွက်သွားရန် စီစဉ်လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံကြီးကြပ်မှု ဗဟိုကော်မတီ(မထသ)မှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှတစ်ဆင့် အငှားယာဉ်များ ထိန်းချုပ်လုပ်ကိုင်နိုင်ရေး မထသ (ဗဟို)သို့ စက်တင်ဘာ ၃၀ ရက်က စတင်ကာ လွှဲပြောင်းခဲ့ပြီးနောက် အငှားယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရန် ခရိုင်လေးခု၌ အငှားယာဉ်များ ကြီးကြပ်မှုကော်မတီများ ဖွဲ့စည်းဆောင်ရွက်သွားရန် စီစဉ်လျက်ရှိသည်။

အဆိုပါအငှားယာဉ်များ ကြီးကြပ်မှုကော်မတီများ ဖွဲ့စည်းရာတွင် မထသဗဟိုကဲ့သို့ ဖွဲ့စည်းပုံအတိုင်း ခရိုင်မထသဉက္ကဋ္ဌများ ပါဝင်မည်ဖြစ်ပြီး ကော်မတီဝင်များအဖြစ် ယာဉ်ပိုင်ရှင်နှစ်ဦးစီလည်း ပါဝင်မည် ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့တွင် ၂၀၁၂ ခုနှစ်က အငှားယာဉ်စီးရေ ၂၀၀၀၀ ကျော်သာ ရှိခဲ့သော်လည်း ယခုအခါ အစီးရေ ၅၄၀၀၀ အထိရှိလာပြီဖြစ်၍ အငှားယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရန် မထသ(ဗဟို)က ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်သည်။

ယင်းကဲ့သို့ မော်တော်ယာဉ်များ တိုးပွားလာ၍ ယာဉ်ကြောကျပ်မှုကို ထိန်းချုပ်ရာတွင် အငှားယာဉ်များကို လိုအပ်သည့်အခါ ခရီးသည်များက ဖုန်းခေါ်ဆို၍ ခေါ်ယူသော စနစ်တစ်ရပ်ကို ကျင့်သုံးဆောင်ရွက်သွားရန်ဖြစ်နိုင်ရေးများနှင့်ပတ်သက်၍ သက်ဆိုင်ရာက လေ့လာဆန်းစစ်မှုများ ပြုလုပ်လျက်ရှိသည်။

**သတင်း - ကြံတိုင်းအောင်**
**ဓာတ်ပုံ - သဏ္ဍ**

## ကလေးများဖွံ့ဖြိုးတိုးတက်ရေး စကားဝိုင်းဆွေးနွေး

**ရန်ကုန် အောက်တိုဘာ ၂၅**

ကလေးငယ်များ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မိဘများအား အသိပညာပေး စကားဝိုင်းဆွေးနွေးပွဲကို လူမှုဝန်ထမ်းဦးစီးဌာန မူကြိုအမှတ်(၁) ဗဟန်းတွင် အောက်တိုဘာ ၂၂ ရက်က ကျင်းပသည်။

ဆွေးနွေးပွဲတွင် ကျောင်းအုပ်ဒေါ်လွင်လွင်နွယ်က ဆွေးနွေးပွဲကျင်းပရခြင်းအကြောင်းနှင့် ဆရာမများက စာတတ်မြောက်မှုအကြောင်း၊ ကစားခြင်းနှင့် ကလေးငယ်များဖွံ့ဖြိုးမှု၊ ကလေးများ၏ ခံနိုင်ရည်စွမ်းအားလေ့ကျင့်ပျိုးထောင်ပေးခြင်းစသည့် အကြောင်းအရာများကို မူကြိုကလေးငယ်များ၏ မိဘ ၁၀၀ ကျော်နှင့် အပြန်အလှန်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**



## အခြေခံပညာအလယ်တန်းကျောင်းခွဲ ကျောင်းဆောင်သစ်လှူဒါန်း

**တောင်သာ အောက်တိုဘာ ၂၅**

တောင်သာမြို့နယ် ကန်တော် အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ တည်ဆောက်ပြီးစီးသွားသော ကျောင်းဆောင်သစ်ကို ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို အောက်တိုဘာ ၂၂ ရက်က ကျင်းပခဲ့သည်။

ကျောင်းဆောင်သစ် ပေးအပ်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးရဲမြင့်နှင့် တာဝန်ရှိသူများ၊ အလှူရှင်များကဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ကမ္ပည်းမော်ကွန်းဆိုင်းဘုတ်ကို ဝန်ကြီးချုပ်က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး အလှူရှင် ဦးကျော်မြင့်သန်းက ကျောင်းဆောင်သစ်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ ကျောင်းဆောင်သစ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများအား မြို့နယ်ပညာရေးမှူး ဦးလင်းထံသို့ လွှဲပြောင်းပေးအပ်သည်။ ကျောင်းဆောင်သစ်နှင့် ကျောင်းသုံးပရိဘောဂများကို မြင်းခြံမြို့ အမှတ်(၆)ရပ်ကွက်နေ အလှူရှင် ဦးစက်ချို (တော်ဝင်ဆေးလိပ်လုပ်ငန်းမိသားစု)က လှူဒါန်းခဲ့ပြီး အလျားပေ ၁၇၀၊ အနံပေ ၃၀၊ စာသင်ခန်း ငါးခန်း၊ ရုံးခန်း တစ်ခန်း၊ သွပ်မိုး၊ အုတ်ခင်း၊ အုတ်ကာ တစ်ထပ်ကျောင်းဆောင်ဖြစ်ကာ စုစုပေါင်းတန်ဖိုး ငွေကျပ်သိန်း ၉၀၀ ခန့်ကုန်ကျကြောင်း သိရသည်။

အဆိုပါ ကျောင်းဆောင်သစ်လှူဒါန်းပွဲသို့ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်၊ တိုင်းဒေသကြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ဇံ၊ မြင်းခြံ၊ တောင်သာမြို့နယ်များမှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့သည်။

**လင်းလက်ကြယ်(တောင်သာ)**

## ဝန်ကြီးချုပ်ဖလား ခြောက်ခရိုင် လှေလှော်ပြိုင်ပွဲ ကျင်းပမည်

**ဖျာပုံ အောက်တိုဘာ ၂၅**

ထူးချွန်သော မျိုးဆက်သစ်လှေလှော်အားကစားသမားများနှင့် နိုင်ငံကိုယ်စားပြု လှေလှော်အားကစားသမားများပေါ်ထွက်လာရေးကို ရည်ရွယ်၍ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ခြောက်ခရိုင်လှေလှော်ပြိုင်ပွဲ ကျင်းပမည်ဖြစ်ပြီး ဖျာပုံခရိုင်မှ ပြိုင်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်ရန် ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်၏ညွှန်ကြားမှုဖြင့် ခရိုင်အား/ကာ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်သန်းကကြီးကြပ်၍ ပြိုင်ပွဲဝင်များအား လေ့ကျင့်ပေးလျက်ရှိကြောင်းနှင့် ပြိုင်ပွဲတွင် အမျိုးသား ၁၀ တက်နှင့် ငါးတက် လှေပြိုင်ပွဲ၊ အမျိုးသမီး ငါးတက်လှေပြိုင်ပွဲများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(ဖျာပုံ)**


### ဖခင်အမည်မှန်

မူဆယ်မြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(B)မှ မအော်ဆာ၏ဖခင်အမည်မှန်မှာ ဦးဆမ်ဖမိုင်(ခ)ဦးအိုက်ဆမ်ဖြစ်ပါကြောင်း။

### မွေးသက္ကရာဇ်အမှန်နှင့် ဖခင်အမည်မှန်

မူဆယ်မြို့၊ အထက(၁)တက္ကသိုလ်ဝင်တန်း(B)မှ မလွေးအေရွှေဟန်၏မွေးသက္ကရာဇ်အမှန်မှာ ၆-၁၂-၁၉၉၈ ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးမောင်အိုက်ဖြစ်ပါကြောင်း။

### နှစ်ဦးသဘောတူ အထွေထွေကိုယ်စားလှယ်လွှဲစာကို ရုပ်သိမ်းပယ်ဖျက်ကြောင်းကြော်ငြာ

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်၊ ကမ္ဘောဇလမ်း၊ အမှတ် ၁၃၈/၁၀နေ ဒေါ်ကျင်စု ၉/မရမ(နိုင်)၀၄၄၃၃၁နှင့် ရန်ကုန်မြို့၊ လသာမြို့နယ်၊ လသာလမ်း၊ အမှတ် ၁၆၅နေ ဒေါ်သန်းသန်းလွင် ၁၂/လသန(နိုင်)၀၀၆၄၀၇တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာလိုက်သည်မှာ-

ဒေါ်ကျင်စုက မိမိ၏ကိုယ်စား ဆောင်ရွက်ရန်ရှိသည့်ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန်အတွက် ဒေါ်သန်းသန်းလွင်ထံသို့ အထွေထွေကိုယ်စားလှယ်လွှဲစာတစ်ရပ်ကို တောင်ကြီးမြို့၊ စာချုပ်စာတမ်းများ မှတ်ပုံတင်ဌာနမှူးရုံး၏ ၁၃-၉-၂၀၁၂ ရက်စွဲပါ မှတ်ပုံတင်အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၂၆၅/၂၀၁၂ အရ လွှဲအပ်ပေးခဲ့ပါသည်။

ယခုအခါ ဒေါ်ကျင်စုက ကိုယ်စားဆောင်ရွက်ရန် လွှဲအပ်ပေးထားသည့်ကိစ္စရပ်များအားလုံးတို့ကို ဒေါ်သန်းသန်းလွင်ကဆောင်ရွက်ပြီးစီးပြီးဖြစ်၍ ဒေါ်ကျင်စု၏ကိုယ်စားလှယ်အဖြစ် ဆက်လက်ဆောင်ရွက်ရန် မလိုအပ်တော့သဖြင့် ဒေါ်ကျင်စုက လွှဲအပ်ပေးထားသည့် မှတ်ပုံတင် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၂၆၅/၂၀၁၂ကို ယနေ့မှစ၍ ခြွင်းချက်မရှိ နှစ်ဦးသဘောတူ ပြန်လည်ရုပ်သိမ်းပယ်ဖျက်လိုက်ပြီးဖြစ်ပါကြောင်း ကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးခွန်စိုးလင်းပိုင် (အထက်တန်းရှေ့နေ) စဉ်-၃၅၇၄၉/၂၀၁၀**
**CHERRY LEGAL GROUP အမှတ် ၂၉၅(ပထပ်)ဗိုလ်ချုပ်လမ်း၊**
**မြို့မရပ်ကွက်၊ တောင်ကြီးမြို့**

### အမည်ပြောင်း

ဦးအောင်သူ၏သား ပထမတန်း(ခ) အမက-၂၄၊ ပုသိမ်မြို့မှ မောင်ကြည်ဇင်သန့်အား မောင်ချမ်းမြေ့စည်သူဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ချမ်းမြေ့စည်သူ**

### ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ နဝရတ်လမ်း၊ အိမ်အမှတ်(၁၆၅/၁၆၆)နေ ဒေါ်နွေးနွေးပြုံး၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ဦးစံလင်း(ခ)ဦးအမ်စလင်း ဂရန်အမည်ပေါက်သည့်မြေအား ဦးခင်မောင်က မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူထားသော မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ အကွက်အမှတ်(BB)၊ မြနန္ဒာရပ်၊ ဦးပိုင်အမှတ်(၇၉)၊ မြေယာအမှတ်(၇၉)၊ မြေဧရိယာ ၀ဒသမ၀၈၃ဧကရှိ မြေနှင့် နေအိမ်၊ လျှပ်စစ်မီတာတို့ကိုဦးသန်းဌေးမှ တာဝန်ခံ၍ ရောင်းချသောကြောင့် ဒေါ်နွေးနွေးပြုံးကဝယ်ယူရန် စရန်ငွေအချို့ပေးချေထားပါသည်။အဆိုပါ မြေကွက်အရောင်းအဝယ်ကိစ္စအား အပြီးအပိုင်ငွေပေးချေ၊ စာချုပ်စာတမ်းမှတ်ပုံတင်မည် ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမှုရင်းများ၊ တရားရုံးဒီကရီ၊ တားဝရမ်းနှင့်တကွ ကျွန်ုပ်ထံသို့ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူများမရှိပါက ဒေါ်နွေးနွေးပြုံးမှ အရောင်းအဝယ်ကိစ္စနှင့်ဂရန်လျှောက်ထားခြင်း ကိစ္စအားဥပဒေနှင့်အညီ ဆောင်ရွက်ပြုလုပ်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နွေးနွေးပြုံး၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခင်သာ LL.B**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၁၂၈)၊ ၈လမ်း၊ (၇)ကွက်၊ ပြင်ဦးလွင်မြို့၊**
**ဖုန်း-၂၀၄၅၈၇၅၊ ၀၉-၄၀၂၅၀၇၇၈၆၊ ၀၈၅-၂၃၂၄၁**

### မွေးသက္ကရာဇ်အမှန်နှင့် တစ်ဦးတည်းဖြစ်ပါကြောင်း

ကော့ကရိတ်မြို့နယ်၊ အထက(ခွဲ)ဒေါဖျာ၊ တက္ကသိုလ်ဝင်တန်းမှ နန်းခင်သန်းချို၏ မွေးသက္ကရာဇ်အမှန်မှာ ကျောင်းဝင်မှတ်ပုံတင်စာရင်းအရ ၅-၇-၁၉၉၈ ဖြစ်ပါကြောင်းနှင့် ဖခင် ဦးနဲညာ (ခ) ဦးအညာ ၃/ကကရ(နိုင်)၀၄၇၇၁၉ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### ၁၆-၁၀-၂၀၁၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၀) ပါအမှတ်(၁၇၈)၊ အောင်မင်္ဂလာ(၅)လမ်း၊ ပျဉ်းမနားမြို့နေ ဦးခိုင်မြဲအောင်နှင့် ပတ်သက်သည့်ကြေညာချက်အား ပြန်လည်ရုပ်သိမ်းကြောင်း ဦးခိုင်မြဲအောင်နှင့် အများသိစေရန် ပြန်လည်ရှင်းလင်းအသိပေးကြေညာခြင်း

ကျွန်တော် ဦးသန်းအောင်နှင့် ဦးသက်ခိုင်တို့ နှစ်ဦးမှ အထက်ဖော်ပြပါရက်စွဲအတိုင်း သတင်းစာတွင် ထည့်သွင်းကြော်ငြာခဲ့သော်လည်း ယခုအခါ ဦးခိုင်မြဲအောင်နှင့် ကျွန်တော်တို့နှစ်ဦးသည် တစ်ဦးနှင့်တစ်ဦးပြေလည်မှုရရှိပြီးဖြစ်သောကြောင့် ကျွန်တော်တို့နှစ်ဦးမှ အထက်ဖော်ပြပါရက်စွဲအတိုင်း ထည့်သွင်းကြော်ငြာခြင်းအား ပြန်လည်ရုပ်သိမ်းပါကြောင်း ဦးခိုင်မြဲအောင်နှင့် အများသိစေရန် ပြန်လည်ရှင်းလင်း အသိပေးကြေညာအပ်ပါသည်။

**ဦးသန်းအောင်** ၇/ကတခ(နိုင်)၀၈၈၂၁၇
**ဦးသက်ခိုင်** ၉/ဝတန(နိုင်)၁၀၆၄၆၆

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ယ/၅၂၃၉၂ Honda Wave M/C ယာဉ်လက်ဝယ်ရှိသူ ဗိုလ်မှူးတင်ဝင်း ၃/ဘအန(နိုင်)၀၁၂၉၃၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# စက်ယန္တရားသုံးရွှေတူးဖော်မှုကြောင့် သဘာဝပတ်ဝန်းကျင်ပျက်စီးလာသည့် ဗန်းမောက်မြို့နယ်

**သတင်းဆောင်းပါး - ငွေအိုး(ကသာ)**



မိသားစုတစ်ပိုင်တစ်နိုင် လက်ယက်တွင်းများဖြင့် ရွှေတူးဖော်နိုင်ခဲ့သော ကသာခရိုင် ဗန်းမောက်မြို့နယ်တွင် ရွှေတူးဖော်ခြင်းလုပ်ငန်းကို စက်ယန္တရားကြီးများအသုံးပြု၍ တွင်ကျယ်စွာ လုပ်ကိုင်လာခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပျက်စီးမှုများကို ကြုံတွေ့နေရပြီ ဖြစ်သည်။

ယခင်က ကသာခရိုင် ဗန်းမောက်မြို့နယ်တွင် အမြဲတမ်းလုပ်ငန်းအဖြစ် သဘာဝတောတောင်ကို အမှီပြုကာ စပါးစိုက်ခြင်း၊ တောင်ယာလုပ်ခြင်း၊ ငါးရှာဖားရှာခြင်းတို့ဖြင့်သာ အသက်မွေးဝမ်းကျောင်းကို ရိုးသားစွာ လုပ်ကိုင်စားသောက်ကြပြီး ဒေသအချို့တွင်သာ လူနည်းစုက လယ်ယာလုပ်ငန်းပြီးဆုံးချိန်များ၌ မိသားစုဝမ်းစာရေးအတွက် လက်ယက်တွင်းတူး၍ ရံဖန်ရံခါရွှေရှာလေ့ရှိသည်။

ယခုနောက်ပိုင်းတွင်မူ ရွှေတူးဖော်ရေးကုမ္ပဏီများ ရောက်ရှိလာပြီး ဘက်ဟိုးကားကြီးများ အပါအဝင် စက်အား၊ လူအားသုံး၍ ရွှေတူးဖော်မှုကို အကြီးအကျယ်လုပ်ကိုင်လာကြရာ သဘာဝမြေယာများ ပျက်စီးခြင်း၊ သစ်တောများ ပျက်စီးခြင်းနှင့် ဗန်းမောက်မြို့နယ်အတွင်း မဲဇာမြစ်ပေါင်းဆုံရာနေရာနှင့် ချောင်းလက်တက်များ တိမ်ကောလာခြင်း စသည့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများ ဖြစ်ပေါ်နေပြီဖြစ်ကြောင်း သိရသည်။

ယခင်က တောတောင်ထူထပ်သဖြင့် သားရဲတိရစ္ဆာန်မျိုးစိတ်အများအပြားရှိသော်လည်း ယခုအခါ သားရဲတိရစ္ဆာန်မျိုးစုံရှိသော ဒေသဟူ၍ မရှိသလောက်ရှားပါးလာကြောင်း၊ ချောင်းများလည်း တိမ်ကောလာပြီး ချောင်းရေများ နောက်ကျိလာသဖြင့် အင်းအိုင်၊ ချောင်းမြောင်းများအတွင်း ငါးမျိုးစိတ်များလည်း လျော့နည်းပျက်သုဉ်းမှု ကြုံတွေ့နေရကြောင်း၊ ရေရှည်ထိန်းသိမ်းထားရမည့် သဘာဝပတ်ဝန်းကျင်တောတောင်များ၊ မြစ်ချောင်းများ ပျက်စီးလာခြင်းကို ကာကွယ်ထိန်းသိမ်းရန်အတွက် ဘက်ဟိုးကားများ အလွယ်တကူအသုံးပြုပြီး ရွှေတူးဖော်နေမှုကို ကန့်သတ်သင့်ကြောင်း ဒေသခံတစ်ဦးက ပြောသည်။

ရွှေတူးဖော်မှုတွင် ဘက်ဟိုးကားများကို အများအပြားအသုံးပြုပြီး တူးဖော်လာသဖြင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများ တိုးလာနေသော်လည်း ဘက်ဟိုးကားများအသုံးပြုမှုကို စနစ်တကျကန့်သတ်ခြင်း မရှိရုံသာမက ဗန်းမောက်မြို့ပေါ်တွင် ဘက်ဟိုးကားများကို အလွယ်တကူ ရောင်းချမှုများရှိနေပြီး ရွှေတူးဖော်သူများကလည်း ဘက်ဟိုးကားများကို အလွယ်တကူ ဝယ်ယူတူးဖော်လျက်ရှိနေကြကြောင်း သိရသည်။ "သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းဖို့ စာရွက်ပေါ်မှာ ဟောပြောနေစဉ်မှာပဲ ဗန်းမောက်မြို့နယ်မှာတော့ ဘက်ဟိုးကားတွေကို သင်တန်းမရှိ၊ လိုင်စင်မရှိဘဲ လိုသလိုသုံးနေတယ်"ဟု မြို့ခံတစ်ဦးက ပြောသည်။

ရွှေတူးဖော်ရေး ကုမ္ပဏီများအနေဖြင့် ထိုသို့စက်ယန္တရားများ အသုံးပြု၍ ရွှေတူးဖော်ခွင့်ရနေကြသော်လည်း ရွှေတူးရွှေရှာမှုအတွက် လုပ်ကွက်များချပေးရာတွင် ဒေသခံရွှေတူးဖော်သူများအတွက်လုပ်ကွက်နေရာမပေးကြောင်း၊ ဘက်ဟိုးကားကြီးများကို လုပ်ကွက်တစ်နေရာမှ တစ်နေရာပြောင်းရွှေ့ကာ ရွှေတူးဖော်ရေးလုပ်ငန်းတွင် အသုံးချလုပ်ကိုင်နေပြီး စက်ယန္တရားကြီးများဖြင့် တူးဖော်မှုကြောင့် စွန့်ပစ်သဲကျောက်များ ဟိုတစ်ပုံ ဒီတစ်ပုံဖြစ်ကျန်ခဲ့၍ တောတောင်သစ်ပင်များနှင့် သဘာဝမြေများပျက်စီးမှု တိုးပွားလာနေသဖြင့် ဘက်ဟိုးကားများ အလွယ်တကူရောင်းချနေမှုနှင့် စက်ယန္တရားများ အသုံးပြုရွှေတူးဖော်နေမှုကို စစ်ဆေးကန့်သတ်စေလိုကြောင်း ဗန်းမောက်မြို့နယ်အတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ ဒေသခံများက ပြောကြားသည်။

**ချောင်းများ တိမ်ကောနောက်ကျိလာသဖြင့် ငါးမျိုးစိတ်များ လျော့နည်းပျက်သုဉ်း . . .**

## သတင်းတိုများ

### ကျေးရွာများသောက်သုံးရေရရှိရေး စိမ့်စမ်းရေသွယ်ယူ

ရှမ်းပြည်နယ် လွိုင်လင်ခရိုင် မိုင်းကိုင်မြို့နယ်အတွင်း ကျေးရွာများတွင် သောက်သုံးရေရရှိရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနက ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ သောက်သုံးရေရရှိရေး၊ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းများကို နမ့်နပ်ကျေးရွာ၊ ဝမ်ဖွီးကျေးရွာ၊ စုံလောကျေးရွာ၊ ဆမ်ပွန်းကျေးရွာ၊ ဝမ်နားပုံကျေးရွာများတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ငွေကျပ် ၁၂၅ ဒသမ ၇၅ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျေးလက်ရေပေးရေးနှင့် စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းတွင် အသုံးပြုမည့် ပိုက်လုံးများနှင့် ဆက်စပ်ပစ္စည်းများကို ကျေးရွာများအရောက် စနစ်တကျပို့ဆောင်လျက်ရှိကြောင်း သိရသည်။ **နန်းလှိုင်လှိုင်ဦး(မိုင်းကိုင်)**

### မွေးဖွားမှုမှတ်ပုံတင်ခြင်းရက်သတ္တပတ်လှုပ်ရှားမှုဆောင်ရွက်

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် ငါးနှစ်အောက်ကလေးများအား မွေးစာရင်းလက်မှတ်များပြုလုပ်ပေးခြင်းနှင့် မွေးဖွားမှုမှတ်ပုံတင်ခြင်း ရက်သတ္တပတ်လှုပ်ရှားမှုကို ရပ်ကွက်၊ ကျေးရွာ ၄၆ အုပ်စုသို့ အောက်တိုဘာ ၂၀ မှ ၂၄ ရက်အထိ ကွင်းဆင်းပြီး စာရင်းများကောက်ယူပြုစုခဲ့ကြောင်းနှင့် မြို့နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများပူးပေါင်း၍ နယ်မြေအလိုက် စုရပ် ၂၄ ခုခွဲ၍ မွေးဖွားမှုစာရင်းလက်မှတ်များပြုစုထုတ်ပေးခြင်းနှင့် မွေးဖွားမှု မှတ်ပုံတင်ခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## လပွတ္တာတွင် မိုးစပါးစံကွက်စုပေါင်းရိတ်သိမ်း

**လပွတ္တာ အောက်တိုဘာ ၂၅**

လပွတ္တာခရိုင် လပွတ္တာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနကကြီးမှူး၍ မျိုးသန့်ပြန့်ပွားရေးကို ဒေသခံတောင်သူများ လက်တွေ့လေ့လာနိုင်ရန်အတွက် မိုးစပါးမျိုးသန့် မျိုးစေ့ထုတ်စိုက်ခင်း စုပေါင်းစံကွက်ရိတ်သိမ်းပွဲကို အောက်တိုဘာ ၂၁ ရက်က လပွတ္တာမြို့နယ် မြို့မ(၉)ကျေးရွာအုပ်စု မျိုးသန့်စံပြရွာ ဧက ၁၀၀ မျိုးသန့် မျိုးစေ့ထုတ်စိုက်ခင်း၌ ကျင်းပသည်။

တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ လပွတ္တာခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဦးနှင့် ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာ ခြောက်ရွာမှ စံကွက်ရိတ်သိမ်းရေးအဖွဲ့ဝင်များတက်ရောက်ပြီး တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးမျိုးဇော်က စိုက်ပျိုးရေးဦးစီးဌာန၏ အဓိကတာဝန်ကြီး သုံးရပ်ကိုလည်းကောင်း၊ ခရိုင်ဦးစီးမှူး ဒေါ်ရှုရီက စီးပွားဖြစ် မျိုးသန့်မျိုးစေ့ သုံးနှစ်တစ်ကြိမ် သွေးသစ်လောင်းစိုက်ပျိုးသွားရန်ကိုလည်းကောင်း၊ JICA Project မှ ဦးတင်မောင်ကြီးက မျိုးသန့်မျိုးစေ့ထုတ်လုပ်ပုံ လုပ်ငန်းအဆင့်ဆင့်ကိုလည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်လှိုင်က မျိုးသန့်မျိုးစေ့ထုတ်စိုက်ခင်းများ ရိတ်သိမ်းချိန်တွင် သတိပြုရမည့်အချက်များကိုလည်းကောင်း ရှင်းလင်း ဆွေးနွေးကြသည်။

ထို့နောက် မိုးစပါးမျိုးသန့်စံပြရွာ မျိုးသန့်မျိုးစေ့ထုတ်စိုက်ခင်း စုပေါင်းစံကွက်ရိတ်သိမ်းပွဲတွင် ကျေးရွာ ခြောက်ရွာမှ စံကွက်ရိတ်သိမ်းရေးအဖွဲ့ဝင်များက စုပေါင်းစံကွက်ရိတ်သိမ်းကြရာ တစ်ဧကလျှင် အစို ၉၅ ဒသမ ၆၂ တင်းနှုန်းထွက်ကြောင်း သိရသည်။

**မော်ကျွန်းမြင့်အောင်**


**မွေးသက္ကရာဇ်အမှန်**

မြိတ်မြို့၊ ဆန္ဒဝတ်ကျေးရွာနေ ဦးမြင့်အေး၏သမီးမအေးအေးသီ၏ မွေးသက္ကရာဇ်အမှန်မှာ ကျောင်းဝင်မှတ်ပုံတင်စာရင်းအရ ၂၀-၂-၁၉၉၄ ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**

လားရှိုးမြို့၊ အထက(၈)၊ တက္ကသိုလ်ဝင်တန်းမှ မအေမ်ဆေ(ဝ်)၏ဖခင်အမည်မှန်မှာ ဦးအိုက်နိုင် ၁၃/မတတ(နိုင်) ၀၀၀၇၈၀ ဖြစ်ပါသည်။

**မြောင်းမြမြို့နယ်အသင်း (ရန်ကုန်)**
**ကထိန်သင်္ကန်းကပ်လှူပွဲ ဖိတ်ကြားခြင်း**

မြောင်းမြမြို့နယ်အသင်း(ရန်ကုန်)နှင့် ဘီအိုစီပိဋကပ်တိုက်ကျောင်းဝေယျာဝစ္စအဖွဲ့တို့ပူးပေါင်း၍ (၃၅)ကြိမ်မြောက် ကထိန်သင်္ကန်းကပ်လှူပွဲကို အာဇာနည်လမ်း၊ ဗဟန်းမြို့နယ်ရှိ ဘီအိုစီပိဋကပ်တိုက်ကျောင်း၌ ၂၀၁၄ခုနှစ် နိုဝင်ဘာ ၂ရက်(တနင်္ဂနွေနေ့) နံနက် ၉း၀၀ နာရီတွင် ကထိန်သင်္ကန်းကပ်လှူပွဲကို ကျင်းပမည်ဖြစ်ပါ၍ မြောင်းမြမြို့နယ်အသင်း(ရန်ကုန်)၏ အသင်းသူအသင်းသားများနှင့် အလှူရှင်ဒါယကာ/ဒါယိကာမများ ကြွရောက်လှူဒါန်းပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ကိုယ်တိုင်လာရောက်မလှူဒါန်းနိုင်ပါက ဦးဝင်းကြည် ဥက္ကဋ္ဌ ဖုန်း-၀၁-၅၇၃၀၇၄၊ ဦးမျိုးကြည် ဒုတိယဥက္ကဋ္ဌ ဖုန်း-၀၁-၅၇၈၆၃၈၊ ဒေါ်သန်းမြင့် ဘဏ္ဍာရေးမှူး ဖုန်း-၀၁-၅၂၆၁၆၈၊ ဒေါ်မြင့်မြင့်သန်း တွဲဖက်ဘဏ္ဍာရေးမှူး (မြောင်းမြဒေါ်ချိုမုန့်ဟင်းခါး ဗဟန်း/၁၁လမ်း၊ လမ်းမတော်) ဖုန်း-၀၁-၅၄၈၅၀၁၊ ၀၉-၅၀၉၄၉၁၁၊ ၀၁-၇၀၁၆၉၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။ သင်္ကန်းတစ်စုံလျှင် ၅၀၀၀ိ/-(ငါးထောင်ကျပ်)နှုန်းဖြင့် ဆက်ကပ်လှူဒါန်းနိုင်ပါသည်။

**အမှုဆောင်အဖွဲ့**

**တတိယအကြိမ်မြောက်**
**ITC(1)Thanlyin**
**ဆရာကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲနှိုးဆော်လွှာ**

စက်မှုသင်တန်းကျောင်းအမှတ်(၁) သန်လျင်တွင် တက်ရောက်ခဲ့ကြသည့် ကျောင်းသားဟောင်းများ၏ တတိယအကြိမ်မြောက် ဆရာကန်တော့ပွဲနှင့် ကျောင်းသားမိတ်ဆုံစားပွဲကို ၂၀၁၅ခုနှစ် ဇန်နဝါရီ ၃ရက် ညနေ ၆နာရီမှ ည ၁၀နာရီအထိ M3 စားသောက်ဆိုင်(ရွှေတိဂုံဘုရားခြေရင်း အာဇာနည်ဗိမာန်အနီး)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကျောင်းသားဟောင်းများအားလုံး မပျက်မကွက်တက်ရောက်နိုင်စေရန် ကြိုတင်၍အကြောင်းကြား အသိပေးနှိုးဆော်အပ်ပါသည်။

မိမိတို့အပတ်စဉ်အလိုက် ကျောင်းသားကိုယ်စားလှယ်များထံသို့ အလှူငွေများကို ဆောလျင်စွာထည့်ဝင်ကြပါရန်လည်း အထူးတိုက်တွန်းနှိုးဆော်အပ်ပါသည်။

| | | |
|---|---|---|
| (၁) | ဝင်းထိန် | ဖုန်း-၀၉-၄၂၁၀၁၈၀၉၃ |
| (၂) | ကျော်တင့် | ဖုန်း-၀၉-၄၅၀၀၁၃၃၉၇ |
| (၃) | ဝင်းမောင်ဖြူ | ဖုန်း-၀၉-၄၄၈၀၃၄၄၅၄ |
| (၄) | သောင်းထိုက် | ဖုန်း-၀၉-၇၃၉၀၃၈၃၇ |
| (၅) | အောင်ကျော်လင်း | ဖုန်း-၀၉-၄၃၁၂၉၈၂၇ |
| (၆) | ဇော်လင်းထက် | ဖုန်း-၀၉-၅၁၅၈၃၇၀ |
| (၇) | ကျော်သူရ | ဖုန်း-၀၉-၇၃၁၈၉၇၃၄ |

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ (၂/က)ရပ်ကွက်၊ ရှုဝံလမ်း၊ အမှတ် ၃၂၊ (အလျားပေ ၃၀×အနံပေ ၆၀)ကျယ်ဝန်းသော အိမ်ခြံမြေနှင့်တကွ အကျိုးခံစားခွင့် အရပ်ရပ်ကိုလက်ရှိပိုင်ဆိုင်နေထိုင်လျက်ရှိသူ ဦးအောင်ကြည် ၁၄/ပသန(နိုင်)၀၁၀၂၅၅ ထံမှ ဒေါ်အေးမင်းမော် ၆/ထဝန(နိုင်)၀၀၃၃၀၉၊ ဒေါ်ငြိမ်းနှင်းစိုး ၆/ထဝန(နိုင်) ၀၆၈၄၂၅ တို့က ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်ပြီးဖြစ်ရာ အဆိုပါအိမ်ခြံမြေနှင့်ပတ်သက်၍ သက်ဆိုင်သူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများခိုင်လုံစွာဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာလာ LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၀)**
**တိုက် ၅၊ အခန်း ၀၀၈၊ အေးရိပ်မွန် ၉ လမ်း၊**
**၅ ရပ်ကွက်၊ လှိုင်မြို့နယ်၊ ဖုန်း-၀၉-၅၁၈၁၈၂၀**

**အများသိစေရန်**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/၂၊ လူနေရပ်ကွက်အမှတ် မြင်သာစုပေါင်းအိမ်ရာ၊ မြေကွက်အမှတ် ၁၄၁/၁+၂၊ ဧရိယာ ၀ဒသမ ၀၆၂ဧကရှိ နှစ် ၆၀ဂရန်မြေ အမျိုးအစား၊ အမှတ် ၁၄၁/၁+၂၊ မိုးစွေလမ်း၊ ၁၄/၂ရပ်ကွက်၊ မြင်သာစုပေါင်းအိမ်ရာ၊ တောင်ဥက္ကလာပမြို့နယ်ဟုခေါ်တွင်သော မြေကွက်အပါအဝင် အကျိုးခံစားခွင့်များကို ဂရန်အမည်ပေါက်ပိုင်ရှင်ဒေါ်သန်းမြင့်ထံမှ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အမှတ် ၄၁၉၈/၂၀၁၄ဖြင့် ဝယ်ယူမှတ်ပုံတင်ထားပြီး လက်ရှိထားပိုင်ဆိုင်သူ ဒေါ်နော်လားမေဝါး ၁၄/ပသန(နိုင်)၁၇၈၄၇၃ထံမှ ကျွန်မ၏မိတ်ဆွေက ဝယ်ယူရန်စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားမူရင်းများနှင့် ကျွန်မထံသို့ လူကိုယ်တိုင်ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဝယ်သူ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်ဝင်းမြင့် LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၄၉၄၂)**
**အမှတ် ၁၆၊ အနော်ရထာလမ်း၊ ကျောက်ကုန်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၁၂၀၈၅၈**

**အများသိစေရန်**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ဃ)၊ မြေကွက်အမှတ် ၃၁၈ ၁/၂၊ အကျယ်အဝန်း (အလျားပေ၂၀×အနံပေ၆၀)ရှိ နှစ် ၆၀ဂရန်မြေအမျိုးအစားမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်များကို ဂရန်အမည်ပေါက် ဒေါ်ခင်ဝင်းထံမှ အရောင်းအဝယ်ကတိစာချုပ်နှင့် အထူးကိုယ်စားလှယ်လွှဲစာရယူကာ လက်ရှိထားပိုင်ဆိုင်သူ ဒေါ်အေးအေးလှိုင် PKU-၁၉၅၀၃၇ ထံမှ ကျွန်မ၏မိတ်ဆွေကဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားမူရင်းများနှင့် ကျွန်မထံလူကိုယ်တိုင် ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိုပြီးဆုံးအောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဝယ်သူ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်ဝင်းမြင့် LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၄၉၄၂)**
**အမှတ် (၁၆)၊ အနော်ရထာလမ်း၊ ကျောက်ကုန်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၁၂၀၈၅၈**

ကြော်ငြာ

## ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ ခမ္မိကဝတီလမ်း၊ အိမ်အမှတ် ၄၆နေ ဆရာကြီးဦးအောင်သင်း(စာရေးဆရာ၊ ကျောင်းဆရာ) အသက်(၈၈)နှစ်သည် ၂၅-၁၀-၂၀၁၄ရက်နေ့ နံနက် ၁၁နာရီအချိန်တွင် ကွယ်လွန်သွားကြောင်းသိရသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**သူရဦးရွှေမန်းနှင့် စစ်တက္ကသိုလ်အမှတ်စဉ်(၁၁)မှတပည့်များ**

## ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်တိုင်းဒေသကြီး၊စမ်းချောင်းမြို့နယ်၊သံတံတားရပ်ကွက်၊ ခမ္မိကဝတီလမ်း၊ အိမ်အမှတ် ၄၆နေ ဆရာကြီးဦးအောင်သင်း(စာရေးဆရာ၊ ကျောင်းဆရာ) အသက်(၈၈)နှစ်သည် ၂၅-၁၀-၂၀၁၄ရက်နေ့ နံနက် ၁၁နာရီအချိန်တွင် ကွယ်လွန်သွားကြောင်းသိရသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မြေးတပည့် တိုးနိုင်မန်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

**အမျိုးသားစာပေ တစ်သက်တာစာပေဆုရ စာရေးဆရာကြီး**

## ဦးအောင်သင်း အသက်(၈၈)နှစ်

၂၅-၁၀-၂၀၁၄ရက် နံနက် ၁၁နာရီတွင် နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ကြေကွဲရပါကြောင်း။ ဆရာကြီး၏မိဘပမာ၊ ဆရာကဲ့သို့ စေတနာ၊ မေတ္တာစွမ်းအားဖြင့် စောင့်ရှောက်ခဲ့သော ကျေးဇူးတရားများကို အထူးအောက်မေ့သတိရလျက်ရှိပါသည်။ မြန်မာစာပေလောကအတွက် ကြယ်တစ်ပွင့် ကြွေလွင့်ခဲ့ရသည်ကို နှမြောတသ ကြေကွဲရပါကြောင်း။

**ဦးကျောက်တောင်(တောင်ကုတ်)နှင့်**
**နေလသစ္စာဆောက်လုပ်ရေးအုပ်စုကုမ္ပဏီမိသားစု**
**ရခိုင်ပြည်နယ်**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒုတိယဗိုလ်မှူးကြီးလှမြင့် (ငြိမ်း)

**ရွှေဆင်မင်းရေခဲစက်**

**အသက်(၈၃)နှစ်**

ဒေါက်တာဦးညွန့်အောင် (မျက်စိအထူးကုဆရာဝန်ကြီး၊ ရန်ကုန်မျက်စိအထူးကုဆေးရုံကြီး) - ဒေါ်သူဇာမြင့်တို့၏ ချစ်လှစွာသောဖခင် ဒုတိယဗိုလ်မှူးကြီးလှမြင့်သည် ၂၁-၁၀-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါ၍ ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်မျက်စိဆေးရုံကြီး မိသားစု**

## ဦးကျင်ဟုတ် (သွားဘက်ဆိုင်ရာ)

**(ယဉ်ယဉ်ဝင်းစတိုး ဖခင်ကြီး၊ တောင်ငူမြို့)**

**အသက်(၈၁)နှစ်**

တောင်ငူမြို့၊ ဗိုလ်မှူးဖိုးကွန်းလမ်း၊ အမှတ် ၂/၃၀၃နေ (ဦးစိန်-ဒေါ်စိန်ရွှေ)တို့၏သား၊ ဒေါ်ယဉ်ယဉ်၏ချစ်လှစွာသောခင်ပွန်း၊ကိုဝင်းယုလွင်-မနှင်းနှင်းလွင်(ယဉ်ယဉ်ဝင်းစတိုး)၊ ကိုသန်းထိုက်ဝင်း-မခင်ချိုဆန်း(Golden Land ရောင်းဝယ်ရေး)တို့၏ဖခင်၊ မောင်ဖုန်းမြတ်ပိုင်၏ဘိုးဘိုးကြီးသည် ၂၄-၁၀-၂၀၁၄ရက် ည ၁၁နာရီတွင် ကွယ်လွန်သွားပါ၍ ၂၅-၁၀- ၂၀၁၄ရက် ညနေ ၃နာရီတွင် တောင်ငူမြို့အနောက် တရုတ်ဖူကျင့်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

တောင်ငူမြို့၊ ဗိုလ်မှူးဖိုးကွန်းလမ်းနေ ဒေါ်ယဉ်ယဉ်၏ ချစ်လှစွာသောခင်ပွန်း၊ ကိုဝင်းယုလွင် (ယဉ်ယဉ်ဝင်း-စတိုး)၊ ကိုသန်းထိုက်ဝင်း (Golden Land)တို့၏ဖခင်ကြီး ဦးကျင်ဟုတ် အသက်(၈၁)နှစ် ကွယ်လွန်သွားခြင်းအတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**သတင်းထောက်-ဦးကျော်လှ (သား)ကိုဝင်းကျော်**

**သမာဓိ-မိသားစု (တောင်ငူ)**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ခင်လုံး (ထီးချိုင့်)

**အသက်(၇၂)နှစ်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ထီးချိုင့်မြို့၊ အမှတ်(၂)၊ အောင်ဇေယျာရပ်ကွက်နေ (ဦးထွန်းမောင်)၏ဇနီး၊ ဒေါက်တာမင်းမင်း(ဦးစီးအရာရှိ၊ မွေး/ကု၊ စစ်ကိုင်း)-ဒေါ်ဝါဝါဝင်းခိုင်(စည်သာ ဆေးနှင့်ကုန်မျိုးစုံရောင်းဝယ်ရေး)၊ ဦးစိုးဝင်း-ဒေါ်သင်းသင်းခိုင်(ပဲမျိုးစုံရောင်းဝယ်ရေး)၊ ဦးဇော်မျိုးထွန်း-ဒေါ်ရီရီစန်း၊ ဦးတင်မျိုးလှိုင်-ဒေါ်ခိုင်ခိုင်စိုး၊ ဦးခင်မောင်သန်း-ဒေါ်နှင်းနှင်းခိုင်(ပတ္တမြား ဆေးနှင့်ကုန်မျိုးစုံရောင်းဝယ်ရေး)၊ ဦးရဲလင်းထွန်း-ဒေါ်လှဲ့လှဲ့(ပါဝါထုံးရောင်းဝယ်ရေး)တို့၏မိခင်၊ မြေး ၁၅ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၂၁-၁၀-၂၀၁၄ရက်(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၀-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် အမှတ်(၂)ဈေးကုန်းသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

## ဦးသက်နိုင်

**(ဦးစီးအရာရှိ)**

**မန်စီမြို့နယ် သစ်တောဦးစီးဌာန**

သူငယ်ချင်း ကိုသက်နိုင် အသက်(၄၆)နှစ်သည် ၂၃-၁၀-၂၀၁၄ရက် (ကြာသပတေးနေ့) ညနေ ၄း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၉၃ခုနှစ် သစ်တောသိပ္ပံအဲ့ရ**
**သူငယ်ချင်းများ**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## ဦးအောင်သင်း (တောင်တွင်းကြီး)

**စာရေးဆရာ (အမျိုးသားစာပေ တစ်သက်တာဆုရှင်)**
**လ/ထ ကထိကဟောင်း(မြန်မာစာဌာန)**
**မော်လမြိုင်ကောလိပ်၊ ပြင်ဦးလွင်စစ်တက္ကသိုလ်**
**ရန်ကုန် ဝိဇ္ဇာသိပ္ပံတက္ကသိုလ်**
**အသက်(၈၈)နှစ်**

တောင်တွင်းကြီးမြို့၊ တောင်ပြင်ရပ်ကွက်နေ(သခင်ညီမောင်-ဒေါ်ရွှေကျင်)တို့၏သား၊ (ဦးရွှေဒင်-ဒေါ်တင်မေ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ ခမ္မိကဝတီလမ်း၊ အမှတ် ၄၆နေ (ဒေါ်တင်တင်ကြိုင်)၏ခင်ပွန်း၊ ဦးကျော်ဝင်း-ဒေါ်မော်မော်သင်း၊ (ဦးအောင်နိုင်သင်း)-ဒေါ်သိန်းတန်၊ ဦးအောင်မြိုင်သင်း(ခေတ္တ-စင်ကာပူ)-ဒေါ်မြမိုးသူဇာတို့၏ချစ်လှစွာသောဖခင်ကြီး၊ ကိုနိုင်လင်းအောင်(လ/ထ မန်နေဂျာ၊ Suntac Co.,)-မမေကောင်းစံ(လ/ထ မန်နေဂျာ၊ KDDI)၊ ကိုကောင်းသစ်(ခေတ္တ-ဟောင်ကောင်)-မစိမ်းစိမ်းမိုး(ရွှေခြင်္သေ့ Co.)၊ ကိုညဏ်စစ်(B-Tech, 4th year)၊ မအိင့်ဖူး (Grade-10၊ ကောင်းစုံကိုယ်ပိုင်အထက်တန်းကျောင်း)တို့၏ ချစ်လှစွာသောအဘိုး၊ မောင်ဘုန်းသော်ကောင်း၊ မကဲ့ကော်ပွင့်ထူးတို့၏ ဘိုးဘိုးကြီးသည် ၂၅-၁၀-၂၀၁၄ရက်(စနေနေ့)နံနက် ၁၁နာရီတွင် ခမ္မိကဝတီလမ်းနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၇-၁၀-၂၀၁၄ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁နာရီနှင့် ၃၃လမ်း၊ဝဇီရာရပ်ရှင်ရုံထိပ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၃၁-၁၀-၂၀၁၄ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၂နာရီအထိ ခမ္မိကဝတီလမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှမိတ်ဆွေသင်္ဂဟအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဒုတိယဗိုလ်မှူးကြီးလှမြင့်(ငြိမ်း) အသက်(၈၃)နှစ်

**ကြည်း-၇၅၈၃၊ ဗိုလ်သင်တန်းကျောင်းအပတ်စဉ်(၁၈)**
**ရွှေဆင်မင်းရေခဲစက်**

ရန်ကုန်မြို့နေ ဒေါ်စန်းကြည်၏ချစ်လှစွာသောခင်ပွန်း ဒုတိယဗိုလ်မှူးကြီးလှမြင့်(ငြိမ်း)သည် ၂၁-၁၀-၂၀၁၄ရက်(အင်္ဂါနေ့) ညနေ ၅း၅၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ကြီးသိန်းအောင်(ငြိမ်း)-ဒေါ်ခင်ခင်ဝင်း**
**ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးနှင့်ဇနီး ဒေါ်မြင့်မြင့်ခိုင် မိသားစု**

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## ဦးဘခက် (မအူပင်)

**လက်ထောက်မန်နေဂျာ(ငြိမ်း)**
**ပြည်တွင်းရေကြောင်းဦးစီးဌာန**
**အသက်(၇၆)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၄၀)ရပ်ကွက်၊ ဝန်းသိုလမ်း၊ အမှတ် ၃၁၄နေ (ဦးနှောင်း-ဒေါ်အေးတင်)တို့၏ သားကြီး၊ (ဒေါ်မူစေး)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်သန္တာကြည်-ဦးကိုကိုအောင်၊ ဦးမင်းကြည်-ဒေါ်သင်းသင်းအေး၊ ဒေါ်စုစုကြည်-ဦးမြတ်မင်းနွယ်တို့၏ဖခင်၊ နော်ငြိမ်းချမ်းဦးကြည်၊ မောင်ကြည်သန့်ကိုကို၊ မောင်ထင်ကျော်ဦး၊ Grace စုမြတ်မင်းနွယ်၊ ကြည်သွင်ကိုကို၊ Joy စုခိုင်မင်းနွယ်၊ လင်းအိန္ဒြာသော်၊ Gloria စုကြည်မင်းနွယ်၊ လင်းခန့်မင်းအောင်တို့၏ချစ်လှစွာသောအဘိုးသည် ၂၅-၁၀-၂၀၁၄ ရက် နံနက် ၁၀း၄၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့်၂၇-၁၀-၂၀၁၄ရက် နံနက် ၉နာရီတွင် ဂိဏ်းပေါင်းစုံ ရေဝေးခရစ်ယာန်သုသာန်၌ ဝတ်ပြု၍ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။(မောန္တေလနှစ်ခြင်းခရစ်ယာန်ဘုရားကျောင်းရှေ့မှကားများ နံနက် ၇း၃၀နာရီနှင့် နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ရင်ရင်မြင့်(ကြည့်မြင်တိုင်)

**အသက်(၆၂)နှစ်**

ရန်ကုန်မြို့နေ(ဦးရွှေ-ဒေါ်သိန်းလှိုင်)၊ (ဦးစံလှိုင်)-ဒေါ်လှမြိုင်၊ (ဦးခင်မောင်)-ဒေါ်စိန်မြိုင်၊ (ဒေါ်ရင်မြိုင်)၊ (ဒုရဲမှူး မြစိန်) - ဒေါ်လှလှကြည်၊ ဗိုလ်မှူးကြီးအောင်သန်း(ငြိမ်း)-ဒေါ်ခင်ထွေးတို့၏တူမ၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်နေ (ဦးကျော်ရှိန်)-ဒေါ်အေးရီတို့၏သမီးကြီး၊ (ဦးထွန်းညဏ်-ဒေါ်မြမေ)တို့၏သမီးချွေးမ၊ဦးမာဏိတ(ခ)ဦးမြင့်ဆွေ၊ ဦးသန်းဝင်း-(ဒေါ်ခင်ခင်မြင့်)၊ ဦးသန်းဆွေ(Fitter)-နော်ထိုက်စုသင်း(သူနာပြု၊ စင်ကာပူ)တို့၏အစ်မ၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ရတနာမြိုင်အိမ်ရာ၊ တိုက် ၁၊ အခန်း ၅၀၄နေ ဦးမျိုးညွှန့်(အင်ဂျင်နီယာ၊ ဆောက်လုပ်ရေးကော်ပိုရေးရှင်း၊ ငြိမ်း)၏ဇနီး၊ မောင်မျိုးဇော်(J/E Bay Point Shipping)၊ မောင်အောင်ဟိန်းထက်[E/Cated (LAWUNPYAYT)] တို့၏မိခင်သည် ၂၄-၁၀-၂၀၁၄ရက် (သောကြာနေ့) နံနက် ၆း၄၅နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၁၀-၂၀၁၄ရက်(အင်္ဂါနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်စန်းမြ (ဖျာပုံ-ကျုံကဒွန်း)

**အသက်(၇၃)နှစ်**

ဖျာပုံမြို့နယ်၊ ကျုံကဒွန်းကျေးရွာနေ (ဦးလှမောင်-ဒေါ်ထွေးတင်)တို့၏သမီးကြီး၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောကျောင်းလမ်း၊ အမှတ် ၂၅၊ သုံးလွှာနေ(ဦးသိန်းလွင်)၏ဇနီး၊ကိုစန်းထွဋ်လွင်၊ ကိုသန်းထွဋ်-မနှင်းလဲ့လဲ့ဝင်း၊ ကိုဝင်းထွဋ်-မဇာခြည်မြင့်အောင်၊ ကိုမျိုးအေးထွဋ်၊ မဇင်မာမျိုးလွင်တို့၏မိခင်၊ မောင်မော်ကွန်းသစ်(Grade-6, TTC ၊ လှိုင်)၊ မောင်ဘုန်းလကျာ်စံ (အမက-၁၂၊စမ်းချောင်း)၊မောင်အောင်ဘုန်းရှန်တို့၏အဘွားသည် ၂၄-၁၀-၂၀၁၄ရက် (သောကြာနေ့) ည ၁၁း၃၀ နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၁၀-၂၀၁၄ရက် (တနင်္ဂနွေနေ့)ညနေ ၃နာရီတွင်ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအကြောင်းကြားပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၃၀-၁၀-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးတင်အေး(ခ)ဦးဘိုနီ

**ကုန်သွယ်/လယ်ယာ(ငြိမ်း)**

**အသက်(၆၇)နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၄၆လမ်း၊ အမှတ် ၁၅၂၊ ငါးလွှာနေ (ဦးအုန်းဖေ-ဒေါ်တင်ညွန့်)တို့၏သားထွေး၊(ဦးဘရှင်-ဒေါ်မြအေး)တို့၏သားသမက်၊ ဒေါ်မြသွေး၏ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာသူရိန်ဝင်းနိုင်(အရိုးအထူးကု၊ ကြည့်မြင်တိုင် အရိုးဆေးရုံကြီး)-ဒေါက်တာအေးမြသူ (ကထိက၊ အဏုဇီဝဗေဒဌာန၊ ဆေးတက္ကသိုလ်-၂)၊ကိုကျော်စွာမြင့်(ခေတ္တ-စင်ကာပူ)-မနှင်းနွယ်မိုး (SPA groups of Company)တို့၏ဖခင်၊ (ဦးသန်းအေး-ဒေါ်တင်မြင့်)၊ဒေါ်ရင်ကြည်၊ (ဦးမောင်မောင်မြင့်)-ဒေါ်သန်းချို၊ ဦးလှမြင့်-ဒေါ်နန်းခမ်းထွေးတို့၏ညီ/မောင်၊(ဦးမြသိန်း-ဒေါ်စိုးမြင့်)၊ ဦးအောင်ကျော်မြ (ဒုညွှန်ချုပ်၊ ငြိမ်း) - (ဒေါ်အုန်းမြင့်) တို့၏ညီ/မောင်၊ ဒေါ်သင်းသင်းဌေး၏အစ်ကိုသည် ၂၅-၁၀-၂၀၁၄ရက်(စနေနေ့) နံနက် ၄း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁၀-၂၀၁၄ရက် (တနင်္လာနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (၄၆လမ်း နေအိမ်မှကားများ မွန်းလွဲ ၁၂း၁၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးစိန်(ခ)ဦးတန်ဝေစင်း

**အသက်(၁၀၀)**

ရန်ကုန်မြို့၊လှိုင်မြို့နယ်၊ (၁)ရပ်ကွက်၊ အောင်သစ္စာလမ်း၊ အမှတ် ၃၁-A နေ (ဒေါ်ကျင်မြိုင်)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်တင်တင်ဝင်း၊ ဒေါ်ထွေး၊ ဦးဌေးဝင်း-ဒေါ်အေးအေးမြင့် (ရွှေမြင်းပျံပွဲရုံ၊ ဘုရင့်နောင်)၊ ဦးမောင်မောင်-ဒေါ်မြင့်မြင့် (ရွှေစုံအိမ် ရတနာရွှေဆိုင်၊ လှိုင်ဈေးကြီး)တို့၏ဖခင်၊ ဒေါက်တာဝင်းကျော်သူ၊ မောင်ကျော်ထက်အောင်၊ မချောစုစုဟန်၊ မောင်ခန့်ထက်မောင်၊ မဝတ်ရည်မောင်တို့၏ အဘိုးသည် ၂၄-၁၀-၂၀၁၄ရက် (သောကြာနေ့) ည ၁၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၂၆-၁၀-၂၀၁၄ရက် (တနင်္ဂနွေနေ့)နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၃၀-၁၀-၂၀၁၄ရက် (ကြာသပတေးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ခင်ညွန့် (ဘန့်ဘွေးကုန်)

**အင်းစိန်(မြို့သစ်)**

**အသက်(၈၂)နှစ်**

မွန်ပြည်နယ်၊ အပေါင်မြို့နယ်၊ ဘန့်ဘွေးကုန်ကျေးရွာနေ (ဦးစံညွှင်း-ဒေါ်လုံးတင်)တို့၏သမီး၊ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြို့သစ် (က+ခ)ရပ်ကွက်၊ (က-၇)လမ်းနေ ဦးဘိုခ်ျွန်း၏ဇနီး၊ ဦးအောင်ဘွား၊ ဗိုလ်ကြီးမြမြထွန်း(ငြိမ်း) မင်္ဂလာဒုံစစ်ဆေးရုံကြီး၊ ဗိုလ်ကြီးအောင်ဝင်း(ငြိမ်း) အထွေထွေမန်နေဂျာ(ငြိမ်း)၊ စက်မှု-(၁)-ဒေါ်စန်းစန်းမြင့်၊ ဦးဝင်းမြင့်မောင်-ဒေါ်ခင်မြမူ၊ ဦးတင်လင်း-ဒေါ်ယဉ်ယဉ်မြင့်တို့၏မိခင်ကြီး၊ မောင်တင်အောင်မိုး-မဇာဇာယုမွန် (ရန်ကုန်မြို့တော် စည်ပင်)၊ ဗိုလ်ကြီးကျော်သူအောင်-မအိမ်စည်၊ မဇင်ဇင်သူ၊ မမေပွင့်သူတို့၏အဘွားသည် ၂၄-၁၀-၂၀၁၄ရက်(သောကြာနေ့) နံနက် ၅း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

**ရဟန်းဒါယကာကြီး**

## ဦးတင်ဖေ

**လက်ထောက်မန်နေဂျာ**
**တော်ဝင်မိသားစုကုမ္ပဏီ(ဝါးတရာ)**
**အသက်(၆၉)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း(၁)ရပ်ကွက်၊ သမိုင်းမြို့ဟောင်း ၆လမ်း၊ အမှတ် ၆၄၈၊ ငါးလွှာ Aနှင့် မော်လမြိုင်မြို့၊ဘီလူးကျွန်း၊ကမာကေးကျေးရွာနေ (ဦးဝင်း-ဒေါ်မယ်လွှား)တို့၏သား၊ (ဦးရှိန်-ဒေါ်ငွေဖြူ)တို့၏ သားသမက်၊ ဒေါ်ထွေးယဉ်၏ခင်ပွန်း၊ (ဦးအုန်းထွန်း-ဒေါ်အေး)၊ (ဦးထွန်းလွင်)-ဒေါ်အေးသန်းတို့၏ ညီ/မောင်၊ ဦးဇော်ဝမ်း - ဒေါ်နီနီခိုင်(ခ)ဒေါ်ခင်မာချို၊ ဦးကံထူး - ဒေါ်ယဉ်မင်းအေး၊ ဦးကျော်ဇင်သန့် - ဒေါ်တင်စုလှိုင်တို့၏ ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၂၄-၁၀-၂၀၁၄ရက် (သောကြာနေ့) ညနေ ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၁၀-၂၀၁၄ရက် ညနေ ၄နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ၂း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးသိန်းဆု

**ဒုတိယဦးစီးမှူး(မြို့ပြ)**
**ဆည်မြောင်းဦးစီးဌာန**
**အသက်(၅၀)**

မော်လမြိုင်မြို့၊ ရိုးဂိုးရွာသစ်၊ ရွာအလယ်ပိုင်း၊ အမှတ် ၃၆၂နေ(ဦးစံအုန်း)-ဒေါ်ပန်းစိန်တို့၏ အငှမြောက်သား၊ မော်လမြိုင်မြို့၊ ကော့ခမယ်ကျေးရွာ၊ ကော့ခပိုရပ်ကွက်၊ အမှတ် ၅၈နေ ဦးသိန်းညွှန့်-ဒေါ်အေးမြင့် (အငြိမ်းစားဆရာမ)တို့၏သားသမက်၊ ဒေါ်မာမာစိန်(လ/ထ ကထိက၊ မြို့ပြနည်းပညာတက္ကသိုလ်၊ မော်လမြိုင်)၏ချစ်လှစွာသောခင်ပွန်း၊ မအိမြတ်သူ၊ မောင်ဘိုဘိုဟိဏ်းတို့၏ ချစ်လှစွာသောဖခင်သည် ၁၉-၁၀-၂၀၁၄ရက် ညနေ ၄း၃၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၀-၁၀-၂၀၁၄ရက်တွင် ရိုးဂိုး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

နာရေးကိစ္စ လိုက်ပါပို့ဆောင်ကြသူများနှင့် အစစအရာရာ လိုလေသေးမရှိအောင် ကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ကျေးဇူးအထူးပင်တင်ရှိပါသည်။ ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

## ဦးအောင်သင်း

**အမျိုးသားစာပေ တစ်သက်တာဆုရှင် (၂၀၁၂ ခုနှစ်)**

**အသက်(၈၈)နှစ်**

စာရေးဆရာကြီး ဦးအောင်သင်း (ကလောင်အမည် အောင်သင်း)သည် ၂၅-၁၀-၂၀၁၄ရက် နံနက် ၁၁နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း-ဇနီး ဒေါ်ကြည်ကြည်ဝင်းမိသားစု**
**သမဝါယမဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

## ဦးအောင်သင်း

**အမျိုးသားစာပေ တစ်သက်တာဆုရှင် (၂၀၁၂ခုနှစ်)**

**အသက်(၈၈)နှစ်**

စာရေးဆရာကြီး ဦးအောင်သင်း (ကလောင်အမည် အောင်သင်း)သည် ၂၅-၁၀-၂၀၁၄ရက် နံနက် ၁၁နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်၊ ဒုတိယဝန်ကြီးနှင့်ဝန်ထမ်းမိသားစုများ**
**ပြန်ကြားရေးဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

## ဦးအောင်သင်း

**အမျိုးသားစာပေ တစ်သက်တာဆုရှင် (၂၀၁၂ခုနှစ်)**

**အသက်(၈၈)နှစ်**

စာရေးဆရာကြီး ဦးအောင်သင်း (ကလောင်အမည် အောင်သင်း)သည် ၂၅-၁၀-၂၀၁၄ရက် နံနက် ၁၁နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းနှင့်ဇနီး ဒေါ်ဆွေဆွေချစ်**
**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးငွေစိုး(ဟင်္သာတ) မော်ကွန်းဝင်(တတိယဆင့်)

**ကော်မတီအဖွဲ့ဝင်(ငြိမ်း)၊ ကုန်သွယ်ရေး(၁)**
**မြို့မကျောင်းသားဟောင်း၊ ဟင်္သာတအသင်းနာယကကြီး**
**အသက်(၉၁)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ် ၅၉၇နေ (မဟာသီရိသုဓမ္မ ဟင်္သာတဦးမြ-ဒေါ်ဒေါ်ပု)တို့၏သားကြီး၊ (ဦးမာတင်-ဒေါ်အေးမေ)တို့၏သားသမက်၊ ဒေါ်တင်ရွှေ၏ချစ်လှစွာသောခင်ပွန်း၊ ဦးအေးဝင်း-ဒေါ်သင်းနွယ်စိုး၊ ဦးစိုးလှိုင်-ဒေါ်ယဉ်ယဉ်ဌေး၊ ဒေါ်ဖြူသွယ်စိုး၊ဒေါ်သီတာစိုး (Panasonic-Advance Vision)၊ ဦးမြင့်စိန်-ဒေါ်မြတ်မြတ်စိုး၊ ဒေါက်တာတင်ငယ်စိုး(MANA/UNFPA)တို့၏ဖခင်၊ မောင်ဖြိုးသူဝင်း(CGM)၊ မောင်ပြည့်ဖြိုးဦး-မအိဖြိုးကျော်၊ မောင်ညီဇော်ထက်၊ မောင်အောင်မြင့်စိုးတို့၏အဘိုး၊ မောင်အောင်ကျော်ဖြိုး၏ဘိုးဘိုးကြီးသည် ၂၄-၁၀-၂၀၁၄ရက် (ကြာသပတေးနေ့)ည ၇း၀၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၁၀-၂၀၁၄ရက်(တနင်္ဂနွေနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးငွေစိုး(ဟင်္သာတ) မော်ကွန်းဝင်(တတိယဆင့်)

**ကော်မတီအဖွဲ့ဝင်(ငြိမ်း)၊ ကုန်သွယ်ရေး(၁)**
**မြို့မကျောင်းသားဟောင်း၊ ဟင်္သာတအသင်းနာယကကြီး**
**အသက်(၉၁)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ် ၅၉၇နေ (မဟာသီရိသုဓမ္မ ဟင်္သာတဦးမြ-ဒေါ်ဒေါ်ပု)တို့၏သားကြီး၊ (ဦးမာတင်-ဒေါ်အေးမေ)တို့၏သားသမက်၊ ဦးဘိုးသာ-ဒေါ်စိန်လှ၊ ဦးထွန်းအေး-(ဒေါ်ခင်ဝေစိုး)၊ ဒေါ်မြသွင်၊ ဒေါ်လှမြင့်၊ (ဦးထွန်းအောင်ကျော်)-ဒေါ်ကြည်ကြည်စိန်၊ (ဦးသာထွန်း)-ဒေါ်သန်းရီ၊ (ဦးအောင်ဇေယျ-ဒေါ်သိန်းဟန်)၊ (ဦးသိုက်ထွေးမြ-ဒေါ်မြင့်မြင့်)တို့၏အစ်ကိုကြီး၊ ဒေါ်တင်ရွှေ၏ခင်ပွန်းသည် ၂၄-၁၀-၂၀၁၄ရက် (ကြာသပတေးနေ့) ည ၇း၀၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၁၀-၂၀၁၄ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူ ညီ၊ ညီမများ

## မောင်ရဲလွင်

**(ပထမနှစ်၊ Civil**
**နည်းပညာတက္ကသိုလ်၊ မှော်ဘီ)**
**အသက်(၁၉)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၄၈)ရပ်ကွက်၊ ပီမိုးနင်း ၁ လမ်း၊ အမှတ် ၃၆၈နေ ဦးအုန်းတင်-ဒေါ်မှုံစီတို့၏သား၊ဦးဇော်နိုင်ဦး(ဒု-အကောက်ခွန်မှူး)-ဒေါ်နှင်းယုဝေ(အကောက်ခွန်မှူး)၊ ဗိုလ်ကြီးအောင်မျိုးဦး - ဒေါ်စုစုစံတို့၏ ညီ/မောင်ငယ်၊ မောင်ကောင်းဘုန်းထက်ကျော်၏လေးလေးသည် ၂၅-၁၀-၂၀၁၄ရက်(စနေနေ့)နံနက် ၃နာရီတွင် မဟာမြိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၁၀-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၃၁-၁၀-၂၀၁၄ရက် (သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်အေးမိ(ခ)ဒေါ်ရီ

**အသက်(၇၇)နှစ်**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အမှတ် ၄၀၊ လမ်း ၃၀၊ ၇၁×၇၂လမ်းကြား၊ မြဇီးကွက်အထည်ဆိုင်(ဦးခင်-ဒေါ်ညွန့်မေ)တို့၏သမီး၊ ရန်မျိုးလုံရပ်နေ ဦးကြွယ်ဌေး-ဒေါ်သန်းနု၊ နေပြည်တော်နေ ဦးလှဝေ(လ/ထညွှန်ကြားရေးမှူး၊ စီးပွား/ကူးသန်းဝန်ကြီးဌာန)-ဒေါ်ညိုညိုစိုး၊ မန္တလေးမြို့နေ ဦးသိန်းမြင့်ဦး-ဒေါ်မြမြအေး(မြဇီးကွက် အထည်ဆိုင်)၊ ဦးအောင်ကျော်မိုး-ဒေါ်ဝင်းလဲ့ဖြူ၊ ဦးအောင်အောင် B.E (Civil), (AKM)(ဆောက်လုပ်ရေး)-ဒေါ်ရွှေရွှေဝင်းတို့၏မိခင်၊ မြေးရှစ်ယောက်၊ မြစ်သုံးယောက်တို့၏အဘွား၊ (ဦးအောင်မြင့်)၏ဇနီးသည် ၂၄-၁၀-၂၀၁၄ရက် (သောကြာနေ့) ညနေ ၃း၂၇နာရီတွင် ကွယ်လွန်သွားပါ၍ ၂၆-၁၀-၂၀၁၄ ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် လမ်း၃၀၊မြဇီးကွက်အထည်ဆိုင်နေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု




သီတဂူအပြည်ပြည်ဆိုင်ရာ ဝိပဿနာကမ္မဋ္ဌာန်းဌာနကို တွေ့ရစဉ်။

# သီတဂူအပြည်ပြည်ဆိုင်ရာ ဝိပဿနာတက္ကသိုလ်တည်ဆောက်မှု ၆၀ ရာနှုန်းပြီးစီး

**မန္တလေး အောက်တိုဘာ ၂၅**

**သတင်း-ဇင်ဦး(မြန်မာ့အလင်း)၊ ဓာတ်ပုံ-အောင်ပိုင်**

သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ ဦးစီးနာယကပြုလျက် စစ်ကိုင်းတောင်ရိုး သောတာပန်ကျေးရွာအနီး ဥမင်သုံးဆယ်ဘုရားနှင့် တောင်ဖီလာစေတီတော်အကြားတွင် တည်ဆောက်နေသော သီတဂူအပြည်ပြည်ဆိုင်ရာ ဝိပဿနာတက္ကသိုလ်တည်ဆောက်လျက်ရှိရာ ယခုအခါ ၆၀ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်သည်။

သီတဂူအပြည်ပြည်ဆိုင်ရာ ဝိပဿနာတက္ကသိုလ်ကြီးအား နိုင်ငံတကာမှ ဗုဒ္ဓဘာသာကို လာရောက်လေ့လာလိုသူများ၊ ဝိပဿနာတရားအားထုတ်လိုသူများ အေးချမ်းသာယာစွာ တရားဘာဝနာအားထုတ်လေ့လာနိုင်စေရေး၊ ဓမ္မာစရိယ တန်းပေါက်မြောက်ပြီး လမ်းပျောက်နေသော ရဟန်းပညာရှိ၊ လူပညာရှိများအတွက် စိတ်ဓာတ်နှင့် အသိပညာတိုးမြှင့်ပေးနိုင်ရေး၊ ပျောက်ကွယ်ပျက်စီး သွားသည့် ဓမ္မတက္ကသိုလ်များနေရာတွင် အစားထိုးနိုင်ရေးနှင့် အဓိကအချက်ဖြစ်သော နိုင်ငံရပ်ခြားမှ ဘာသာရေးကောလိပ်များ၊ တက္ကသိုလ်များနှင့် ရင်ပေါင်တန်း ပခုံးချင်းယှဉ်နိုင်ပြီး တိုင်းသူပြည်သားများနှင့် ကမ္ဘာသူ၊ ကမ္ဘာသားများ၏ ဘာသာရေးအသိပညာဆိုင်ရာ နှလုံးသားလိုအပ်ချက်ကို

စာမျက်နှာ ၃ ကော်လံ ၅ ❖

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ မြို့ ၂၄ မြို့ ရေရရှိရေးဆောင်ရွက်မည်

**နေပြည်တော် အောက်တိုဘာ ၂၅**

**သတင်း-ဇူလိုင်မိုး(မြန်မာ့အလင်း)**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် ဂျပန်နိုင်ငံမှ ODA Loan ချေးငွေအစီအစဉ်ဖြင့် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်း ၂၄ မြို့နယ်တွင် မြို့ပြရေရရှိရေးလုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်သည်။

"ကနဦးဖြစ်နိုင်ခြေဆန်းစစ်မှုအရ မြို့နယ်ပေါင်း ၃၀ ကို မြို့ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ဖို့ ကွင်းဆင်းလေ့လာခဲ့ပါတယ်။ မူလစီမံကိန်းမှာ ပါဝင်ပြီး မိုးနည်းရပ်ဝန်းဖြစ်တဲ့ မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ကျောက်ပန်းတောင်း၊ ညောင်ဦး၊ မိတ္ထီလာနဲ့ ရမည်းသင်းမြို့ မြို့ရေပေးရေးလုပ်ငန်းတို့ဟာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်းမှာ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေများနဲ့ အကောင်အထည်ဖော် ဆောင်ရွက်ပြီးဖြစ်ပါတယ်။ ကယားပြည်နယ်၊ လွိုင်ကော်မြို့ ရေပေးရေးလုပ်ငန်းဟာလည်း ထိုနည်းတူဖြစ်ပြီး တနင်္သာရီတိုင်း မြို့ရေပေးရေးလုပ်ငန်းကိုလည်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုအစိုးရခွင့်ပြုတဲ့ ဝန်ကြီးဌာန ရန်ပုံငွေနဲ့ လုပ်ငန်းဆောင်ရွက်ပြီး ဖြစ်ပါတယ်။ အဲဒါကြောင့် မူလစီမံကိန်း ၃၀ မှ ကျန် ၂၄ မြို့နယ်ကို ရွေးချယ်လိုက်ခြင်းဖြစ်ပါတယ်။ ယခု စီမံကိန်းထဲမှ တောင်ကြီးနဲ့ကလော မြို့ နယ်နှစ်ခုကို စတင်ဆောင်ရွက်ဖို့ ရှေ့ပြေးစီမံကိန်းအနေနဲ့ လျာထားသတ်မှတ်ခဲ့ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ စီမံကိန်းအတွက် လိုအပ်တဲ့ ပိုက်နဲ့ ပိုက်ဆက်ပစ္စည်းများ၊ ပန့်နှင့် ဆက်စပ်ပစ္စည်းတွေကို အိတ်ဖွင့်တင်ဒါခေါ်ယူဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်" ဟု မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရေပေးရေးနှင့် ကျန်းမာသန့်ရှင်းရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူအောင်က ပြောကြားသည်။

" မြို့ရေပေးရေးပုံစံဒီဇိုင်းများ၊ တွက်ချက်မှုများ၊ ရေသန့်စင်မှုစနစ်များ၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ထိခိုက်နိုင်မှုများ၊ ရေရရှိနိုင်မည့် အခြေအနေများကို အသေးစိတ်တွက်ချက်တိုင်းတာပြီး ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှစ၍ စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည် "

မြို့ရေပေးရေး စီမံကိန်းအတွက် မြို့နယ်ပေါင်း၂၄ မြို့နယ်ကို

စာမျက်နှာ ၃ ကော်လံ ၁ ❋

# အလင်းရောင်ဆီသို့ ချီတက်ကြသူများ

**သတင်းဆောင်းပါး-ခင်ရတနာ(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မေဦးမိုး**

"မီးအိမ်တစ်ခုရှိပါတယ်။ အဲဒီကိုရောက်ဖို့ သားတို့သွားရတာ။ လမ်းမှာ လက်ဆောင်တွေလည်း ရှိတယ်။ ဒါပေမယ့် တခြားဘာတွေရှိသေးလဲတော့ သားလည်း သေချာမသိဘူး။ ကြောက်လည်း ကြောက်တယ်။ စိတ်လှုပ်ရှားသလားဆိုတော့ ဟုတ်မယ်ထင်တယ်။ ပျော်တာတော့အမှန်ပဲ" ဟု အဝါရောင်တောက်တောက် အင်္ကျီကလေးနှင့် လက်သည်းကလေးကိုက်ခါ ပြန်ပြောနေသော မွန်ကလေးဆိုသည့် ကလေးငယ်တစ်ဦးကို အောက်တိုဘာ ၂၅ ရက်က မြင်တွေ့ခဲ့ရသည်။

"စုပြီး ကားကြီးနဲ့သွားရတာရော၊ ကစားချင်တိုင်း ကစားလို့ရတာပါ အားလုံးပျော်စရာကောင်းတယ်။ နေ့တိုင်း လာခေါ်ပြီးပွဲ လုပ်ပေးရင်ကောင်းမှာပေါ့" ဟု မြင်သာမြို့ဦး ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ အသက် ၉ နှစ်အရွယ် မွန်ကလေးက ဆက်လက်ပြောပြသည်။

ရန်ကုန်မြို့ရှိ ပရဟိတကျောင်းများမှ ကလေးငယ် ၂၀၀ တို့အတွက် ပျော်စရာကောင်းလှသည့် နေ့တစ်နေ့၏ အတွေ့အကြုံများကို အောက်တိုဘာ ၂၄ ရက်က ဒဂုံစီးတီး(၁)အရှေ့ပန်းခြံအတွင်း၌ ကျင်းပခဲ့သည့် ပျော်ပွဲရွှင်ပွဲ၌ ကြုံခဲ့ကြရခြင်းဖြစ်သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ရွှေဂုံတိုင် ကလေးပြုစုရေးဌာန၊ မြင်သာမြို့ဦး ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာတို့မှ ကလေးငယ် ၂၀၀ တို့အဖို့ ကြုံတောင့်ကြုံခဲ ပျော်ပွဲရွှင်ပွဲနှင့် နိဗ္ဗာန်ဈေးပွဲကို တက်ရောက်ချီးမြှင့်ခွင့်ရခဲ့ခြင်းလည်း ဖြစ်သည်။

"Marga Landmark အနေနဲ့ နေထိုင်မှုအဆင့်မြင့်မားစေဖို့ အိမ်ရာဖော်ထုတ်သလို မြန်မာ့လူနေမှုစနစ်တွေ၊ အသိုင်းအဝိုင်းတစ်ခုလုံး ညီတူမျှတူ တိုးတက်လာစေမှုတွေကိုလည်း ဆက်တိုက်ဖော်ထုတ်သွားမှာဖြစ်ပါတယ်။ မိဘမဲ့ကလေးတွေဟာ အနာဂတ်မြန်မာနိုင်ငံရဲ့ သွေးသားရင်းတွေပါ။ သူတို့ရဲ့ မိဘက နိုင်ငံတော်ဖြစ်ပြီး မြန်မာတိုင်းကလည်း သူတို့ရဲ့ ဆွေမျိုးတွေဖြစ်တာကို သဘောပေါက်စေဖို့ သူတို့ပျော်ရွှင်စွာ ကြီးစားကြဖို့ အားလုံးမှာ တာဝန်ရှိသလို ကျွန်တော်တို့ နိုင်ငံရပ်ခြားက ရင်းနှီးမြှုပ်နှံသူတွေအနေနဲ့လည်း အထူးအာရုံစိုက်ရမယ်ဆိုတာ နားလည်မိလို့ အခုလို စီစဉ်တာဖြစ်ပါတယ်။ ကလေးတွေအတွက် သင်ထောက်ကူ စာရေးကိရိယာတွေကို လှူပေးတယ်။ အသုံးအဆောင်တွေ ပေးဝေတယ်။ အမေရိကန် ဒေါ်လာ ၅၀၀၀ ကနေ အစပြုပြီး လှူဖြစ်တယ်။ လာပြီးလှူဒါန်းကြသူတွေလည်း အများကြီးရှိတယ်" ဟု Marga Landmark ၏ အမှုဆောင်အရာရှိချုပ် မစ္စတာဂျွန်က ပြောသည်။

စာမျက်နှာ ၉ ကော်လံ ၁ ▲



# မြန်မာနိုင်ငံတွင် တတိယအကြီးဆုံးသစ်ဆွေးမြေ(Peat Land)မြန်အောင်မြို့နယ်မှထူအင်း ထိန်းသိမ်းရမည့်ကမ္ဘာ့စာရင်းတွင်ပါဝင်

စာမျက်နှာ ➤ ၈




R/488 ဖြင့် မြန်မာ့အလင်းသတင်းစာတိုက်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ... ထုတ်ဝေသည်။
မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေရာကောင်းကောင်းတွင် အဆင့်မြင့်မြင့်နေထိုင်လိုသူများအတွက် လှတ်တော်ဝင်းအနီး အလုံလမ်းမကြီးပေါ်မှာ

# တော်ဝင်မိသားစုကုမ္ပဏီက တည်ဆောက်သည့်

# Orchid Condominium

Fully Furnished

အခန်း(၂၀)ကို

အထူးဈေးနှုန်းဖြင့်

ရောင်းချနေပါပြီ။



အရောင်းစင်တာ

တော်ဝင်စင်တာ၊

တတိယထပ်၊

အခန်း (၄၀၀၁)

အမှတ်(၄၅)၊ ပြည်လမ်း၊

ဒဂုံမြို့နယ်၊ ရန်ကုန်။